# ရတနာပုံ

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

yadanarbonnews.com

၁၃၈၅ ခုနှစ် ၊ သီတင်းကျွတ်လပြည့်ကျော် (၃) ရက် ၊ ဗုဒ္ဓဟူးနေ့ ၊ (1-11-2023) ၊ အတွဲ (၃၂) ၊ အမှတ် (၁၈၅)


ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် (၂၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြား






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် (၂၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

**နေပြည်တော် အောက်တိုဘာ ၃၁**

(၂၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန-၂(MICC–II)ညီလာခံခန်းမ၌ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားသည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ ဇနီး ဒေါ်ကြူကြူလှ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်၏ ဇနီး ဒေါ်သန်းသန်းနွယ်၊ ကောင်စီတွဲဖက်အတွင်းရေးမှူးနှင့် ဇနီး၊ ကောင်စီဝင်များနှင့်ဇနီးများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ပြည်ထောင်စုဝန်ကြီးများ၊နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီ၊ လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီတို့မှ ကော်မတီဝင်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးများ၊ အကဲဖြတ်ပညာရှင်ကြီးများ၊ ကြီးကြပ်အုပ်ချုပ်သူများ၊ နည်းပြများ၊

**စာမျက်နှာ ၁၆ ကော်လံ ၁ ⇨**




ရတနာပုံ
၂၀၁၃ ခုနှစ် နိုဝင်ဘာ ၁ ရက်
အယ်ဒီတာ့အာဘော်

# စာရိတ္တနှင့် လူမှုဘဝ

လူ့လောက၌ ဘာသာတရားများစွာရှိပေသည်။ လူသားတို့ယုံကြည်ကိုးကွယ်သော ဘာသာတရားများ မည်သို့ပင်ကွဲပြားခြားနားစေကာမူ စာရိတ္တကောင်းမွန်သူဖြစ်ရန်မှာ အရေးကြီးလှပေသည်။ ထို့ကြောင့် လူတစ်ယောက်ကို ပေါင်းသင်းဆက်ဆံပြောဆိုရာတွင် ထိုသူ၏ပစ္စည်းဥစ္စာ၊ ဘာသာတရားခြားနားမှုကိုမကြည့်ဘဲ စာရိတ္တကောင်းမွန်မှုကိုကြည့်၍ ပေါင်းသင်းဆက်ဆံကြရမည်ဖြစ်ပေသည်။

ထို့ပြင် လူ့အဖွဲ့အစည်းအတွင်း ရှင်သန်ကျင်လည်ကြရာတွင်လည်း လူတစ်ယောက်ကို တန်ဖိုးဖြတ်နိုင်သောအချက်မှာ စာရိတ္တဖြစ်သည်။ စာရိတ္တသည် လူမှုဘဝတစ်ခုကို ပြုပြင်ဖန်တီးနိုင်သည်။ ဆိုလိုသည်မှာ စာရိတ္တကောင်းမွန်သောသူများ၏ လူမှုဘဝများသည် မျှော်လင့်ချက်ပြည့်ဝ၍ ကောင်းမွန်သောအလားအလာကောင်းများကို ရရှိနိုင်ပေသည်။

ထိုသို့မဟုတ်ဘဲ စာရိတ္တချွတ်ယွင်းအားနည်းနေပါက ထိုသူသည် လူမှုဘဝ၏ စစ်မှန်သောအနှစ်သာရနှင့် ဝေးကွာသွားတတ်ပြီး အချိန်မီမပြုပြင်နိုင်ပါက အလားအလာကောင်းများကို လက်လွတ်ဆုံးရှုံးသွားရတတ်ခြင်း၊ လူ့အဖွဲ့အစည်း၏ ဖယ်ကြဉ်ခြင်းတို့ကို ကြုံတွေ့ခံစားရတတ်ပေသည်။

စာရိတ္တသည် ငွေကြေးချမ်းသာကြွယ်ဝခြင်းမဟုတ်။ သို့ရာတွင် ငွေကြေးချမ်းသာကြွယ်ဝသူကို ပို၍ရိုသေလေးစားစေနိုင်သည်။ စာရိတ္တသည် ပညာရပ်များကျွမ်းကျင်တတ်မြောက်ခြင်းမဟုတ်။ သို့ရာတွင် ပညာရပ်များ ကျွမ်းကျင်တတ်မြောက်သူကို ပို၍အရည်အသွေးပြည့်ဝစေနိုင်သည်။ စာရိတ္တသည် အခွင့်အရေးများခြင်းမဟုတ်။ သို့ရာတွင် အခွင့်အရေးများသောသူကို ပို၍နှစ်လိုဖွယ်ဖြစ်စေနိုင်သည်။

လူ့အဖွဲ့အစည်းအတွင်း ရှင်သန်ကျင်လည်ကြရာတွင် ကောင်းမွန်သောစာရိတ္တလွှမ်းမိုးပါက လူမှုဘဝများတွင် အပြန်အလှန်နားလည်မှု၊ စာနာထောက်ထားမှုနှင့် ဖေးမကူညီမှုတို့ များလာနိုင်ပေသည်။ ထိုသို့မဟုတ်ဘဲ လူ့အဖွဲ့အစည်းအတွင်း ရှင်သန်ကျင်လည်ကြရာတွင် ဖောက်ပြန်သော၊ မကောင်းသောစာရိတ္တလွှမ်းမိုးပါက ငဲ့ကွက်သက်ညှာမှုမရှိခြင်း၊ စာနာထောက်ထားမှုကင်းမဲ့ခြင်းတို့ ပေါ်ပေါက်လာနိုင်ပေသည်။ လူ့အဖွဲ့အစည်းဟူသည် စာရိတ္တကောင်းသူ၊ စာရိတ္တမကောင်းသူတို့ ရောပြွမ်းနေကြသောကြောင့် လူ့အဖွဲ့အစည်း၏ နိမ့်မြင့်တက်ကျတွင် စာရိတ္တက အဘယ်မျှအရေးပါသည်ကို ထောက်ချင့်သိနိုင်ပေသည်။

ထို့ကြောင့် လူတစ်ဦးတစ်ယောက်ချင်းစီ၏ စာရိတ္တကို ထိုသူ၏ကြံစည်တွေးတောမှု၊ ဖွင့်ဟပြောဆိုမှု၊ လုပ်ကိုင်ဆောင်ရွက်မှုတို့ကိုကြည့်၍ လေ့လာအကဲဖြတ်နိုင်သကဲ့သို့ လူတစ်ဦးတစ်ယောက်ချင်းစီသည် မိမိ၏စိတ်ကူးကြံစည်တွေးတောပုံ၊ နှုတ်မှဖွင့်ဟပြောဆိုပုံနှင့် လက်တွေ့လုပ်ကိုင်ဆောင်ရွက်ပုံတို့ကို မပြတ်သောသတိဖြင့် ထိန်းကွပ်ဆောင်ရွက်ခြင်းဖြင့် စာရိတ္တကောင်းမွန်သူအဖြစ်သို့ ရောက်ရှိနိုင်ပေသည်။

စာရိတ္တသည် လူတစ်ယောက်ကို တန်ဖိုးဖြတ်နိုင်သည်။ အဘယ်ကြောင့်ဆိုသော် စာရိတ္တကောင်းသူကို လူ့အဖွဲ့အစည်းတစ်ရပ်လုံးက ယုံကြည်ပြီး အလိုရှိသောကြောင့်ဖြစ်သည်။ စာရိတ္တသည် ဝန်ထမ်းကောင်း၊ အလုပ်သမားကောင်းမှအစ ဦးဆောင်သူကောင်းလည်းဖြစ်နိုင်သောကြောင့် လူတစ်ဦးတစ်ယောက်အတွက် တန်ဖိုးမဖြတ်နိုင်သောအရာဖြစ်ပေသည်။

သို့ဖြစ်ရာ လူ့အဖွဲ့အစည်းအတွင်း ရှင်သန်ကျင်လည်ကြရာတွင် မိမိတို့၏စာရိတ္တကို ချွတ်ယွင်းစေသော လုပ်ဆောင်ချက်များ၊ ပြောဆိုမှုများ၊ ကြံစည်တွေးတောမှုများကို စွန့်ပစ်၍ စာရိတ္တကို ထိန်းသိမ်းနိုင်သည့်ဆင်ခြင်ကြံဆမှု၊ ကောင်းသောစကားဆိုမှု၊ အားထုတ်လုပ်ကိုင်မှုတို့ကို ကျင့်သုံးဆောင်ရွက်ခြင်းဖြင့် မိမိဘဝတွင် ရလဒ်ကောင်းများပေါ်ပေါက်ရရှိနိုင်သကဲ့သို့ လူ့အဖွဲ့အစည်းတစ်ရပ်လုံး၏ ယုံကြည်လေးစားမှုကိုလည်း ရရှိမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။

## မန္တလေးဈေးချိုတော်၊ မန္တလေးတောင်နှင့် အခြားလမ်းကြောင်းများသို့ လိုင်းကားများဖြင့်လိုက်ပါစီးနင်းသူ တစ်ရက်လျှင် ဦးရေ ၁၆၀၀ ကျော်ရှိလာ



**မန္တလေး အောက်တိုဘာ ၃၁**

မန္တလေးဈေးချိုတော်၊ မန္တလေးတောင်နှင့် အခြားလမ်းကြောင်းများသို့ လိုင်းကားများဖြင့် လိုက်ပါစီးနင်းသူ တစ်ရက်လျှင် ဦးရေ ၁၆၀၀ ကျော်ထိ ရှိလာကြောင်း အမှတ် (၁၊ ၂၊ ၃) ယာဉ်လိုင်းဥက္ကဋ္ဌ ဦးမြင့်ငွေက ပြောပြ၍ သိရသည်။

မန္တလေးမြို့တွင် ခရီးသွားများ၊ ဈေးရောင်းသူများနှင့် အခြားကိစ္စရပ်များအတွက် မြို့တွင်းသွားလာရာ၌ လိုင်းကားများသည်လည်း အရေးပါလျက်ရှိကြောင်း၊ ယခုလက်ရှိ မန္တလေးမြို့တွင်းလမ်းကြောင်းများသို့ အမှတ်(၁၊ ၂၊ ၃)လိုင်းကားများဖြင့် ခရီးသည်လိုက်ပါစီးနင်းမှု များပြားလျက်ရှိကြောင်း သိရသည်။

"မန္တလေးမြို့တွင်းမှာ ဈေးအရောင်းအဝယ်၊ ဘုရားဖူးခရီးသည်တွေနဲ့ အခြေခံလူတန်းစားတွေအတွက် လိုင်းကားတွေကလဲ မရှိမဖြစ်ပါ။ မိမိတို့သွားချင်တဲ့နေရာတွေကို လိုင်းကားတွေက ဈေးနှုန်းသက်သာစွာနဲ့ ပို့ဆောင်ပေးနေတာကြောင့် ခရီးသည်လိုက်ပါစီးနင်းမှုကလဲ များပြားလာပါတယ်"ဟု ဦးမြင့်ငွေက ပြောပြသည်။

မန္တလေးဈေးချိုတော်၊ မဟာမုနိရုပ်ရှင်တော်၊ မန္တလေးတောင်၊ ရန်ကင်းတောင်၊ မန္တလေးဆိပ်ကမ်းစသည့်လမ်းကြောင်းများသို့ အမှတ် (၁၊ ၂၊ ၃) လိုင်းကားများဖြင့် လိုက်ပါစီးနင်းသည့် ခရီးသည်ဦးရေမှာ အောက်တိုဘာလ တတိယပတ်က တစ်ရက်လျှင် ဦးရေ ၁၂၀၀ ကျော်သာ ရှိခဲ့သော်လည်း အောက်တိုဘာလ နောက်ဆုံးပတ်အတွင်း မန္တလေးဈေးချိုတော်၊ မဟာမုနိရုပ်ရှင်တော်၊ မန္တလေးတောင်၊ ရန်ကင်းတောင်၊ မန္တလေးဆိပ်ကမ်းစသည့်လမ်းကြောင်းများသို့ အမှတ် (၁၊ ၂၊ ၃) လိုင်းကားများဖြင့် လိုက်ပါစီးနင်းသည့် ခရီးသည်ဦးရေမှာ တစ်ရက်လျှင် ဦးရေ ၁၆၀၀ ကျော်ထိရှိလာကြောင်း သိရသည်။

"အခုလတ်တလော မန္တလေးမြို့တွင်း လိုက်ပါစီးနင်းမှုအများဆုံးလမ်းကြောင်းကတော့ မန္တလေးဆိပ်ကမ်းနဲ့ ရန်ကင်းတောင်ဘက်ကို ပြေးဆွဲနေတဲ့ လိုင်းကားတွေမှာ ခရီးသည်လိုက်ပါစီးနင်းမှု တော်တော်လေးများတယ်။ တချို့ကျတော့လဲ လက်လုပ်လက်စား ဈေးရောင်းတဲ့ ခရီးသည်တွေအပြင် အခြားနယ်ဝေးဒေသကလာတဲ့ ခရီးသည်တွေလဲ လိုက်ပါစီးနင်းမှုရှိပါတယ်"ဟု အမှတ် (၁၊ ၂၊ ၃) ယာဉ်လိုင်းဥက္ကဋ္ဌ ဦးမြင့်ငွေက ဆက်လက်ပြောပြ၍ သိရသည်။

(၁၈၄)

## မန္တလေးတိုင်းဒေသကြီး သရက်ကုန်းငါးလုပ်ငန်းစခန်းတွင် ငါးမျိုးစိတ် ၁၀ မျိုးကို သားဖောက်မျိုးစိုက်ထည့်ပေးလျက်ရှိ

**မန္တလေး အောက်တိုဘာ ၃၁**

မန္တလေးတိုင်းဒေသကြီး သရက်ကုန်းငါးလုပ်ငန်းစခန်းတွင် ငါးမျိုးစိတ် ၁၀ မျိုးကို သားဖောက်မျိုးစိုက်ထည့်ပေးလျက်ရှိကြောင်း မန္တလေးတိုင်းဒေသကြီး သရက်ကုန်းငါးလုပ်ငန်းစခန်း လက်ထောက်ညွှန်ကြားရေးမှူး ဦးထွန်းနောင်ဝင်းက ပြောပြ၍ သိရသည်။

ငါးမျိုးစိတ်များ ပေါများလာစေရေးနှင့် မျိုးသုဉ်းမသွားစေရေးအတွက် သရက်ကုန်းငါးလုပ်ငန်းစခန်းက ငါးသားပေါက်များကို ပြုစုမွေးမြူမှုများပြုလုပ်ပြီး နှစ်စဉ်သားဖောက်ပေးကာ မျိုးစိုက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးနေကြောင်း၊ ထိုသို့ ဆောင်ရွက်ပေးနေသည့် ငါးမျိုးစိတ် ၁၀ မျိုးမှာ ငါးမြစ်ချင်း၊ ရွှေဝါငါးကြင်း၊ ငါးခုံးမကြီး၊ မြက်စားငါးကြင်း၊ ငွေရောင်ငါးကြင်း၊ ခေါင်းကြီးငါးကြင်း၊ ငါးသိုင်းခေါင်းပွ၊ ရေချိုငါးမုတ်၊ ငါးကြင်းဖြူ၊ တီလားပီးယားတို့ဖြစ်ကြောင်း သိရသည်။

"သရက်ကုန်းငါးလုပ်ငန်းစခန်းကနေပြီးတော့ ငါးမျိုးစိတ်တွေကို စမ်းသပ်သုတေသနပြုကာ မွေးမြူသားဖောက်ပေးနေပါတယ်။ သားဖောက်ပြီးတော့ မျိုးစိုက်ထည့်ပေးတဲ့လုပ်ငန်းတွေကို နှစ်စဉ်ဆောင်ရွက်ပေးနေပါတယ်။ မြစ်၊ ချောင်း၊ အင်းအိုင်၊ ဆည်၊ တမံတွေမှာ တိုင်းရင်းငါးမျိုးတွေ စဉ်ဆက်မပြတ် ဖမ်းဆီးစားသောက်နိုင်ဖို့အတွက်ပါ။ ငါးရိက္ခာဖူလုံစေဖို့နဲ့ ငါးသယံဇာတ ပေါများကြွယ်ဝစေဖို့ပါ။ ကုန်ကျစရိတ်နည်းနည်းနဲ့ ကိုယ့်နိုင်ငံအတွင်းမှာ ဈေးကွက်ဝင်တဲ့ငါးသားပေါက်တွေကို ထုတ်လုပ်ရမယ်ဆိုတဲ့ရည်ရွယ်ချက်နဲ့ ဆောင်ရွက်နေတာဖြစ်ပါတယ်"ဟု ဦးထွန်းနောင်ဝင်းက ပြောပြ၍ သိရသည်။ (၁၈၅)

## မန္တလေး သီရိမာလာကုန်စိမ်းဈေးတွင် အင်းလေးဒေသမှ ဝင်ရောက်လာသည့် ခရမ်းချဉ်သီးများ အရောင်းအဝယ်ကောင်းနေ

**မန္တလေး အောက်တိုဘာ ၃၁**

မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် ကမ်းနားလမ်းရှိ သီရိမာလာ ကုန်စိမ်းဈေးတွင် အင်းလေးဒေသမှ ဝင်ရောက်လာသည့် ခရမ်းချဉ်သီးများ အရောင်းအဝယ်ကောင်းနေကြောင်း အဆိုပါဈေးအတွင်းရှိ အောင် ကုန်စိမ်းပွဲရုံ ပိုင်ရှင် ဦးအောင်မိုးနိုင်က ပြောပြ၍ သိရသည်။

အဆိုပါ ခရမ်းချဉ်သီးများသည် ရှမ်းပြည်နယ်(တောင်ပိုင်း) အင်းလေးဒေသမှ ထွက်ရှိပြီး မန္တလေး သီရိမာလာကုန်စိမ်းဈေးသို့ တစ်ရက်လျှင် ခြောက်ဘီးကား ၂၅ စီးမှ အစီးရေ ၃၀ ထိ ပုံမှန်ဝင်ရောက်လျက်ရှိကြောင်း၊ ယခုလက်ရှိ ခရမ်းချဉ်သီးဈေးနှုန်းများမှာ အမျိုးအစားအလိုက် တစ်ပိဿာလျှင် ငွေကျပ် ၂၆၀၀ မှ ၂၇၀၀ ထိရှိနေကြောင်း သိရသည်။

"လက်ရှိမှာတော့ ခရမ်းချဉ်သီးအဓိကစိုက်ပျိုးတဲ့ ရှမ်းပြည်နယ်ဒေသဘက်က ခရမ်းချဉ်သီးတွေ ဈေးကွက်ကို အများဆုံးရောက်ရှိလာတာပါ။ မြေပြန့်ဒေသကထွက်တဲ့ ခရမ်းချဉ်သီးတွေက ဝင်ရောက်မှုမရှိသလောက် နည်းသွားပါပြီ။ အင်းသီးကလဲ အထားခံတော့ အရောင်းအဝယ်ကောင်းပါတယ်။ တစ်နေ့ကို အင်းလေးဒေသဘက်က ခြောက်ဘီးကား ၂၅ စီးကနေ အစီးရေ ၃၀ ထိ ပုံမှန်ဝင်ရောက်နေပါတယ်။ အခြားကုန်စိမ်းသီးနှံတွေလဲ အရောင်းအဝယ်ကောင်းနေပါတယ်"ဟု အောင် ကုန်စိမ်းပွဲရုံပိုင်ရှင် ဦးအောင်မိုးနိုင်က ပြောပြသည်။

မန္တလေး သီရိမာလာကုန်စိမ်းဈေးတွင် ခရမ်းချဉ်သီးအပြင် အခြားကုန်စိမ်းသီးနှံများဖြစ်သော ပန်းမုန်လာ၊ ဂေါ်ဖီထုပ်၊ ဗိုလ်စားပဲ၊ မုန်ညင်းဖြူ၊ ခရမ်းသီး၊ ဂေါ်ရခါးသီး၊ ပဲတောင့်ရှည်၊ ကြက်ဟင်းခါးသီး၊ အာလူးများလည်း အရောင်းအဝယ် ကောင်းနေကြောင်း၊ ယခုအခါ သီရိမာလာကုန်စိမ်းဈေးကို နံနက် ၄ နာရီမှ ည ၈ နာရီထိ ဖွင့်လှစ် ရောင်းချပေးလျက်ရှိကြောင်း ၎င်းက ဆက်လက်ပြောပြ၍ သိရသည်။

(၁၈၅)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၀၉-၄၅၈၈၉၁၃၀၀၊ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဓရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# တောင်သာမြို့နယ် ကြည်အိုင်ကန်ကျေးရွာ၌ ရေရရှိရေးလုပ်ငန်းများဆောင်ရွက်နေမှု စစ်ဆေး

**တောင်သာ အောက်တိုဘာ ၃၁**

မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် တောင်သာမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) ရန်ပုံငွေနှင့် ပြည်သူထည့်ဝင်ငွေတို့ဖြင့် ကြည်အိုင်ကန်ကျေးရွာ၌ ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် တောင်သာမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမြတ်မျိုးထွန်း၊ တာဝန်ရှိသူများက ကြည်အိုင်ကန်ကျေးရွာ၌ ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ကျေးရွာကော်မတီဝင်များနှင့် တွေ့ဆုံကာ မြို့နယ်ဦးစီးမှူးက လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးရေး အလေးထား ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

ကြည်အိုင်ကန်ကျေးရွာ၌ အကျယ် ၄ ဒသမ ၅ လက်မ၊ အနက်ပေ ၅၈၀ ရှိ စက်ရေတွင်း တူးဖော်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ရန်ပုံငွေ ကျပ် ၁၅ သန်း၊ ပြည်သူထည့်ဝင်ငွေ ကျပ် ၄ ဒသမ ၁၇ သန်းတို့ဖြင့် ကျေးရွာလူထုကိုယ်တိုင် အောက်တိုဘာလ ပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ ၇၅ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

ကြည်အိုင်ကန်ကျေးရွာ၌ စက်ရေတွင်းတူးဖော်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်ပြီးစီးပါက အဆိုပါကျေးရွာရှိ အိမ်ခြေ ၆၅ အိမ်မှ လူ ၃၂၅ ဦးတို့အပြင် ကျွဲ၊ နွား၊ တိရစ္ဆာန်များအတွက်ပါ သောက်သုံးရေအဆင်ပြေစွာ သုံးစွဲနိုင်တော့မည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးမြတ်မျိုးထွန်းက ပြောပြ၍ သိရသည်။

**သက်မာ**

# ဘားအံမြို့နယ်၌ နိုင်းကြာ-လှိုင်းဝါး ကျေးရွာချင်းဆက် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

**ဘားအံ အောက်တိုဘာ ၃၁**

ကရင်ပြည်နယ် ဘားအံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက နိုင်းကြာ-လှိုင်းဝါး ကျေးရွာချင်းဆက် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကရင်ပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးဝင်းနိုင်၊ ဘားအံခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးဝင်းဇော်၊ ဘားအံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးသူရလွင်နှင့် မြို့နယ်တာဝန်ခံ အင်ဂျင်နီယာဝန်ထမ်းများက လမ်းဖြစ်မြောက်ရေးကော်မတီဝင်များနှင့်အတူ နိုင်းကြာ-လှိုင်းဝါး ကျေးရွာချင်းဆက် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး ပြည်နယ်ဦးစီးမှူးက လမ်းရေရှည်တည်တံ့ခိုင်မြဲစေရေး ဝိုင်းဝန်း ထိန်းသိမ်းစောင့်ရှောက်ကြရန် ဆွေးနွေးမှာကြားသည်။

နိုင်းကြာ-လှိုင်းဝါး ကျေးရွာချင်းဆက် ကွန်ကရစ်လမ်းအရှည် ငါးဖာလုံ၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မဖြစ်ပြီး ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ပြည်နယ်အစိုးရ ခွင့်ပြုငွေကျပ် ၁၁၁ ဒသမ ၃၇၅ သန်းဖြင့် ဝေပုံမြကုမ္ပဏီက ယခုနှစ် မေလ ဒုတိယပတ်က စတင်ဖောက်လုပ်ခဲ့ရာ ယခုအခါ ရာနှုန်းပြည့် ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**အိအိ**

# ကလေးခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၄၂၀၇၃ ဧက စိုက်ပျိုးပြီးစီး




**ကလေး အောက်တိုဘာ ၃၁**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၄၂၀၇၃ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကလေးခရိုင်စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်က ပြောပြ၍ သိရသည်။

ကလေးခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၄၇၀၃၃ ဧကစိုက်ပျိုးရန်လျာထားပြီး ယခုနှစ် ဇွန်လမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၄၂၀၇၃ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ကလေးခရိုင်မှာ နှမ်း ဧက ၄၇၀၀၀ ကျော်စိုက်ပျိုးဖို့လျာထားတာ လက်ရှိအချိန်ထိ ဧက ၄၂၀၀၀ ကျော်ထိ စိုက်ပျိုးပြီးပါပြီ။ နှမ်းစိုက်ဧက တိုးချဲ့စိုက်ပျိုးနိုင်ဖို့၊ အထွက်နှုန်းကောင်းမွန်ဖို့ GAP နည်းစနစ်တွေနဲ့ စိုက်ပျိုးဖို့အတွက်မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ဆောင်ရွက်ပေးပါတယ်"ဟု ကလေးခရိုင်စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်က ပြောပြသည်။

ကလေးခရိုင်တွင် ယခုနှစ်မြို့နယ်အလိုက် မိုးနှမ်းစိုက်ပျိုးနိုင်မှုအနေဖြင့် ကလေးမြို့နယ်တွင် ၂၂၁၆၄ ဧက၊ ကလေးဝမြို့နယ်တွင် ၈၉၂ ဧက၊ မင်းကင်းမြို့နယ်တွင် ၁၉၀၁၇ ဧက စုစုပေါင်း ၄၂၀၇၃ ဧကဖြစ်ကြောင်း သိရသည်။

ကလေးခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးနှမ်းစိုက်ပျိုးရန်အတွက် မြို့နယ်အလိုက် လျာထားမှုအနေဖြင့် ကလေးမြို့နယ်တွင် ၂၆၇၀၅ ဧက၊ ကလေးဝမြို့နယ်တွင် ၁၃၄၆ ဧက၊ မင်းကင်းမြို့နယ်တွင် ၁၈၉၈၂ ဧက စုစုပေါင်း ၄၇၀၃၃ ဧကဖြစ်ကြောင်း သိရသည်။

ကလေးခရိုင်တွင် ယခုနှစ် မိုးနှမ်းစိုက်တောင်သူများကို သက်ဆိုင်ရာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက စိုက်ဧက တိုးချဲ့စိုက်ပျိုးနိုင်ရေး၊ စိုက်ပျိုးသည့် နည်းစနစ်၊ GAP နည်းစနစ်များဖြင့် စိုက်ပျိုးနိုင်ရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်သည့်မျိုးများ စိုက်ပျိုးနိုင်ရေးအတွက် သက်ဆိုင်ရာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက အသိပညာပေးလျက်ရှိကြောင်း သိရသည်။

(၂၀၆)

# မိတ္ထီလာမြို့နယ် ပေါက်ပင်သာကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

**မိတ္ထီလာ အောက်တိုဘာ ၃၁**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မိတ္ထီလာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ပေါက်ပင်သာကျေးရွာ၌ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မန္တလေးတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးအောင်မျိုးလွင်၊ မိတ္ထီလာခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူးဒေါ်မြင့်ဝင်းနှင့် ဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးရေး ကော်မတီဝင်များနှင့်အတူ ပေါက်ပင်သာကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက လမ်းရေရှည်တည်တံ့ခိုင်မြဲစေရေး ဝိုင်းဝန်းထိန်းသိမ်းရန် မှာကြားသည်။

ပေါက်ပင်သာကျေးရွာ၌အရှည် ၁၉၂၅ ပေ၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP)ပံ့ပိုးရန်ပုံငွေကျပ် သိန်း ၁၅၀၊ ပြည်သူထည့်ဝင်ငွေကျပ် ၂၁၃ ဒသမ ၅ သိန်း အသုံးပြု၍ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ်ဩဂုတ်လ ပထမပတ်ကစတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ ရာနှုန်းပြည့် ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**ကျော်ရိုး**

# ကလောမြို့နယ် မြင်းကကျေးရွာ၌ အငှမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ကလော အောက်တိုဘာ ၃၁**

ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောခရိုင် ကလောမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် မိသားစုဝင်ငွေတိုးစီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် စသည့် ရည်ရွယ်ချက်များဖြင့် လွယ်အံကျေးရွာအုပ်စု မြင်းကကျေးရွာ၌ အငှမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ယနေ့ နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ကလောမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်စွာက မြစိမ်းရောင်ကျေးရွာစီမံကိန်း အကြောင်းအရာများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်း ဆောင်ရွက်ရခြင်းရည်ရွယ်ချက်များနှင့် အကျိုးကျေးဇူးများ၊ အသင်းသားများအနေဖြင့် စီမံကိန်းလက်စွဲစာစောင်ပါ ညွှန်ကြားချက်များနှင့်အညီ ချေးငွေရယူသည့် လုပ်ငန်းများကို အမှန်တကယ် အကောင်အထည်ဖော်ဆောင်ရွက်ရန် ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေများ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် ကလောမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်စွာနှင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက မြင်းကကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ အသင်းသား၊ အသင်းသူ ၈၃ ဦးကို အငှမအကြိမ်အဖြစ် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၆၉၉ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ရှိုးသန်းဦး**



# ပျူဌာနေမှ ကုန်းတွင်းဆားချက်ဓလေ့

မောင်သာ(ရှေးဟောင်းသုတေသန)

ကုလသမဂ္ဂ ပညာရေး၊ သိပ္ပံနှင့် ယဉ်ကျေးမှုအဖွဲ့(UNESCO)က ကမ္ဘာ့အမွေအနှစ်ဒေသများအဖြစ် အသိအမှတ်ပြုထားသည့် ပျူမြို့ဟောင်းသုံးမြို့အနက် ဟန်လင်းမြို့ဟောင်းသည် စစ်ကိုင်းတိုင်းဒေသကြီး ဝက်လက်မြို့နယ်တွင်တည်ရှိကာ ပျူခေတ်အထောက်အထားများစွာကျန်ရှိနေသည့် ရှေးဟောင်းသုတေသနနယ်မြေတစ်ခုဖြစ်သည်။

မြန်မာနိုင်ငံအတွင်းရှိ ကမ္ဘာ့အမွေအနှစ် ပျူမြို့ဟောင်း သုံးမြို့သည် တောင်မှမြောက်သို့တန်းလျက်တည်ရှိနေကြရာ ဟန်လင်းသည် မြောက်ဘက်ဆုံးဖြစ်သည်။ ဟန်လင်းမှ အနောက်တောင်ယွန်းယွန်း ကီလိုမီတာ ၂၇၀ တွင် ဗိဿနိုးမြို့ဟောင်းနှင့် ဗိဿနိုးမှ တောင်ဘက် ကီလိုမီတာ ၁၃၀ တွင် သရေခေတ္တရာမြို့ဟောင်းရှိသည်။

**ပျူဌာနေ ဟန်လင်း**

ပျူများနေထိုင်ခဲ့သည့် ဟန်လင်းမြို့ဟောင်းသည် ရွှေဘိုမြို့မှ တောင်ဘက်သို့ ၁၀ မိုင် ၅ ဖာလုံနှင့် ဝက်လက်မြို့မှ အရှေ့မြောက်ဘက်သို့ ခြောက်မိုင်ကွာဝေးပြီး အရှေ့မှအနောက်သို့ ၁ ဒသမ ၆ ကီလိုမီတာနှင့် တောင်မှမြောက်သို့ ၃ ဒသမ ၂ ကီလိုမီတာ ရှည်လျားကာ ဧက ၅၀၀ ကျော် ကျယ်ဝန်းသည်။

ကမ္ဘည်းကျောက်စာဝန် မစ္စတာတော်စိန်ခိုနှင့်အဖွဲ့သည် ဟန်လင်းမြို့ဟောင်းကို ပဏာမကွင်းဆင်းလေ့လာခဲ့ပြီး ၁၉၀၅ ခုနှစ် ဖေဖော်ဝါရီလတွင် နေရာ ၁၀ ခု၌ ပထမဆုံးစမ်းသပ်တူးဖော်မှုများကို ဆောင်ရွက်ခဲ့သည်။ မစ္စတာချားလ်ဒူရွိုင်ဆယ်က ၁၉၂၉ ခုနှစ်နှင့် ၁၉၃၀ ပြည့်နှစ်တွင် ဟန်လင်းကို ထပ်မံတူးဖော်ခဲ့ပြီး ခေတ်အဆက်ဆက် ဟန်လင်းမြို့ဟောင်းကိုသုတေသနပြုလုပ်ခဲ့ရာ ၂၀၁၂ ပြည့်နှစ်ထိ တူးဖော်ခဲ့သော ကုန်းပေါင်း ၄၆ ကုန်းဖြစ်သည်။

မြန်မာနိုင်ငံရှိ ပျူမြို့ဟောင်းများတွင် ပျူခေတ်အထောက်အထားများကို တွေ့ရှိရသော်လည်း ကုန်းတွင်း ဆားချက်လုပ်ငန်းကိုမူ ဟန်လင်းမြို့ဟောင်းတစ်ခုတည်းတွင်သာ တွေ့ရှိရပေသည်။

**ဟန်လင်းဆား**

ရန်ကုန်တက္ကသိုလ် ရှေးဟောင်းသုတေသနပညာဌာနမှ သင်တန်းသားများနှင့်အတူ ဟန်လင်းသို့ရောက်ရှိခဲ့ရာ ပျူယဉ်ကျေးမှုအထောက်အထားများအပြင် ကုန်းတွင်းဆားမြေများမှ အိမ်သုံးဆားချက်သည့်ဓလေ့ကို လေ့လာနိုင်ခဲ့သည်။

ပင်လယ်ဒေသ၌ ပင်လယ်ရေတစ်လီတာတွင် ဆား ၃၅ ဂရမ်ပျော်ဝင်နေကာ ပင်လယ်ရေကို နေအပူရှိန်ဖြင့် အငွေ့ပြန်စေခြင်းဖြင့် ဆားကြွမ်းများရရှိသည်။ ပင်လယ်ဒေသဆားလုပ်ငန်းများတွင် ၎င်းဆားကြွမ်းခဲများကို အမှုန့်ကြိတ်ပြီးအရောင်ချွတ်ကာ အိမ်သုံးဆားအဖြစ်ထုတ်လုပ်ကြသည်။

ပင်လယ်ဒေသမဟုတ်သည့် ဟန်လင်းတွင်မူ သဘာဝရေပူစမ်းများနှင့် ရေတွင်းရေကန်များမှ ဆိုဒီယမ်ကလိုရိုက်ပျော်ဝင်နေသော ရေငန်များရှိနေသည့်မြေငန်များမှ အိမ်သုံးဆားများကို ထုတ်ယူကြသည်။ ဟန်လင်းရှိ သဘာဝရေပူစမ်းများတွင် ဆားသည ဒသမ ၂ ရာခိုင်နှုန်းမှ ၁ ဒသမ ၅ ရာခိုင်နှုန်းထိ ပါဝင်လျက်ရှိပြီး ဟန်လင်းဒေသဝန်းကျင်ရှိ မြေငန်များမှ အိမ်သုံးဆားထုတ်လုပ်ခြင်းသည် ပျူတို့နေထိုင်စဉ်ကပင်ရှိခဲ့သည့် ဓလေ့တစ်ခုဟု ယူဆနိုင်ဖွယ်ရှိကာ မျက်မှောက်ခေတ်တိုင်အောင် စီးပွားရေးလုပ်ငန်းတစ်ခုအဖြစ် ဆောင်ရွက်လျက်ရှိကြသည်။

ဟန်လင်းဒေသတွင် တောင်မြောက် ပေ ၁၀၀၀၀၊ အရှေ့အနောက် ပေ ၃၅၀၀ အတွင်း ဆားမြေများရှိသည်။ ၎င်းဆားမြေများမှ အိမ်သုံးဆားကို ထုတ်လုပ်ရန် မြေခြောက်ခင်းနည်း၊ မြေစိုခင်းနည်းနှင့် မြောင်းတိုက်ခင်းနည်းတို့ကို အသုံးပြုလျက် ဆားမြေများကို စုဆောင်းကြရသည်။

**ဆားခင်းပျိုးခြင်း**

မိုးရာသီကုန်ဆုံးပြီး ဆောင်းဦးပေါက်အချိန်တွင် ဆားမြေများစုဆောင်းမည့် ဆားခင်းနေရာကို ပေါင်းမြက်များရှင်း၍ မြေပြင်ညီညာစေရန် ထွန်ဖြင့်ညှိကြရသည်။ ဆားခင်းကို ညပိုင်းတွင် နှင်းဖြင့်စွတ်စိုစေကာ နေ့ပိုင်းတွင် နေအပူဖြင့် ခြောက်သွေ့စေခြင်းကို မြေခြောက်ခင်းနည်းဟု ခေါ်ဆိုကြသည်။

မြေစိုခင်းနည်းတွင် ဆားခင်းအတွင်း ထွန်ခြစ်ဖြင့် ခြစ်ယူကာ မြေစာများကိုခြေပြီး ရေပူစမ်းများမှ ရေများကို ဆားခင်းအပြည့်ဖြည့်သွင်းကာ ရေများကိုနေရောင်ဖြင့် အငွေ့ပြန်စေရာမှ ထွက်ရှိလာသည့်မြေကြီးများကို ဆားချက်လုပ်သည့်နည်းဖြစ်သည်။

မြောင်းတိုက်ခင်းနည်းသည် မြေစိုခင်းနည်းနှင့် တူညီပြီး ဆားခင်းသို့ မြောင်းများသွယ်ကာ ရေသွင်းသဖြင့် မြောင်းတိုက်နည်းဟုခေါ်ဆိုသည်။ မည်သည့်နည်းဖြင့်ပင် ပြုလုပ်သည်ဖြစ်စေ ဆားထုတ်မည့်မြေကို ထွန်ဖြင့် ခြစ်ခြင်း၊ ပေါက်တူးဖြင့် တူးဆွခြင်းတို့ကို ပြုလုပ်ကာ ဆားမြေများကို စုဆောင်းကြရသည်။

မြေသားကိုညက်နေသည်ထိ ထွန်ယက်ပြီးနောက် ဆားခင်းကို လေးဖက်ပိတ်ကာ ရေသွင်းမြောင်းမှ တစ်ဆင့် ရေငန်များအပြည့်ဖြည့်သွင်းပြီး ရေထွက်ပေါက်များအားလုံးကို ပိတ်ထားရသည်။ ဆားခင်းအတွင်းရှိ ရေများသည် နေအပူရှိန်ကြောင့်တဖြည်းဖြည်းခန်းခြောက်လာသည်။ ထိုသို့ ဆားခင်းအားနေလှန်းထားခြင်းကို ဆားခင်းပျိုးသည်ဟုခေါ်ဆိုသည်။ ရေများခန်းခြောက်သွားလျှင် ဆားငန်မြေများကို ထွန်ခြစ်များဖြင့် ခြစ်ယူကာ စုပုံထားပြီး ဆားခင်းကို ထပ်မံထွန်ယက်၍ ဆားရေများထပ်မံထည့်သွင်းပြီး နေပူတွင်ခြောက်သွေ့စေသည်။ ဤသို့ဖြင့် ဆားတစ်ရာသီတွင် ဆားမြေများကို လေးကြိမ်မှ ငါးကြိမ်ထိ ဆားခင်းပျိုးကြရသည်။

**မြေပုံကား**

ဆားကွင်းများမှခြစ်ယူထားသောမြေများကို ဆားရည်များစစ်ထုတ်ရန် ကောက်ရိုးနှင့်ရွှံ့ ရောလျက် မြေပုံကားတည်ရသည်။ မြေပုံကားတည်သည်ဆိုသည်မှာ မြေကြီးများကို နှစ်ပေအမြင့်စုပုံလျက် အတွင်းတွင် ဆားမြေများထည့်နိုင်ရန် ဒယ်အိုးပုံချိုင့်ခွက်ပြုလုပ်ထားပြီး အောက်ခြေတွင် ဝါးနှုတ်သီးတစ်ချောင်း တပ်ထားခြင်းဖြစ်သည်။

ကားဟူသည့်ဝေါဟာရသည် မွန်စကားလုံးဖြစ်ပြီး နှုတ်သီးတပ်ထားသည့် အိုးခွက်ဟု အဓိပ္ပာယ်ရှိသည်။ မြေကြီးကို ဒယ်အိုးပုံစံပြုလုပ်ကာ ဝါးပြွန်တစ်ချောင်းကို နှုတ်သီးအဖြစ်တပ်ထားသည့် ဆားရည်စစ်သည် နှုတ်သီးတပ်ထားသော အိုးတစ်လုံးနှင့်တူနေသဖြင့် ကားဟု ခေါ်ဆိုခဲ့ကြောင်း ရှေးဟောင်းသုတေသနညွှန်ကြားရေးဝန်ဟောင်း ဦးဖိုးလတ်က ရှင်းပြခဲ့သည်ဟု မှတ်သားရပေသည်။

မြေပုံကားတစ်ခုလျှင် အရွယ်အစားအကြီး၊ အသေးပေါ်မူတည်လျက် ဆားမြေသုံးတင်းမှ လေးတင်းထိ ထည့်နိုင်သည်။ မြေပုံကားအတွင်း၌ စပါးခွံ၊ ဖွဲပြာများခံကာ ဆားမြေများထည့်ပြီး ရေလောင်းလိုက်လျှင် ရေများသည် ဆားမြေကိုဖြတ်ကာ ရေစစ်ပေါက်တွင်တပ်ထားသောဝါးပြွန်မှ ကနားရေဟုခေါ်သည့် ညစ်နေသောရေများက ဦးစွာစီးကျလာသည်။ ရေညစ်များကုန်သွားပြီးနောက် ဆားရည်သန့်များကျလာလျှင် ထိုရေများကို မြေအိုးများဖြင့် ခံယူစုဆောင်း၍ စဉ့်အိုးကြီးများတွင် ထည့်သွင်းသိုလှောင်ထားကြရသည်။



**ဆားချက်ရန် ဆားရည်စုဆောင်းသည့်မြေပုံကားကို တွေ့ရစဉ်။**

ဆားမြေတစ်ဧကတွင် မြေပုံကား ၁၀ လုံးဖြင့် ဆားရည်ခံနိုင်ပြီး မြေပုံကားတစ်ခုလျှင် ၂၄ နာရီတွင် ဆားရည် မြေအိုးနှစ်လုံးခန့် ရရှိသည်။ ထို့ကြောင့် ဆားမြေတစ်ဧကမှ တစ်လလျှင် ဆားရည်အိုး ၆၀၀ ရရှိသည်။ ဆားရည်တစ်အိုးကို ကျိုချက်ပါက ဆားနှစ်ပိဿာခန့် ရရှိသဖြင့် ဆားမြေတစ်ဧကမှ တစ်လလျှင် ဆားပိဿာ ၁၂၀၀ ထွက်ရှိသည်။ ထို့ကြောင့် ဆားထုတ်လုပ်သည့် ပျမ်းမျှလေးလတာကာလတွင် ဆားမြေတစ်ဧကမှ ဆားပိဿာ ၄၈၀၀ မျှ ရရှိနိုင်ကြသည်။

**ဆားချက်လုပ်ငန်း**

အလျားရှစ်ပေ၊ အနံလေးပေ၊ အမြင့်လေးလက်မရှိသော လိုင်းမပါသည့် လေးထောင့်ပုံသွပ်ဒယ်ထဲတွင် ဆားရည်များထည့်ကာ မီးဖြင့်ကျိုချက်ခြင်းဖြင့် ဆားများကို ရရှိသည်။ သွပ်ဒယ်တစ်ခုတွင် ဆားရည် ၁၀ အိုးဆံ့ကာ ဆားပိဿာ ၁၀၀ ရရှိရန် စပါးခွံ၊ ဖွဲ လှည်းတစ်စီးတိုက်အသုံးပြုရသည်။ အချို့က ထင်းကိုအသုံးပြုကြသကဲ့သို့ ထန်းလက်ခြောက်၊ အုန်းလက်ခြောက်၊ ပဲစင်းငုံရိုး စသော စိုက်ပျိုးပင် စွန့်ပစ်ပစ္စည်းများကိုလည်း သုံးစွဲကြသည်။

ရှေးအခါများက ဆားချက်ရာတွင် လဘုံးအိုးဟုခေါ်သည့် ဟန်လင်းဒေသလုပ် မြေအိုးများဖြင့် ချက်လုပ်ခဲ့ကြသည်။ ဆရာတော်ဦးနာဂ၏ အမှတ်အသားများအရ ဟန်လင်းဆားချက်ရာတွင် လဘုံးအိုးများကို မြန်မာသက္ကရာဇ် ၁၂၅၇ ခုနှစ်ထိ အသုံးပြုခဲ့ကြောင်း ဆရာကြီး ဦးမြင့်အောင်က ရေးသားခဲ့သည်။

ဟန်လင်းဒေသ၏ ပျမ်းမျှမိုးရေချိန်သည် တစ်နှစ်လျှင် လက်မ ၃၀ နှင့် ၃၅ လက်မကြားဖြစ်ပြီး မိုးနည်းသောနှစ်များတွင် ၂၅ လက်မသာ ရွာသွန်းလေ့ရှိသည်။ မိုးရွာသွန်းမှုများသောနှစ်များတွင် ဆားခင်းများရေလွှဲကာ ဆားမြေများပျက်စီးသဖြင့် ဆားအထွက်နှုန်းလျော့နည်းပြီး မိုးရွာသွန်းမှုနည်းပါးသောနှစ်များနှင့် မိုးခေါင်သောနှစ်များတွင် ဆားမြေထုတ်လုပ်ခြင်းကို မိုးတွင်းကာလ ဝါဆို၊ ဝါခေါင်လတို့ထိ ပြုလုပ်နိုင်သည်။ ထိုအချိန်များတွင် မိုးတွင်းကာလ၌ပင် ဆားအထွက်ကောင်းသဖြင့် ဝါဆို၊ ဝါခေါင် ဆား ၁၀၀၀ ဟု တင်စားပြောဆိုလေ့ရှိကြသည်။

ယေဘုယျအားဖြင့် နတ်တော်လနှင့် ပြာသိုတွင် ဆားခင်းများပျိုးကြပြီး တစ်လကြာ ဆားရည်များစုဆောင်းကာ ဆားချက်ကြသည်။ ပြာသိုလမှ တန်ခူးလထိ ဆားချက်ရာသီ လေးလဟုဆိုသော်လည်း ရာသီဥတုပေါ်မူတည်လျက် ကဆုန်၊ နယုန်လတို့ထိ ဆားချက်လုပ်လေ့ရှိကြသည်။

ဟန်လင်းတွင် နေထိုင်ကြသူများသည် ကုန်းတွင်းဆားချက်လုပ်ငန်းကို လွန်ခဲ့သည့်နှစ်ပေါင်းများစွာကပင် ဆောင်ရွက်ခဲ့ကြသည်။ ကုန်းတွင်းဆားချက်ရာတွင် ပင်လယ်ဒေသ နေလှန်းဆားလုပ်ငန်းများကဲ့သို့ စက်ဖြင့်ပြန်ကြိတ်ရသည့် ဆားကြွမ်းများထွက်ရှိခြင်းမဟုတ်ဘဲ အသင့်အသုံးပြုနိုင်သည့် ဆားပွင့်အနုများထွက်ရှိသဖြင့် ပြုပြင်ခြင်းမရှိဘဲ စားသုံးနိုင်သည်။

ဟန်လင်းဝန်းကျင်နယ်မြေများတွင် ရှေးယခင်က ဟန်လင်း၊ သခွတ္တော၊ လိန်ပင်ရွာတို့တွင် ဆားကိုတွင်ကျယ်စွာထုတ်လုပ်ခဲ့ကြသော်လည်း ယခုအချိန်တွင် မြေယာဈေးမြင့်လာမှု၊ ရေမြေသဘာဝပြောင်းလဲလာမှု၊ ထုတ်လုပ်မှုစရိတ်မြင့်မားလာမှုတို့ကြောင့် သခွတ္တောရွာတွင်သာ အများဆုံးထုတ်လုပ်လျက်ရှိသည်။ ဟန်လင်းစံပြကျေးရွာတွင်လည်း ဆားလုပ်ငန်းဆောင်ရွက်သည့်လများတွင် ဆားခင်းတည်ချိန်မှစ၍ ကားဖြင့် ဆားရည်စစ်ပုံ၊ သွပ်ဒယ်အိုးများဖြင့် ဆားချက်လုပ်ပုံကို လေ့လာနိုင်ကြပေသည်။

ပျူယဉ်ကျေးမှုထွန်းကားခဲ့သည့် ဟန်လင်းဒေသတွင် ရှေးဟောင်းပျူလူမျိုးများ ဆားချက်လုပ်ကြောင်း ခိုင်မာသောအထောက်အထားများကို မတွေ့ရှိရသေးသော်လည်း ၎င်းတို့သည် ဆားကို တစ်နည်းနည်းဖြင့် ထုတ်လုပ်၊ စားသုံးခဲ့မည်ဟု ခန့်မှန်းခဲ့ပေသည်။

ပင်လယ်ကမ်းခြေတွင် ဆားချက်လုပ်ငန်းကျွမ်းကျင်သော မွန်လူမျိုးများသည် ပျူတို့ဒေသသို့လာရောက်၍ ဆားချက်ခဲ့ရာမှ ဟန်လင်းဆားချက်လုပ်ငန်းများဖြစ်ထွန်းလာသည်ဟူသည့်ယူဆချက်ကို ဆရာကြီး ဦးမြင့်အောင်က ပယ်ခဲ့သည်။ ဟန်လင်းမြို့ဟောင်းတူးဖော်မှုအထောက်အထားများအရ အေဒီ နှစ်ရာစုနှင့် ကိုးရာစုအတွင်း ပျူလူမျိုးများနှင့် မွန်လူမျိုးများ အဆက်အဆံရှိခဲ့သည့်အထောက်အထားကို မတွေ့ရှိခဲ့ရကြောင်း ထောက်ပြခဲ့သည်။ သို့သော် ပျူခေတ်နောက်ပိုင်းတွင် ရွှေဘိုနယ်တစ်ဝိုက်၌ မွန်နှင့် မြန်မာ ဆက်ဆံမှုများရှိခဲ့သဖြင့် မွန်တို့ထံမှ ဆားလုပ်ငန်းဝေါဟာရများ ရရှိသုံးစွဲခဲ့ဟန်ရှိကြောင်း သုံးသပ်ခဲ့သည်။

မည်သို့ပင်ဖြစ်စေ ပျူယဉ်ကျေးမှုနယ်မြေ ဟန်လင်းဒေသသို့ ရောက်ရှိလာကြသူများသည် ဒေသရှိ ပျူတို့၏ ယဉ်ကျေးမှုအမွေအနှစ်များအပြင် ထူးခြားသည့် ကုန်းတွင်းဆားချက်ဓလေ့ကိုပါ လေ့လာနိုင်ကြပေသည်။

**ကိုးကား**

- **မြန်မာ့စွယ်စုံကျမ်း အတွဲ(၄)**
- **ရှေးဟောင်းသုတေသနဆောင်းပါးများ (ဦးမြင့်အောင်)**
- **ဟန်လင်းကွင်းဆင်းမှတ်တမ်းများ**

# လမ်းလျှောက်ခြင်းဖြင့် ကြွက်သားများ သန်မာစေနိုင်သည်



မိမိတို့ရဲ့ ခန္ဓာကိုယ်မှာ အဆီပိုတွေ မရှိတော့ဘူးဆိုရင် ကြွက်သားတွေကလည်း ပိုမို ပေါ်လွင်လာပြီး သန်မာလာမှာ ဖြစ်ပါတယ်။ ဒီလို ဖြစ်ချင်တယ်ဆိုရင်တော့ တစ်ရက်ကို ခြေလှမ်းရေ ၁၀၀၀၀ လောက် လမ်းလျှောက်ပေးရုံနဲ့တင် ရရှိနိုင်ပါတယ်။

ဒီထက်ပိုပြီး ပြင်းထန်တဲ့ လေ့ကျင့်ခန်းမျိုးလိုချင်တယ်ဆိုရင်တော့ တောင်တက်လမ်းလျှောက်ခြင်းကိုလည်း ကြိုးစားကြည့်သင့်ပါတယ်။

ဒါ့အပြင် စက္ကန့် ၃၀ မှ ၁ မိနစ်၊ ၂ မိနစ်အထိ ခပ်မြန်မြန်လမ်းလျှောက်ပြီး ပုံမှန်လမ်းပြန်လျှောက်ခြင်း၊ အဲဒီနောက် ခပ်မြန်မြန်ပြန်ပြီး လမ်းလျှောက်ခြင်းလိုမျိုး လေ့ကျင့်ခန်းတွေကလည်း ထိရောက်မှုရှိလှပါတယ်။

လမ်းလျှောက်ခြင်းဟာ သင့်ခန္ဓာကိုယ်တစ်လျှောက်မှာရှိတဲ့ ကြွက်သားတွေရဲ့ တင်းအားကို တိုးမြင့်စေတာသာဖြစ်ပါတယ်။

လမ်းလျှောက်ခြင်းဟာ ပြင်းထန်တဲ့ လေ့ကျင့်ခန်းမဟုတ်တဲ့အတွက် ကြွက်သားတွေနာကျင်ခြင်းမရှိစေပါဘူး။ ဒါကြောင့် အနာတရဖြစ်တာမျိုး၊ နောက်တစ်ခေါက် လမ်းလျှောက်ဖို့အတွက် ကြွက်သားတွေနာလို့ မလျှောက်နိုင်တာမျိုးလည်း မဖြစ်စေပါဘူး။

# ယခုဘဏ္ဍာနှစ် ဧပြီလမှ စက်တင်ဘာလထိ ပြည်ပသို့ ရေထွက်ကုန် တန်ချိန် ၁၇၅၀၀၀ ကျော် တင်ပို့ထား

**ရန်ကုန် အောက်တိုဘာ ၃၁**

မြန်မာ့ရေထွက်ကုန်များကို ပြည်ပသို့ နှစ်စဉ် တင်ပို့လျက်ရှိရာ ယခုဘဏ္ဍာနှစ် ဧပြီလမှ စက်တင်ဘာလထိ ပင်လယ်ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းများမှ တန်ချိန် ၁၇၅၀၀၀ ကျော် တင်ပို့ထားကြောင်း ငါးလုပ်ငန်းဦးစီးဌာန(ရန်ကုန်တိုင်းဒေသကြီး) ညွှန်ကြားရေးမှူး ဦးမြင့်ရွှေက ပြောပြ၍ သိရသည်။

ယခုဘဏ္ဍာနှစ် ဧပြီလမှ စက်တင်ဘာလထိ ပင်လယ်ရေကြောင်း၊ လေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းများမှတစ်ဆင့် ပြည်ပသို့ ရေထွက်ကုန်တင်ပို့မှုအနေဖြင့် တန်ချိန် ၁၇၅၀၀၀ ကျော် တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၂၇၆ သန်းကျော်ရရှိထားပြီးဖြစ်ကြောင်း သိရသည်။

"မြန်မာ့ရေထွက်ကုန်တွေကို ပင်လယ်ရေကြောင်း၊ လေကြောင်းနဲ့ နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းတွေကနေ တင်ပို့လျက်ရှိပါတယ်။ ရေချို၊ ရေငန်နှစ်မျိုးစလုံး တင်ပို့နေပါတယ်။ တရုတ်နဲ့ ထိုင်းနိုင်ငံတို့ကို အဓိက တင်ပို့နေတာဖြစ်ပါတယ်။ ရေထွက်ကုန်တင်ပို့မှုကတော့ ကိုဗစ်ကာလမတိုင်ခင်နဲ့ ကိုဗစ်ကာလအတွင်းမှာလဲ တင်ပို့မှုပမာဏက မလျော့ကျခဲ့ပါဘူး။ ဒီဘဏ္ဍာနှစ်မှာတော့ အမေရိကန်ဒေါ်လာ သန်း ၈၀၀ လောက်ရရှိဖို့ မျှော်လင့်ထားပါတယ်"ဟု ဦးမြင့်ရွှေက ပြောပြသည်။

မြန်မာ့ ရေထွက်ကုန်များကို ပုံမှန်ကုန်သွယ်ရေးလမ်းကြောင်းဖြင့် ဂျပန်နှင့် ဥရောပနိုင်ငံများသို့ တင်ပို့လျက်ရှိပြီး တရုတ်၊ ထိုင်းနှင့် အိမ်နီးချင်းနိုင်ငံများသို့ မှုဆယ်၊ မြစ်ဝတီ၊ ကော့သောင်း၊ စစ်တွေ၊ မြိတ်၊ မောင်တောနယ်စပ်ကုန်သွယ်ရေးစခန်းများမှတစ်ဆင့်လည်း ငါး၊ ပုစွန်၊ ကဏန်းစသည့် ရေထွက်ကုန်များ ပုံမှန်တင်ပို့လျက်ရှိကြောင်း ညွှန်ကြားရေးမှူး ဦးမြင့်ရွှေက ပြောပြ၍ သိရသည်။

ASH



# ကျေးသီးမြို့နယ် ဝိန်းကောင်ကျေးရွာ၌ ဘက်စုံသုံးခန်းမတည်ဆောက်ပြီးစီးမှု စစ်ဆေး

**ကျေးသီး အောက်တိုဘာ ၃၁**

ရှမ်းပြည်နယ် (တောင်ပိုင်း) မိုင်းရှူးခရိုင် ကျေးသီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ဖြင့် ဝိန်းကောင်ကျေးရွာ၌ ဘက်စုံသုံးခန်းမတည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့သည်။



ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် လှိုင်လင်ခရိုင် စာရင်းစစ်ရုံး ဦးစီးအရာရှိ ဒေါ်စန်းစန်းဝေ၊ စာရင်းစစ်မှူး ဒေါ်နန်းခမ်းကျန်၊ ကျေးသီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအေးနိုင်နှင့်အင်ဂျင်နီယာဝန်ထမ်းများက ဝိန်းကောင်ကျေးရွာ၌ ဘက်စုံသုံးခန်းမတည်ဆောက်ခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ဆောင်ရွက်ပြီး ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ရေရှည်တည်တံ့အောင် ပြုပြင်ထိန်းသိမ်းမှုများ ဆက်လက်ဆောင်ရွက်သွားကြရန် ဆွေးနွေးမှာကြားသည်။

ဝိန်းကောင်ကျေးရွာ၌ အလျား ပေ ၃၀၊ အနံ ပေ ၄၀၊ အမြင့် ၁၂ ပေရှိ ဘက်စုံသုံးခန်းမတည်ဆောက်ခြင်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ပံ့ပိုးရန်ပုံငွေကျပ် ၁၀ သန်း၊ ပြည်သူထည့်ဝင်ငွေကျပ် ၁၅ ဒသမ ၄၂ သန်း စုစုပေါင်းငွေကျပ် ၂၅ ဒသမ ၄၂ သန်း အသုံးပြုကာ ကျေးသီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဝန်ထမ်းများ၏ ကွင်းဆင်းကြီးကြပ်မှု၊ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် ဩဂုတ်လတတိယပတ်က စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း ကျေးသီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအေးနိုင်ထံမှ သိရသည်။

**ချိုသန်းညွန့်**

# ဇာတိမာန်တွေ ယှဉ်ကာသည်း ဆိုကရေးတီး မဟာပြိုင်ပွဲ

\- ဆိုကကာ ရေးလို့တီး  
ရှုမငြီးပေါ့ အလှဆင်၊  
တို့မြန်မာ ဇာတိသွေး  
နွေးကြဖို့ပင်၊  
တိုင်းရင်းသား စုံအလင်  
ပါဝင်ကာ ဘယ်မနေး၊  
တို့ရိုးရာ တို့မွေနှစ်မို့  
တိုးချစ်စို့လေး။

\- ခုခါဆို နှစ်ဆယ့်လေး  
ဖေးကူလို့ ပြိုင်ပွဲတွင်၊  
မလျော့ပါ အနိုင်ဇွဲနှင့်  
ယှဉ်နွှဲကာပင်၊  
ညီကိုရင်း မောင်နှမသွင်  
ချစ်ခြင်းပင် တိုးကာကဲ၊  
ဇာတိမာန် ဇာတိသွေးတို့  
မဝေးကြသည့်ပွဲ။

\- ယဉ်ကျေးမှု အနုလှ  
သုခုမ ရှေးစဉ်လာ၊  
ထိန်းကာလေ သိမ်းပါမှ  
မယိမ်းရှာမှာ၊  
ခုခေတ်နဲ့ ခုအခါ  
ပိုကာလေ ဆိုးနေလို့၊  
အရိုးကို ရွက်မဖုံးဖို့  
ရုန်းကြမည်မို့။

\- မြန်ရိုးရာ ယဉ်ဓလေ့  
ကြည်မွေ့လို့ ခွန့်ရှည်ကာ၊  
ကိုယ့်နိုင်ငံ မြတ်နိုးစိတ်  
ဦးထိပ်မှာပါ၊  
လက်ဆင့်ကမ်း ဆောင်ယူတာ  
တို့တွေမှာ မြတ်နိုးမွေ့၊  
ဘိုးဘွားမွေ ရင်မှာပိုက်လို့  
နှစ်ခြိုက်ပျော်မွေ့။

\- ရိုးရာမွေ လက်ဆင့်ကမ်း  
ရှေ့လှမ်းလို့ ဆက်ကာချီ၊  
တို့တစ်တွေ ကိုယ်စီထမ်း  
စိတ်ဝမ်းညီညီ၊  
အမျိုးသားရေး အားထုတ်မည်  
ဆင့်မြင့်ဆုံးဆီ ဖြစ်တည်သည်မို့၊  
တို့နိုင်ငံ တို့အမျိုးတို့  
ကြိုးစားကြပါစို့။

**ပြေအေးသက်**

# နိုင်ငံတကာ သတင်းများ

## ဗြိတိန်ဘုရင် ချားလ်-၃ လေးရက်ကြာခရီးစဉ်အဖြစ် အာဖရိကတိုက် ကင်ညာနိုင်ငံသို့ရောက်ရှိ

**နိုင်ရိုဘီ အောက်တိုဘာ ၃၁**

ဗြိတိန်ဘုရင် ချားလ်-၃ သည် လေးရက်ကြာ ခရီးစဉ်အဖြစ် အာဖရိကတိုက် ကင်ညာနိုင်ငံသို့ ယနေ့တွင် ရောက်ရှိနေပြီဖြစ်ကြောင်း သိရသည်။

အဆိုပါခရီးစဉ်သည် ချားလ်ဘုရင်-၃ အတွက် ဗြိတိန်ဘုရင်တစ်ဦးအဖြစ် သွားရောက်ခဲ့သည့် ပထမဆုံးဓနသဟာယနိုင်ငံခရီးစဉ်ဖြစ်သည်။

ကင်ညာခရီးစဉ်အတွင်း ဗြိတိန်၏ကိုလိုနီအုပ်စိုးမှုခေတ်အောက်၌ ကင်ညာပြည်သူများ ရင်ဆိုင်ခဲ့ရသည့်ဒုက္ခများအတွက် ဝန်ခံစကားပြောကြားရန် ချားလ်ဘုရင်-၃က စီစဉ်ထားသည်။

နိုင်ရိုဘီမြို့သို့ ရောက်ရှိလာသည့် ချားလ်ဘုရင်-၃နှင့် ကြင်ယာတော်မိဖုရားကာမီလာတို့ကိုကင်ညာသမ္မတ ဝီလျံရူတိုက ကြိုဆိုခဲ့ပြီး အမြောက် ၂၁ ချက် ပစ်ဖောက်ဂုဏ်ပြုခဲ့သည်။

ထို့နောက် ချားလ်ဘုရင်-၃နှင့် ကြင်ယာတော်တို့သည် နိုင်ရိုဘီမြို့တော် အူဟူရူဥယျာဉ်တွင်းရှိ အညတရစစ်သည်တော်များဂူဗိမာန်၌ ပန်းခွေချအလေးပြုခဲ့ကြောင်း သိရသည်။


အူဟူရူဥယျာဉ် အညတရစစ်သည်တော်ဂူဗိမာန်သည်ဗြိတိန်ထံမှ လွတ်လပ်ရေးရရှိပြီးဖြစ်ကြောင်း ကင်ညာနိုင်ငံက ၁၉၆၃ ခုနှစ် ဒီဇင်ဘာလတွင် ကြေညာခဲ့သောနေရာဖြစ်သည်။

ချားလ်ဘုရင်-၃သည် လေးရက်ကြာကင်ညာခရီးစဉ်အတွင်းကင်ညာနည်းပညာနယ်ပယ်မှ ရင်းနှီးမြှုပ်နှံသူများနှင့်တွေ့ဆုံရန် စီစဉ်ထားပြီး မွမ်ဘာဆာဆိပ်ကမ်းမြို့သို့ သွားရောက်ရန်လည်း စီစဉ်ထားကြောင်း သိရသည်။

**Ref : Xinhua**
**Trs : KKO**



## ပြည်ပကြားဝင်စွက်ဖက်မှုတို့ပြန်ရေးလုပ်ငန်းအစီအစဉ်များ ချမှတ်ကျင့်သုံးရန် သမ္မတပူတင်နှင့် ရုရှားလုံခြုံရေးထိပ်တန်းတာဝန်ရှိသူများဆွေးနွေး



**မော်စကို အောက်တိုဘာ ၃၁**

ဒါဂျက်စတန်လေဆိပ်တစ်ခု၌ အောက်တိုဘာ ၂၉ ရက်က အဓိကရုဏ်းဖြစ်စဉ်တစ်ရပ်ပေါ်ပေါက်ခဲ့ပြီးနောက် ပြည်ပကြားဝင်စွက်ဖက်မှုများကို တုံ့ပြန်ရေးအတွက် ခိုင်မာသည့်လုပ်ငန်းစဉ်များ ချမှတ်ကျင့်သုံးရန် ရုရှားသမ္မတပူတင်နှင့် လုံခြုံရေးထိပ်တန်းတာဝန်ရှိသူများက အောက်တိုဘာ ၃၀ ရက်တွင် ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

အဆိုပါဆွေးနွေးပွဲတွင် ရုရှားအမျိုးသားလုံခြုံရေးကောင်စီ၊အစိုးရအဖွဲ့ဝင်များနှင့် လုံခြုံရေးအေဂျင်စီများမှ ထိပ်တန်းတာဝန်ရှိသူများ ပါဝင်ခဲ့ကြသည်။

အောက်တိုဘာ ၂၉ ရက်တွင် ဒါဂျက်စတန်ဒေသမှ အစ္စရေးဆန့်ကျင်ရေးသမားများသည် အစ္စရေးမှရောက်ရှိလာသော လေယာဉ်တစ်စင်းပေါ်မှ ဂျူးလူမျိုးများကို ပစ်မှတ်ထား၍ လေဆိပ်တစ်ခုအား စီးနင်းခဲ့ကြသည်။

အဆိုပါဖြစ်စဉ် ပေါ်ပေါက်ခဲ့ပြီးနောက် ရုရှားသမ္မတ ပူတင်သည် ရုရှားပြည်တွင်း၌ မငြိမ်သက်မှုများ ပေါ်ပေါက်လာရေးအတွက် အနောက်အုပ်စု နိုင်ငံများနှင့် ယူကရိန်းတို့က လှုံ့ဆော်ကြံစည်နေသည်ဟု စွပ်စွဲထားကြောင်း သိရသည်။

အောက်တိုဘာ ၃၀ ရက်ဆွေးနွေးပွဲတွင် သမ္မတပူတင်နှင့် ထိပ်တန်းလုံခြုံရေး တာဝန်ရှိသူများသည် ပြည်ပကြားဝင် စွက်ဖက်မှုများပြန်လည်တုံ့ပြန်ရေးလုပ်ငန်းအစီအမံများကို ဆွေးနွေးခဲ့ကြသည်ဟု ကရင်မလင်နန်းတော် ပြောရေးဆိုခွင့်ရှိသူက ပြောကြားခဲ့ကြောင်း သိရသည်။

ဒါဂျက်စတန်ဒေသ မာခါချကာလာလေဆိပ် အဓိကရုဏ်းဖြစ်စဉ်၌ ပါဝင်ပတ်သက်မှုမရှိသည်ဟု ယူကရိန်းနိုင်ငံက ငြင်းပယ်ထားကြောင်း သိရသည်။

**Ref : RT**
**Trs : KKO**

## ဂါဇာကမ်းမြောင် ဥမင်လမ်းကွန်ရက်အတွင်းရှိ ဟားမတ်စ်အုပ်စုဝင်များကို အစ္စရေးတပ်များတိုက်ခိုက်

**ဂျေရုဆလင် အောက်တိုဘာ ၃၁**

ဂါဇာကမ်းမြောင်ဒေသအတွင်းရှိ မြေအောက်ဥမင်လမ်းကြောင်းကွန်ရက်များအတွင်း အစ္စရေးတပ်များနှင့် ဟားမတ်စ်လက်နက်ကိုင်များကြား တိုက်ပွဲဖြစ်ပွားနေကြောင်း အစ္စရေးစစ်ဘက်က ယနေ့တွင် သတင်းထုတ်ပြန်ထားသည်။

လူသားချင်းစာနာထောက်ထားမှုအကြောင်းရင်းများအရတိုက်ခိုက်မှုများရပ်ပေးရန် နိုင်ငံတကာတောင်းဆိုမှုများကို အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင်နေတန်ယာဟုက ငြင်းပယ်ခဲ့ပြီးနောက် ဂါဇာဒေသ ဥမင်လမ်းကွန်ရက်များ၌ အစ္စရေးနှင့် ဟားမတ်စ်တို့ကြား တိုက်ပွဲများ ဖြစ်ပွားနေခြင်းဖြစ်ကြောင်း သိရသည်။

ဟားမတ်စ်အုပ်စုကို ဖယ်ရှားရှင်းလင်းရန်ရည်ရွယ်ချက်ဖြင့်ဂါဇာကမ်းမြောင်ဒေသ၌ မြေပြင်ထိုးစစ်များချဲ့ထွင်ပြုလုပ်နေသည့် အစ္စရေးမြေပြင်တပ်များအတွက် ဟားမတ်စ်အုပ်စု၏ မြေအောက်ဥမင်ကွန်ရက်များမှာ အဓိကအန္တရာယ်တစ်ခုဖြစ်သည်။

အောက်တိုဘာ ၃၀ ရက်တွင် အစ္စရေးမြေပြင်တပ်များသည် ဂါဇာကမ်းမြောင်ဒေသရှိ တင့်ကားဖျက်ဒုံးကျည်စနစ်များ အပါအဝင် ဟားမတ်စ်ပစ်မှတ် ၃၀၀ ခန့်ကို တိုက်ခိုက်ခဲ့ကြကြောင်း အစ္စရေးစစ်ဘက်က သတင်းထုတ်ပြန်ထားသည်။

ထို့ပြင် ဟားမတ်စ်အုပ်စုအသုံးပြုနေသည့် မြေအောက်ဥမင်ကွန်ရက်များအတွင်းရှိ စစ်စခန်းများကိုလည်း အစ္စရေးမြေပြင်တပ်များက တိုက်ခိုက်ခဲ့ကြောင်း အစ္စရေးစစ်ဘက် သတင်းထုတ်ပြန်ချက်၌ ဖော်ပြထားကြောင်း သိရသည်။

ဟားမတ်စ်အုပ်စုသည် အောက်တိုဘာ ၇ ရက်တွင် အစ္စရေးတောင်ပိုင်းမြို့များကို အငိုက်ဖမ်းတိုက်ခိုက်ခဲ့ရာ အစ္စရေးစစ်ဘက်ကလည်း ဂါဇာကမ်းမြောင်ကို ပိတ်ဆို့၍ မြေပြင်ဝေဟင်ထိုးစစ်များဖြင့် ပြင်းထန်စွာ တိုက်ခိုက်လျက်ရှိကြောင်း သိရသည်။

**Ref : Xinhua**
**Trs : KKO**

## ရွေးကောက်ပွဲကိုဖျက်ရန် ကြံစည်နေကြဖွယ်ရှိသည့် စစ်သွေးကြွ ၅၉ ဦးကို အင်ဒိုနီးရှားဖမ်းဆီး

**ဂျကာတာ အောက်တိုဘာ ၃၁**

အင်ဒိုနီးရှားအကြမ်းဖက်မှု တိုက်ဖျက်ရေးအထူးတပ်ဖွဲ့သည်လာမည့်နှစ်သမ္မတရွေးကောက်ပွဲကို ဖျက်လိုဖျက်ဆီးလုပ်ရန် ကြံစည်နေသူများအဖြစ်ယူဆရသည့် စစ်သွေးကြွ၅၉ဦးတို့ကိုဖမ်းဆီးခဲ့ကြောင်းအင်ဒိုနီးရှားတာဝန်ရှိသူများက ယနေ့တွင် ပြောကြားခဲ့သည်။

အကြမ်းဖက်မှု တိုက်ဖျက်ရေးအထူးတပ်ဖွဲ့က ဖမ်းဆီးထားသူများအနက် ၁၉ ဦးမှာ ဂျမားအစ္စလာမီယာကွန်ရက်အဖွဲ့ဝင်များ ဖြစ်ကြပြီး ဦးရေ ၄၀ တို့မှာ ဂျေအေဒီအမည်ရှိ စစ်သွေးကြွအဖွဲ့မှအဖွဲ့ဝင်များဖြစ်ကြသည်။

အဆိုပါစစ်သွေးကြွအုပ်စု နှစ်ခုသည် အယ်လ်ကိုင်ဒါအုပ်စုနှင့် အစ္စလာမ်မစ် အကြမ်းဖက်အုပ်စု (အိုင်အက်စ်)တို့အပေါ် သစ္စာခံထားသောအုပ်စုများဖြစ်ကြသည်။

ဖမ်းဆီးထားသည့် စစ်သွေးကြွများသည် လာမည့်နှစ် သမ္မတရွေးကောက်ပွဲ ပျက်ပြားသွားစေရေးအတွက် တိုက်ခိုက်မှုများပြုလုပ်ရန် ကြံစည်ထားကြဖွယ် ရှိကြောင်း အင်ဒိုနီးရှား တာဝန်ရှိသူများက ပြောကြားခဲ့သည်။

၎င်းစစ်သွေးကြွအဖွဲ့ဝင်များကို အောက်တိုဘာ ၂ ရက်မှ ၂၈ ရက်ထိပြုလုပ်ခဲ့သော အထူးတပ်ဖွဲ့စစ်ဆင်ရေးများအတွင်း ဖမ်းဆီးနိုင်ခဲ့ခြင်းဖြစ်သည်။

အင်ဒိုနီးရှားနိုင်ငံသည် ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၁၄ ရက်တွင် သမ္မတရွေးကောက်ပွဲနှင့်လွှတ်တော်ရွေးကောက်ပွဲများ ကျင်းပရန် စီစဉ်ထားကြောင်း သိရသည်။

**Ref : RT**
**Trs : KKO**

## အိန္ဒိယနှင့် တရုတ်(တိုင်ပေ)ခရီးသည်များကို ဗီဇာကင်းလွတ်ခွင့်ပေးရန် ထိုင်းအစိုးရစီစဉ်

**ဗန်ကောက် အောက်တိုဘာ ၃၁**

အိန္ဒိယနှင့် တရုတ်(တိုင်ပေ) ခရီးသွားဧည့်သည်များကို ဗီဇာကင်းလွတ်ခွင့်ပေးရန် ထိုင်းနိုင်ငံက စီစဉ်ထားကြောင်း ထိုင်းအစိုးရတာဝန်ရှိသူများက ယနေ့တွင် ပြောကြားခဲ့သည်။

ခရီးသွားရာသီနီးလာချိန်တွင် ကမ္ဘာလှည့်ခရီးသည်များကို ပိုမိုဆွဲဆောင်နိုင်ရေးအတွက် ထိုင်းနိုင်ငံသို့လာရောက်မည့် အိန္ဒိယနှင့် တရုတ်(တိုင်ပေ) ခရီးသည်များကို ဗီဇာကင်းလွတ်ခွင့်ပေးရန် ထိုင်းနိုင်ငံက စီစဉ်ထားခြင်းဖြစ်ကြောင်း သိရသည်။

ထိုင်းအစိုးရ၏ ဗီဇာကင်းလွတ်ခွင့်ကို အိန္ဒိယနှင့် တရုတ်(တိုင်ပေ) ခရီးသွားများအနေဖြင့် လာမည့်လမှစ၍ ၂၀၂၄ ခုနှစ် မေလထိ ရယူခံစားနိုင်မည်ဖြစ်သည်။



ယခုနှစ် ဇန်နဝါရီလမှ အောက်တိုဘာ ၂၉ ရက်ထိ ထိုင်းနိုင်ငံတွင်းသို့ ခရီးသည် ၂၂သန်း ဝင်ရောက်ခဲ့ရာ ထိုင်းနိုင်ငံအတွက် ဝင်ငွေဘတ် ၉၂၇ဒသမ ၅ဘီလီယံ (အမေရိကန်ဒေါ်လာ ၂၅ ဒသမ ၆၇ ဘီလီယံ)ထိ ရရှိခဲ့သည်။

အိန္ဒိယနိုင်ငံသည် ထိုင်းနိုင်ငံအတွက် စတုတ္ထအကြီးဆုံးခရီးသွားလုပ်ငန်းဈေးကွက်ဖြစ်ပြီး ယခုနှစ်အတွင်း ထိုင်းနိုင်ငံသို့ဝင်ရောက်ခဲ့သောခရီးသည်များအနက် ၁ ဒသမ ၂သန်းမှာ အိန္ဒိယနိုင်ငံသား ခရီးသွားများဖြစ်ကြသည်။

ယခုနှစ် တစ်နှစ်လုံးအတွင်း ထိုင်းနိုင်ငံသို့ ကမ္ဘာလှည့်ခရီးသည် ၂၈ သန်းခန့်ထိ ဝင်ရောက်လာနိုင်သည်ဟု ထိုင်းအစိုးရက ခန့်မှန်းထားကြောင်း သိရသည်။

**Ref : Xinhua**
**Trs : KKO**

# SCIENCE AND TECHNOLOGY

## Space-X အာကာသနည်းပညာကုမ္ပဏီက စတားလင့်ခ်အင်တာနက်ဝန်ဆောင်မှုဂြိုဟ်တုသစ် ၂၃ စင်း လွှတ်တင်ခဲ့



**ဝါရှင်တန် အောက်တိုဘာ ၃၁**

အမေရိကန်နိုင်ငံ အခြေစိုက် Space-X အာကာသနည်းပညာကုမ္ပဏီသည် စတားလင့်ခ်အင်တာနက်ဝန်ဆောင်မှုဂြိုဟ်တုသစ် ၂၃ စင်းကို အောက်တိုဘာ ၃၀ ရက်တွင် လွှတ်တင်ခဲ့ကြောင်း သိရသည်။

စတားလင့်ခ်အင်တာနက် ဝန်ဆောင်မှုဂြိုဟ်တု ၂၃ စင်းကို သယ်ဆောင်ထားသော ဖယ်လ်ကွန်-၉ ဒုံးပျံကို ဖလော်ရီဒါပြည်နယ် ကိပ်ကာနေဗာရယ်လ် အာကာသစခန်းမှ တစ်ဆင့် လွှတ်တင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

လွှတ်တင်ပြီး ၈ ဒသမ ၅ မိနစ်အကြာတွင် ဖယ်လ်ကွန်-၉ ဒုံးပျံပင်မဒုံးယာဉ်သည် အတ္တလန္တိတ်သမုဒ္ဒရာအတွင်း စောင့်ဆိုင်းနေသော မောင်းသူမဲ့တွဲရေယာဉ်ပေါ်သို့ အောင်မြင်စွာ ပြန်လည်ဆင်းသက်ခဲ့သည်။

ဖယ်လ်ကွန်-၉ ဒုံးပျံ၏ ထိပ်ဖူးအဆင့်ဒုံးယာဉ်ကမူ လွှတ်တင်ပြီး ၆၅ မိနစ်အကြာတွင် စတားလင့်ခ်ဂြိုဟ်တုများကို သတ်မှတ်ပတ်လမ်းပေါ်သို့ ပို့ဆောင်ပေးနိုင်ခဲ့သည်။

အဆိုပါမစ်ရှင်သည် Space-X အာကာသနည်းပညာကုမ္ပဏီက ၂၆ ရက်အတွင်းလွှတ်တင်ခဲ့သည့် ဒုတိယမြောက် စတားလင့်ခ်မစ်ရှင်ဖြစ်ကြောင်း သိရသည်။

Space-X အာကာသနည်းပညာကုမ္ပဏီသည် အောက်တိုဘာ ၂၉ ရက်ကလည်း စတားလင့်ခ်အင်တာနက် ဝန်ဆောင်မှုဂြိုဟ်တု ၂၂ စင်းကို အောင်မြင်စွာလွှတ်တင်ခဲ့ပြီးဖြစ်သည်။

လက်ရှိအချိန်တွင် Space-X အာကာသနည်းပညာကုမ္ပဏီသည် စတားလင့်ခ်အင်တာနက်ဝန်ဆောင်မှု ဂြိုဟ်တုကွန်ရက်အတွက် ဂြိုဟ်တုအစင်းပေါင်း ၅၀၀၀ ကျော် လွှတ်တင်ထားပြီးဖြစ်ကြောင်း သိရသည်။

**Ref : Russia Today**

**Trs : KKO**

## အင်္ဂါဂြိုဟ်၏ဂြိုဟ်ရံလလေ့လာရေးအတွက် MMX အာကာသယာဉ်ကို လွှတ်တင်ရန် ဂျပန်အမျိုးသားအာကာသအေဂျင်စီ စီစဉ်ထား

**တိုကျို အောက်တိုဘာ ၃၁**

ဂျပန် အမျိုးသားအာကာသအေဂျင်စီသည် အင်္ဂါဂြိုဟ်၏ဂြိုဟ်ရံလ လေ့လာရေးအတွက် MMX အမည်ရှိအာကာသယာဉ်ကို လွှတ်တင်ရန်စီစဉ်ထားကြောင်း အောက်တိုဘာ ၃၀ ရက် သတင်းများအရ သိရသည်။

ဂျပန် အာကာသအေဂျင်စီသည် MMX မစ်ရှင်ကိုလာမည့်နှစ်အတွင်း လွှတ်တင်နိုင်ရန် ရည်ရွယ်ထားသည်။

အင်္ဂါဂြိုဟ်ဆီသို့ ရောက်ပြီးချိန်တွင် MMX အာကာသယာဉ်သည် မိုးဘော့စ်ဂြိုဟ်ရံလပေါ်မှ နမူနာကျောက်သားများ တူးထုတ်ရယူ၍ ကမ္ဘာပေါ်သို့ ပြန်လည်ပို့ဆောင်ပေးမည်ဖြစ်ကြောင်း သိရသည်။

အစီအစဉ်များအတိုင်း ဖြစ်မြောက်ခဲ့ပါက MMX အာကာသယာဉ်သည် ၂၀၂၉ ခုနှစ်တွင် မိုးဘော့စ်ဂြိုဟ်သိမ် နမူနာကျောက်သားများကို ကမ္ဘာပေါ်သို့ပြန်ပို့နိုင်မည်ဖြစ်သည်ဟု ဂျပန်အာကာသအေဂျင်စီက ကြေညာထားကြောင်း သိရသည်။



အင်္ဂါဂြိုဟ်တွင် မိုးဘော့စ်ဂြိုဟ်ရံလနှင့် ဒေးမော့စ်ဂြိုဟ်ရံလဟူ၍ ဂြိုဟ်ရံလနှစ်စင်းရှိပြီး မိုးဘော့စ်ဂြိုဟ်ရံလသည် အင်္ဂါဂြိုဟ်ရှိရာသို့ တိုးဝင်လျက်ရှိကြောင်း၊ ဒေးမော့စ်ဂြိုဟ်ရံလသည် အင်္ဂါဂြိုဟ်မှ တဖြည်းဖြည်းခွာထွက်လျက်ရှိကြောင်း သိရသည်။

MMX မစ်ရှင်တွင် ဥရောပနိုင်ငံများနှင့် အမေရိကန်နိုင်ငံတို့ကလည်း ပူးပေါင်းပါဝင်ထားကြောင်း သိရသည်။

**Ref : Xinhua News**

**Trs : KKO**

## ရှန်ကျိုး-၁၆ အာကာသလူသယ်ယာဉ်ဖြင့် လိုက်ပါလာသည့်အာကာသယာဉ်မှူး သုံးဦး ကမ္ဘာမြေပေါ်သို့ အောင်မြင်စွာပြန်လည်ဆင်းသက်နိုင်ခဲ့

**ပေကျင်း အောက်တိုဘာ ၃၁**

တရုတ်နိုင်ငံ၏ ရှန်ကျိုး-၁၆ အာကာသ လူသယ်ယာဉ်ဖြင့် လိုက်ပါလာသည့် အာကာသယာဉ်မှူး သုံးဦးသည် ယနေ့တွင် ကမ္ဘာမြေပေါ်သို့ အောင်မြင်စွာ ပြန်လည်ဆင်းသက်နိုင်ခဲ့ကြောင်း သိရသည်။

တရုတ် အာကာသယာဉ်မှူး သုံးဦးလိုက်ပါလာသည့် ရှန်ကျိုး-၁၆ အာကာသလူသယ်ယာဉ်သည် ကမ္ဘာမြေ အပြန်ခရီးစဉ်အတွက် အောက်တိုဘာ ၃၀ ရက်တွင် တီယန်ကောင်း အာကာသစခန်းမှ ပြန်လည်ခွာထွက်ခဲ့သည်။

ထိုသို့ ပြန်လည်ခွာထွက်ခဲ့ပြီးနောက် ရှန်ကျိုး-၁၆ အာကာသယာဉ်သည် ဂေါင်ဖန်းအာကာသယာဉ် ဆင်းသက်နယ်မြေပေါ်သို့ ယနေ့တွင် ပြန်လည်ဆင်းသက်ခဲ့ကြောင်း သိရသည်။

ရှန်ကျိုး-၁၆ အာကာသယာဉ်မှူး သုံးဦးသည် တီယန်ကောင်း အာကာသစခန်းသို့ ရှန်ကျိုး-၁၇ အာကာသယာဉ်မှူးများ ရောက်ရှိခဲ့ပြီးနောက် ကမ္ဘာမြေပေါ်သို့ ပြန်လည် ဆင်းသက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ရှန်ကျိုး-၁၆ အာကာသယာဉ်သည် တရုတ်အမျိုးသားအာကာသအေဂျင်စီ၏ ပဥ္စမမြောက် တီယန်ကောင်းအာကာသစခန်း အာကာသလူသယ်ယာဉ် မစ်ရှင်ဖြစ်သည်။

ရှန်ကျိုး-၁၆ အာကာသယာဉ်မှူးများသည် တီယန်ကောင်း အာကာသစခန်းယာဉ်ပေါ်၌ ခြောက်လကြာ တာဝန်ထမ်းဆောင်ခဲ့ပြီး သိပ္ပံပညာစမ်းသပ်မှု အမျိုးမျိုးပြုလုပ်ခဲ့ကြကြောင်း သိရသည်။

**Ref : Russia Today**

**Trs : KKO**

# HEALTH

## အချိန်ကာလအပိုင်းအခြားဖြင့် အစာစားသုံးခြင်းက ကိုယ်အလေးချိန်လျှော့ချရာတွင် ထိရောက်ဖွယ်ရှိ

**နယူးယောက် အောက်တိုဘာ ၃၁**

အချိန်ကာလအပိုင်းအခြားဖြင့် အစာစားသုံးခြင်းသည် ကိုယ်အလေးချိန်ကို လျှော့ချရာတွင် ထိရောက်ဖွယ်ရှိကြောင်း အောက်တိုဘာ ၃၀ ရက် သတင်းများအရ သိရသည်။

အမေရိကန်နိုင်ငံ အီလီနွိုက်တက္ကသိုလ်မှ သုတေသနပညာရှင်များသည် ကိုယ်အလေးချိန်ကို လျှော့ချရာတွင် ကာလအပိုင်းအခြားဖြင့် အစာစားသုံးမှုဖြစ်တောက်ခြင်း၏ အကျိုးသက်ရောက်မှုများကို ဖော်ထုတ်ရန် လူ ၇၅ ဦးကို လေ့လာခဲ့ကြသည်။

လေ့လာချက်မှ ထွက်ပေါ်လာသည့်ရလဒ်များအရ နေ့စဉ်မွန်းလွဲပိုင်းနှင့် ည ၈ နာရီကြားကာလအတွင်း၌ အစာစားသူများသည် ကယ်လိုရီလျှော့၍ စားသုံးသူများထက် ခြောက်လအတွင်း ကိုယ်အလေးချိန် ပို၍ကျဆင်းသွားတတ်သည်ကိုတွေ့ရကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

အလားတူ အချိန်ကာလအပိုင်းအခြားဖြင့် အစာစားသုံးမှု ဖြတ်တောက်ထားသူများတွင် သွေးအတွင်း ရေရှည် သကြားဓာတ်ပါဝင်မှုအဆင့် ကျဆင်းသွားတတ်ကြောင်းလည်း သုတေသနပညာရှင်များက ဖော်ထုတ်တွေ့ရှိခဲ့သည်။

မိမိတို့၏တွေ့ရှိချက်အရ ကိုယ်အလေးချိန်ကို လျှော့ချရာတွင် အချိန်ကာလ အပိုင်းအခြားဖြင့် အစာစားသုံးမှု ဖြတ်တောက်ထားခြင်းသည် ကယ်လိုရီစားသုံးမှုပမာဏကို ကန့်သတ်သည်ထက် ပို၍ ထိရောက်မှုရှိနိုင်ကြောင်း သုတေသန ပညာရှင်များက ပြောကြားသည်။

အထူးသဖြင့် အချိန်ကာလအပိုင်းအခြားဖြင့် အစာစားသုံးမှုဖြတ်တောက်ခြင်းသည် ကိုယ်အလေးချိန်လျှော့ချရန် ကြိုးစားနေသူ ဆီးချိုလူနာများအတွက် အကျိုးရှိနိုင်သည်ဟု သုတေသနပညာရှင်များက သုံးသပ်ထားကြောင်း သိရသည်။

**Ref : Sputnik News**

**Trs : KKO**

## ကိုကင်းစွဲမှုကာကွယ်ဆေးတစ်မျိုးကို ဘရာဇီးသုတေသနပညာရှင်များ ဖန်တီးထား

**ဘရာစီးလီးယား အောက်တိုဘာ ၃၁**

ကိုကင်းစွဲမှု ကာကွယ်ဆေးတစ်မျိုးကို ဘရာဇီးနိုင်ငံမှ သုတေသနပညာရှင်များက ဖန်တီးထားကြောင်း အောက်တိုဘာ ၃၀ ရက် သတင်းများအရ သိရသည်။

Calixcoca အမည်ရှိအဆိုပါ ကာကွယ်ဆေးသည် ကိုကင်း၏ ဓာတုအာနိသင်များ ဦးနှောက်ထဲရောက်ရှိမှုကို တားဆီးရေးအတွက် ခုခံအားစနစ်တုံ့ပြန်မှုကို လှုံ့ဆော်ပေးကြောင်း သိရသည်။

ကိုကင်း၏ အာနိသင်များ ဦးနှောက်ထဲမရောက်စေရန် တားဆီးခြင်းဖြင့် အသုံးပြုသူများအနေဖြင့် ကိုကင်းမူးယစ်အာနိသင်ကို ခံစားရတော့မည်မဟုတ်ဘဲ ကိုကင်းစွဲမှုသံသရာကို ဖြတ်တောက်နိုင်မည်ဖြစ်ကြောင်း ဘရာဇီးသုတေသနပညာရှင်များက ပြောကြားသည်။

ဘရာဇီး သုတေသနပညာရှင်များသည် Calixcoca ကာကွယ်ဆေးကို တိရစ္ဆာန်များတွင် လက်တွေ့ စမ်းသပ်မှုများပြုလုပ်ခဲ့ရာ ရလဒ်ကောင်းများ ရရှိထားကြောင်း သိရသည်။

အဆိုပါ ကိုကင်းစွဲမှုကာကွယ်ဆေးကို မကြာမီကာလအတွင်း လူသားလူနာများဖြင့် လက်တွေ့စမ်းသပ်နိုင်ရန် ဘရာဇီးသုတေသနပညာရှင်များက ရည်ရွယ်ထားကြောင်း သိရသည်။

ဘရာဇီးနိုင်ငံသည် ကမ္ဘာပေါ်၌ ကိုကင်း မူးယစ်ဆေးဝါးသုံးစွဲသူအများဆုံးနိုင်ငံများထဲတွင် ပါဝင်ကြောင်း သိရသည်။

**Ref : Sputnik News**

**Trs : KKO**



## နိုင်ငံတကာ အားကစားသတင်းများ

# ၂၀၂၃ ခုနှစ်အတွက် တစ်နှစ်တာအကောင်းဆုံးကလပ်အသင်းဆုကို ဘာစီလိုနာအမျိုးသမီးအသင်းရရှိ




**ပဲရစ် အောက်တိုဘာ ၃၁**

ပြင်သစ်နိုင်ငံ ပဲရစ်မြို့တွင် ကျင်းပခဲ့သည့် ယခုနှစ်အတွက် ဘောလွန်းဒီအော်ဆုပေးပွဲ အခမ်းအနားတွင် တစ်နှစ်တာအကောင်းဆုံးအမျိုးသမီးအသင်းဆုကို ဘာစီလိုနာအမျိုးသမီးအသင်းက ဆွတ်ခူးခဲ့ကြောင်း သိရသည်။

ဘာစီလိုနာအမျိုးသမီးအသင်းသည် ပြီးခဲ့သည့် ၂၀၂၂-၂၀၂၃ ဘောလုံးရာသီက အမျိုးသမီး အမှတ်ပေးပြိုင်ပွဲတွင် သွင်းဂိုး ၁၁၈ ဂိုး၊ ပေးဂိုး ၁၀ ဂိုးနှင့် အမှတ်ပေးဇယားထိပ်ဆုံးတွင်ဦးဆောင်နိုင်ခဲ့ပြီး ဒုတိယနေရာမှ ရီးရဲလ်မက်ဒရစ် အမျိုးသမီးအသင်းကို ရမှတ် ၁၀ မှတ်ထိဖြတ်တောက်၍ ချန်ပီယံရယူခဲ့ပြီး စပိန်စူပါဖလားပွဲစဉ်တွင်လည်း ဆိုစီဒက်အမျိုးသမီးအသင်းကို သုံးဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိအောင် စွမ်းဆောင်နိုင်ခဲ့ကာ ဆုဖလားရယူနိုင်ခဲ့သည်။

ထို့ပြင် ချန်ပီယံလိဂ်ပြိုင်ပွဲတွင်လည်း ဗိုလ်လုပွဲ၌ ဝုဖ်ဘတ်အသင်းနှင့်တွေ့ဆုံခဲ့ရာ ပထမပိုင်းတွင် နှစ်ဂိုးပြတ်ဖြင့် ရှုံးနိမ့်နေသော်လည်း ဒုတိယပိုင်းတွင် သုံးဂိုးထိ သွင်းယူနိုင်ခဲ့ပြီး သုံးဂိုး နှစ်ဂိုးဖြင့် အနိုင်ရခဲ့ကာ ဆုဖလားဆွတ်ခူးနိုင်ခဲ့သောကြောင့် တစ်နှစ်တာအကောင်းဆုံးကလပ်အသင်းဆုကို ဆွတ်ခူးခဲ့ခြင်းဖြစ်သည်။

အဆိုပါ တစ်နှစ်တာအကောင်းဆုံးဆုအား အသင်းဥက္ကဋ္ဌလာပေါ်တာ၊ အမျိုးသမီးအသင်းနည်းပြ ဂီရယ်ဒက်ဇ်နှင့် အသင်းကိုယ်စားပြုကစားသမားအဖြစ် ချန်ပီယံလိဂ်ပြိုင်ပွဲတွင် သွင်းဂိုးနှစ်ဂိုး သွင်းယူခဲ့သည့် ကွင်းလယ်ကစားသမားဂူဂျာရိုတို့က တက်ရောက်ယူခဲ့ကြောင်း သိရသည်။

**Ref : Xinhua**
**Trs : ML**

# Paris Masters ပြိုင်ပွဲ ပထမအဆင့်တွင် ဗြိတိန်ကစားသမား အင်ဒီမာရေးက ဒီမီနောကိုရှုံးနိမ့်

**ပဲရစ် အောက်တိုဘာ ၃၁**

ပြင်သစ်နိုင်ငံ ပဲရစ်မြို့တွင် ကျင်းပနေသည့် Paris Masters တင်းနစ်ပြိုင်ပွဲ ပထမအဆင့်ပွဲစဉ် တစ်ပွဲအဖြစ် ဗြိတိန်တင်းနစ်ကစားသမားအင်ဒီမာရေးနှင့်ဩစတြေးလျ တင်းနစ်ကစားသမား ဒီမီနောတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ဒီမီနောက (၇-၆ ၊ ၄-၆ ၊ ၇-၅) ရလဒ်ဖြင့် အနိုင်ရရှိကာ ဒုတိယအဆင့်သို့ တက်ရောက်ခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

အင်ဒီမာရေးသည် ဒုတိယအဆင့်သို့တက်ရောက်ရန် ရေပန်းစားခဲ့သော်လည်း Unforced error ကျူးလွန်ခဲ့သည့် အတွက်ကြောင့် ဒီမီနောကိုရှုံးနိမ့်ခဲ့ရသည်။

အင်ဒီမာရေးသည် ၂၀၁၆ ခုနှစ်နောက်ပိုင်း Paris Masters တင်းနစ်ပြိုင်ပွဲတွင် နိုင်ပွဲမရသေးသည့် မှတ်တမ်းဆိုးကိုချေဖျက်ရန် ကြိုးပမ်းခဲ့သော်လည်းရည်မှန်းချက် မပြည့်ဝခဲ့ဘဲ ပထမအဆင့်မှပင် ပြိုင်ပွဲမှထွက်ခွာခဲ့ရပြီး အခြားသောမှတ်တမ်းဆိုးတစ်ရပ်အနေဖြင့် အင်ဒီမာရေးသည် ယခုနှစ်တင်းနစ်ရာသီအတွင်း ဒီမီနောကို လေးကြိမ်တိုင်တိုင်ရှုံးနိမ့်ခဲ့ရသည့် မှတ်တမ်းဆိုးကိုလည်းရရှိခဲ့သည်။

အင်ဒီမာရေးက "ကျွန်တော့်ရဲ့ လက်ရှိအခြေအနေပေါ်မှာ လုံးဝကျေနပ်အားရမှုမရှိပါဘူး။ မဖြစ်သင့်တဲ့အမှားတွေကျူးလွန်ခဲ့တယ်။ ဒီနေ့ပွဲစဉ်မှာလဲ ဘာတွေဘယ်လိုဖြစ်သွားလဲ ကျွန်တော်မသိတော့ဘူး။ လက်ရှိရင်ဆိုင်နေရတဲ့အခြေအနေတွေကနေရုန်းထွက်နိုင်ဖို့ ပျော်ရွှင်မှုတွေလိုအပ်နေပါတယ်။ ပြိုင်ပွဲဝင်နေရတာ ပျော်နေတယ်ဆိုတဲ့ခံစားချက်မျိုးဖြစ်လာဖို့က အရေးကြီးတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : RT**
**Trs : AZL**

# ကမ္ဘာ့လူငယ်အကောင်းဆုံးကစားသမားဆုကို ရီးရဲလ်မက်ဒရစ်ကွင်းလယ်ကစားသမား ဘယ်လင်ဟမ် ဆွတ်ခူး

**မက်ဒရစ် အောက်တိုဘာ ၃၁**

ကမ္ဘာ့တစ်နှစ်တာအကောင်းဆုံးဆုပေးပွဲအခမ်းအနားတွင် ပေးအပ်သည့် ကမ္ဘာ့လူငယ်တစ်နှစ်တာအကောင်းဆုံး ကစားသမားဆုကို ဘိုင်ယန်မြူးနစ်အသင်းမှ မူစီလာကို ကျော်ဖြတ်ပြီး ရီးရဲလ်မက်ဒရစ်အသင်းမှ ကွင်းလယ်ကစားသမား ဘယ်လင်ဟမ်က ဆွတ်ခူးနိုင်ခဲ့ကြောင်း သိရသည်။

အသက် ၂၀ နှစ်ရှိ ဘယ်လင်ဟမ်သည် ပြီးခဲ့သည့်ဘောလုံးရာသီက ဒေါ့မွန်အသင်းတွင် ထိပ်တန်းအဆင့်ရှိ ခြေစွမ်းပြသနိုင်ခဲ့ပြီး အသင်းနှင့်အတူ ဂျာမန်ဘွန်ဒက်လီဂါပြိုင်ပွဲတွင် ၃၁ ပွဲပါဝင်ကစားခဲ့ကာ ရှစ်ဂိုးသွင်းယူနိုင်ခဲ့ပြီး လေးကြိမ်ဂိုးဖန်တီးမှုပြုလုပ်နိုင်ခဲ့သူဖြစ်သည်။

ဘယ်လင်ဟမ်သည် ပြီးခဲ့သည့်ဘောလုံးရာသီက ဒေါ့မွန်အသင်းမှ ရီးရဲလ်မက်ဒရစ် အသင်းသို့ ပြောင်းရွှေ့ကြေး စတာလင်ပေါင် ၁၀၄ သန်းဖြင့် ပြောင်းရွှေ့ကစားခဲ့ပြီးနောက် ယခုနှစ်ဘောလုံးရာသီတွင်လည်း ရီးရဲလ်မက်ဒရစ်အသင်းတွင် ထိပ်တန်းအဆင့်ရှိခြေစွမ်းပြသနိုင်ခဲ့ကာ စပိန်လာလီဂါပြိုင်ပွဲတွင် ၁၀ ပွဲပါဝင်ကစားခဲ့ရာ ၁၀ ဂိုးထိသွင်းယူထားနိုင်ခဲ့ပြီး လူငယ်တစ်နှစ်တာ အကောင်းဆုံးကစားသမားဆုကိုဆွတ်ခူးနိုင်ခဲ့သူဖြစ်သည်။

ကမ္ဘာ့တစ်နှစ်တာ လူငယ်အကောင်းဆုံး ကစားသမားဆုအတွက် မဲရလဒ်များအရ ဘယ်လင်ဟမ်၏နောက်တွင် ဘိုင်ယန်မြူးနစ်အသင်းမှ မူစီလာ၊ ဘာစီလိုနာအသင်းမှ ပက်ဒရီ၊ ရီးရဲလ်မက်ဒရစ်အသင်းမှ ကာမာဗင်ဂါနှင့် ဘာစီလိုနာအသင်းမှ ဂါဗီတို့က ထိပ်ဆုံးငါးဦးနေရာတွင် အစဉ်လိုက်ရပ်တည်ခဲ့ကြသည်။



ကမ္ဘာ့တစ်နှစ်တာအကောင်းဆုံးဆုပေးပွဲအခမ်းအနားတွင် တစ်နှစ်တာ အကောင်းဆုံးအမျိုးသားကစားသမားဆုကို မက်ဆီ၊ တစ်နှစ်တာ အကောင်းဆုံးအမျိုးသမီးကစားသမားဆုကို ဘွန်မာတီ၊ တစ်နှစ်တာအကောင်းဆုံးအမျိုးသားအသင်းဆုကို မန်စီးတီးအသင်း၊ တစ်နှစ်တာအကောင်းဆုံးအမျိုးသမီးအသင်းဆုကို ဘာစီလိုနာအမျိုးသမီးအသင်း၊ တစ်နှစ်တာအကောင်းဆုံး တိုက်စစ်ကစားသမားဆုကို ဟာလန်းနှင့် တစ်နှစ်တာအကောင်းဆုံးဂိုးသမားဆုကို မာတီနက်ဇ်တို့က အသီးသီး ဆွတ်ခူးခဲ့ကြကြောင်း သိရသည်။

**Ref : Sputnik**
**Trs : STA**

# အမျိုးသမီးဖူဆယ်ချန်ပီယံရှစ်ပြိုင်ပွဲကို ဒီဇင်ဘာလ ပထမပတ်တွင် ပြောင်းလဲကျင်းပမည်

**ရန်ကုန် အောက်တိုဘာ ၃၁**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဖူဆယ်နှင့်သဲသောင်ပြင်ကော်မတီက ကြီးမှူးကျင်းပမည့် အမျိုးသမီးဖူဆယ်ချန်ပီယံရှစ်ပြိုင်ပွဲကိုလာမည့် ဒီဇင်ဘာလ ပထမရက်သတ္တပတ်သို့ ပြောင်းလဲ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

အစောပိုင်းက မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဖူဆယ်နှင့်သဲသောင်ပြင်ကော်မတီက အမျိုးသမီးဖူဆယ်ချန်ပီယံရှစ် ပြိုင်ပွဲကို နိုဝင်ဘာ ၃ ရက်မှ ၁၂ ရက်ထိ ရန်ကုန်မြို့ရှိ MFF Futsal Stadium တွင်ကျင်းပရန် စီစဉ်ထားသော်လည်း ပြိုင်ပွဲဝင်အသင်းအရေအတွက် မပြည့်သေးသည့်အတွက် ပြိုင်ပွဲကို ရွှေ့ဆိုင်းခဲ့ခြင်းဖြစ်သည်။

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဖူဆယ်နှင့်သဲသောင်ပြင်ကော်မတီက အမျိုးသမီးဖူဆယ်ချန်ပီယံရှစ်ပြိုင်ပွဲကို ပြိုင်ပွဲဝင်အသင်း ၁၀ သင်းဖြင့်ကျင်းပရန် စီစဉ်ထားပြီး ပြိုင်ပွဲဝင်ကြေးအဖြစ်လည်း ငွေကျပ် ၁၅၀၀၀၀ သတ်မှတ်ထားသည်။

အမျိုးသမီးဖူဆယ်ချန်ပီယံရှစ် ပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်ရန် အသင်းစာရင်းပေးသွင်းခြင်းလုပ်ငန်းများပြီးစီးပါက အသင်းအုပ်ချုပ်သူ၊ နည်းပြအဖွဲ့ဝင်များနှင့်ကစားသမားစာရင်းသွင်းခြင်း လုပ်ငန်းများ ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကာ ပြိုင်ပွဲဝင်အသင်းများအနေဖြင့် အသင်းအုပ်ချုပ်သူ၊ နည်းပြအဖွဲ့ဝင်အရေအတွက်ကို အနည်းဆုံး သုံးဦးနှင့်အများဆုံး ငါးဦးထိပါဝင်ရမည်ဖြစ်ပြီး ကစားသမားများအနေဖြင့် အနည်းဆုံး ၁၄ ဦးနှင့် အများဆုံး ၁၆ ဦးထိ ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

**STA**

## အားကစားသတင်း အတိုအထွာများ

- အေဗာတန်အသင်းသည် နည်းပြဆီမွန်နီကို လာမည့် ၂၀၂၇ ခုနှစ်ထိ သုံးနှစ်သက်တမ်းတိုးမည်ဖြစ်သော်လည်း သက်တမ်းတိုးစာချုပ်တွင် ဆီမွန်နီက အသင်း၏ဘဏ္ဍာရေးအကျပ်အတည်းကြောင့် လုပ်ခလစာလျှော့ယူရန် သဘောတူညီခဲ့ကြောင်း သိရသည်။
- ကွင်းလယ်ကစားသမား ဖာဂျီအိုလီအနေဖြင့် လောင်းကစားမှုကြောင့် ခုနစ်လ ပွဲပယ်ခံထားရသော်လည်း ဂျူဗင်တပ်အသင်းက လာမည့် ၂၀၂၈ ခုနှစ်ထိ သက်တမ်းတိုးရန်စီစဉ်ခဲ့ကြောင်း သိရသည်။

**ML**

# နည်းပြတန်ဟတ်နှင့်ပတ်သက်၍ ဆုံးဖြတ်ချက်ချမည်ဟု ရက်ကလစ်ဖ် ပြောကြား

**မန်ချက်စတာ အောက်တိုဘာ ၃၁**

မန်ယူအသင်း၏ ရှယ်ယာ ၂၅ ရာခိုင်နှုန်းကိုဝယ်ယူခဲ့သည့် ဗြိတိန်ဘီလျံနာ ရက်ကလစ်ဖ်က နည်းပြတန်ဟတ်၏ အနာဂတ်နှင့်ပတ်သက်၍ ဆုံးဖြတ်ချက်ချပေးသွားမည်ဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

လက်ရှိတွင် မန်ယူအသင်း၏ ကစားသမားအပြောင်းအရွှေ့အခွင့်အာဏာကို နည်းပြတန်ဟတ်က တာဝန်ယူကိုင်တွယ်နေသော်လည်း ရက်ကလစ်ဖ်က အသင်း၏ ရှယ်ယာကို ဝယ်ယူခဲ့ပြီးနောက် ကစားသမား ပြောင်းရွှေ့ခွင့်နှင့်ပတ်သက်၍ ကိုင်တွယ်သွားမည်ဖြစ်သည့်အပြင် နည်းပြတန်ဟတ်ကိုလည်း ရာထူးမှထုတ်ပယ်ရန်စီစဉ်ထားကြောင်း သိရသည်။



နည်းပြတန်ဟတ်သည် မန်ယူအသင်းကို ၂၀၂၂ ခုနှစ်က စတင်တာဝန်ယူခဲ့ပြီးနောက် ကစားသမားအပြောင်းအရွှေ့တွင် ၎င်းခေါ်ယူလိုသည့် တောင်ပံကစားသမား အန်တိုနီ၊ ကွင်းလယ်ကစားသမား ကက်စ်မဲရိုး၊ ခံစစ်ကစားသမား မာတီနက်ဇ် စသည့်ကစားသမားများကိုခေါ်ယူပေးရန်ပြောကြားခဲ့ပြီးမှသာ လက်မှတ်ရေးထိုးခဲ့ခြင်းဖြစ်ပြီး အသင်းအနေဖြင့်လည်း အဆိုပါကစားသမားများကို အိုးထရက်ဖို့ဒ်သို့ခေါ်ယူပေးခဲ့ကြောင်း သိရသည်။

သို့သော် နည်းပြတန်ဟတ်အနေဖြင့် ယခုနှစ်ဘောလုံးရာသီ အမှတ်ပေးပြိုင်ပွဲတွင် ငါးပွဲနိုင်၊ ငါးပွဲရှုံးရလဒ်ဖြင့် အမှတ်ပေးဇယားအဆင့်(၈)တွင်သာ ရောက်ရှိနေသကဲ့သို့ ချန်ပီယံလိဂ်ပြိုင်ပွဲတွင်လည်း သုံးပွဲကစားအပြီးတွင် နှစ်ပွဲရှုံး၊ တစ်ပွဲနိုင်ရလဒ်ဖြင့် အဆင့်(၃)တွင် ရပ်တည်နေသောကြောင့် ရလဒ်ဆိုးများနှင့် ရင်ဆိုင်နေရပြီး အသင်းရှယ်ယာ ၂၅ ရာခိုင်နှုန်းဝယ်ယူ၍ အသင်းပိုင်ရှင်ဖြစ်လာသည့် ရက်ကလစ်ဖ်လက်ထက်တွင်လည်း လက်ရှိအချိန်ထိရာထူးတည်မြဲလျက်ရှိနေကြောင်း သိရသည်။

**Ref : Xinhua**
**Trs : ML**

# နိုင်ငံတကာစစ်မှုရေးရာအပြားပြား

## ဂျာမနီထံမှ MANTIS လေကြောင်းရန်ကာကွယ်ရေးစနစ် နှစ်စုံ စလိုဗက်ကီးယားနိုင်ငံ လက်ခံရရှိ



စလိုဗက်ကီးယားနိုင်ငံသည် ၎င်း၏ မြေပြင်အခြေစိုက် နယ်စပ်လုံခြုံရေးကို အဆင့်မြှင့်တင်ရန်အတွက် နိုင်ငံအနောက် တောင်ပိုင်း Nitra မြို့တွင် ကျင်းပသည့် အခမ်းအနားတစ်ခုတွင် ဂျာမနီနိုင်ငံထံမှ MANTIS လေကြောင်းရန်ကာကွယ်ရေး စနစ် နှစ်စုံကို လက်ခံရရှိခဲ့ကြောင်း www.thedefensepost.com သတင်းဌာနက အောက်တိုဘာ ၂၇ ရက်တွင် ရေးသား ဖော်ပြခဲ့သည်။

ဂျာမနီလေတပ်၏ SysFla လေကြောင်းရန်ကာကွယ်ရေး အစဉ်မျိုးမှ၏ တစ်စိတ်တစ်ပိုင်းဖြစ်သော ယူရိုသန်း ၁၁၀ (အမေရိကန်ဒေါ်လာ ၁၁၆ သန်း)တန်ဖိုးရှိ အဆိုပါ MANTIS စနစ်များသည် ယူကရိန်းနိုင်ငံနှင့် ၎င်း၏အရှေ့ဘက် နယ်စပ်ကို ကာကွယ်စောင့်ရှောက်နိုင်ရေးတွင် ကူညီရန်အတွက် စလိုဗက်ကီးယားနိုင်ငံသို့ အခမဲ့လွှဲပြောင်းပေးအပ်ခဲ့ခြင်းလည်းဖြစ်သည်။

စလိုဗက်ကီးယားနိုင်ငံ စစ်ဘက်မှ တပ်ဖွဲ့ဝင်ဝန်ထမ်း ၁၀၀ ကျော်ကို MANTIS လက်နက်စနစ်ကို အသုံးပြုကိုင်တွယ် လုပ်ဆောင်နည်း၊ ပြုပြင်ထိန်းသိမ်းနည်းများ လေ့ကျင့်သင်ကြားပေးထားကြောင်း၊ လက်နက်စနစ်တစ်စုံတွင် အလိုအလျောက် ပစ်ခတ်နိုင်သည့် ပစ်ခတ်မှုယူနစ် ခြောက်ခု၊ အာရုံခံယူနစ်နှစ်ခုနှင့် ကွပ်ကဲမှုဌာနတစ်ခုတို့ ပါဝင်ဖွဲ့စည်းထားကြောင်း သိရသည်။ ဂျာမနီနိုင်ငံမှ စလိုဗက်ကီးယားနိုင်ငံကို ပံ့ပိုးပေးမည့် ကာကွယ်ရေးစနစ်တွင် ကီလိုမီတာ ၁၀၀ ထိ ထောက်လှမ်းနိုင်စွမ်းရှိသော စောင့်ကြည့်ရေးရေဒါ ငါးစင်းလည်း ပါဝင်သည်။

MANTIS စနစ်များသည် လက်ရှိတွင် Nitra မြို့ရှိ စလိုဗက်ကီးယားနိုင်ငံ လေတပ်အမှတ် (၁၁) တပ်မဟာတွင် တပ်စွဲထားပြီး အလွန်နီးကပ်သော အကွာအဝေးအတွင်း ဝင်ရောက်လာနိုင်သည့် ဒုံးကျည်များကို ခြေရာခံထိန်းကျောင်းကာ တုံ့ပြန်ပစ်ခတ်ခြင်းဖြင့် နိုင်ငံအရှေ့ပိုင်းဒေသရှိ အရေးပါသော အမျိုးသားအခြေခံ အဆောက်အအုံများကို ကာကွယ်စောင့်ရှောက်နိုင်ရန် စီစဉ်ထားသည်။

"ဒီခေတ်မီစနစ်တွေကို ပိုင်ဆိုင်နိုင်ဖို့ သဘောတူညီချက်ဟာ ယူကရိန်းအတွက် ကျွန်တော်တို့ရဲ့ ပြတ်ပြတ်သားသား ပံ့ပိုးကူညီမှုနဲ့ မဟာမိတ်အဖွဲ့ရဲ့ တာဝန်သိတဲ့ လုပ်ဆောင်ချက်တစ်ရပ်ကို ကျေးဇူးတင်ရှိပါတယ်"ဟု စလိုဗက်ကီးယားနိုင်ငံ ကာကွယ်ရေးဝန်ကြီး Jaroslav Nad က ပြောကြားခဲ့သည်။

ရုရှား-ယူကရိန်း ပဋိပက္ခအတွင်း ဂျာမနီသည် ယူကရိန်းအပါအဝင် အခြားနိုင်ငံအသီးသီးကို အကူအညီပေးခဲ့သည်။ ဂျာမနီနိုင်ငံသည် စက်တင်ဘာလတွင် ယူကရိန်းနိုင်ငံကို စစ်ရေးအကူအညီ ယူရိုသန်း ၄၀၀ (အမေရိကန်ဒေါ်လာ ၄၂၈ သန်း) ထပ်မံပေးအပ်ရန် ကတိပြုခဲ့သေးသည်။

**Slovakia Receives Two MANTIS Air Defense Systems From Germany ကို ဘာသာပြန်ဆိုထားပါသည်။**

## ယူကရိန်းနိုင်ငံက Kamikaze ဒရုန်းစီးရီးထုတ်လုပ်မှုကို စတင်

ယူကရိန်းနိုင်ငံသည် ပြည်တွင်းထုတ် စစ်လက်နက်များဖြစ်သည့် Kamikaze ဒရုန်းထုတ်လုပ်ခြင်းကို စတင်နေပြီဖြစ်ကြောင်း www.thedefensepost.com သတင်းဌာနက အောက်တိုဘာ ၂၇ ရက်တွင် ရေးသားတင်ပြထားသည်။

First Contact ကုမ္ပဏီထုတ် Kamikaze ဒရုန်းတွင် ဒုံးကျည်ထိပ်ဖူးအလေးချိန် နှစ်ကီလိုဂရမ်မှ သုံးကီလိုဂရမ်ထိ သယ်ဆောင်နိုင်ကာ အကွာအဝေး ကီလိုမီတာ ၄၀ ထိ ပျံသန်းတိုက်ခိုက်နိုင်မည်ဖြစ်သည်။ အမြင့် နှစ်ကီလိုမီတာတွင် တစ်နာရီလျှင် ကီလိုမီတာ ၁၀၀ ထိ ပျံသန်းစစ်ဆင်နိုင်စွမ်းရှိသည်။ အဆေးထိန်းစနစ်ဖြင့် မောင်းနှင်ပျံသန်းနိုင်သော ဒရုန်း၏ပျံသန်းမှုလမ်းကြောင်းကို ကြိုတင်အစီအစဉ်ရေးဆွဲနိုင်ပြီး ၁၅ မိနစ်အတွင်း တိုက်ပွဲဝင်အသင့်လုပ်ဆောင်ရန် အသင့်ပြုလုပ်နိုင်သည်။

Kamikaze ဒရုန်းကို လျှို့ဝှက်ဆန်းကြယ်သောဒီဇိုင်းဖြင့် ထုတ်လုပ်ထားပြီး ပျံသန်းနေစဉ် အသံတိတ်လုနီးပါးဖြစ်စေကြောင်း ယူကရိန်းအစိုးရ၏ ကြီးတပ်ဒရုန်းတပ်ဖွဲ့ (Army of Drones) က Telegram ပို့စ်တွင် ရေးသားထားသည်။ Kamikaze ဒရုန်းသည် တိုက်ခိုက်ရေးအခြေအနေများတွင် စမ်းသပ်ထားပြီးဖြစ်ကာ ကင်းထောက်ဒရုန်းများနှင့် တွဲဖက်၍ အသုံးပြုရန် ရည်ရွယ်ထားသည်။

ယူကရိန်းနှင့် ရုရှားနှစ်နိုင်ငံစလုံးသည် ကင်းထောက်နှင့် တိုက်ခိုက်ရေးကိစ္စရပ်များတွင် ဒရုန်းထောင်ပေါင်းများစွာ အပြန်အလှန် တပ်ဖြန့်အသုံးပြုလာခဲ့ကြသည်။ ပြည်တွင်း၌ ဒရုန်းထုတ်လုပ်မှုကို အရှိန်မြှင့်တင်ရန်အတွက် ယူကရိန်းသည် ဇူလိုင်လတွင် ကြီးတပ်ဒရုန်းတပ်ဖွဲ့ (Army of Drones) ကို ဖွဲ့စည်းပြီး အစီအစဉ်တစ်ရပ်ကို စတင်လုပ်ဆောင်လာခဲ့ပြီး ဒရုန်းများကို စနစ်တကျဝယ်ယူရေး၊ ပြုပြင်ထိန်းသိမ်းမှုနှင့် အော်ပရေတာသင်တန်းများ အပါအဝင်ဖြစ်သည်။

စက်တင်ဘာလတွင် ပရိုဂရမ်အတွင်းမှ ဒရုန်းအစင်း ၁၇၀၀ ခန့်ကို ကင်းထောက်နှင့် တိုက်ခိုက်ရေး အခန်းကဏ္ဍများအပါအဝင် ရှေ့တန်းတွင် တပ်ဖြန့်ချထားနိုင်ခဲ့ကြောင်း၊ ယူကရိန်းတပ်ဖွဲ့ဝင်အင်အား ၃၀၀၀ ကျော်ကို လေ့ကျင့်သင်ကြားပေးနိုင်ခဲ့ကြောင်း ယူကရိန်းနိုင်ငံ၏ ဒစ်ဂျစ်တယ် အသွင်ကူးပြောင်းရေးဝန်ကြီး Mykhailo Fedorov က ပြောကြားသည်။

တိုက်ခိုက်ရေး ဒရုန်းများသည် တင့်ကားများ၊ သံချပ်ကာယာဉ်များနှင့် စစ်သုံးထရပ်ကားများ အပါအဝင် စက်တင်ဘာလအတွင်း ရုရှားပစ်မှတ် ၂၀၀ ကို တိုက်ခိုက်ဖျက်ဆီးနိုင်ခဲ့ကြောင်း Fedorov က ပြောကြားခဲ့သည်။



**Ukraine Launches Serial Production of 'Stealthy' Kamikaze Drone ကို ဘာသာပြန်ဆိုထားပါသည်။**

## လေဟင်မှလေဟင်ပစ်ဒုံးကျည်များတပ်ဆင်ထားသောဒရုန်းကို အီရန်နိုင်ငံ ထုတ်ဖော်ပြသ

အီရန်နိုင်ငံသည် ပြည်တွင်းထုတ် လေဟင်မှ လေဟင်ပစ် ဒုံးကျည်တပ်ဆင်ထားပြီး ပြည်တွင်း၌ပင် ဒီဇိုင်းထုတ်လုပ်တည်ဆောက်ထားသောဒရုန်းကို ထုတ်ဖော်ပြသခဲ့ကြောင်း www.thedefensepost.com သတင်းဌာနက အောက်တိုဘာ ၂၇ ရက်တွင် ရေးသားဖော်ပြခဲ့သည်။



အပူငွေ့ပုံရိပ်ရှာ အာရုံခံစနစ်သုံး AD-08 ဒုံးကျည်သည် Majid မြေပြင်မှ လေဟင်ပစ်ဒုံးကျည်ကို ပြုပြင်မွမ်းမံထားသော ဗားရှင်းဖြစ်ကြောင်း အီရန် ကြည်းတပ်၊ လေကြောင်းရန်ကာကွယ်ရေးတပ်ဖွဲ့ အရာရှိချုပ် ဗိုလ်မှူးချုပ် Alireza Sabahifard ၏ ပြောကြားချက်အပေါ် ကိုးကား၍ Tasnim သတင်းဌာနက ရေးသားဖော်ပြခဲ့သည်။

အီရန်နိုင်ငံမှ စက်မှုလုပ်ငန်းထုတ်လုပ်သူများအနေဖြင့် ဒုံးကျည်ကို ပြုပြင်မွမ်းမံရန် တစ်နှစ်ခွဲကြာ သုတေသနနှင့် စမ်းသပ်မှုများ ပြုလုပ်ခဲ့ကြရသည်။

အဆိုပါ AD-08 ဒုံးကျည်သည် ဒရုန်းများ၊ တိုက်လေယာဉ်များနှင့် ရဟတ်ယာဉ်များကဲ့သို့သော လေဟင်ပစ်မှတ်များကို အကွာအဝေး ရှစ်ကီလိုမီတာမှ ၁၆ ကီလိုမီတာထိ တိုက်ခိုက်နိုင်စွမ်းရှိကြောင်း သိရသည်။

၎င်း၏ Passive Infrared လမ်းညွှန်ထိန်းကျောင်းရေးစနစ်သည် ရေဒါအကူအညီမပါဘဲ ပစ်မှတ်ကို Lock On ပြုလုပ်၍ ထိန်းချုပ်ထားနိုင်ကြောင်း သိရသည်။

အီရန်သည် လေဟင်ပစ်မှတ်များကို ကြားဖြတ်ဟန့်တားရာတွင် အသုံးပြုနိုင်ရန်ရည်ရွယ်၍ လွန်ခဲ့သည့် ဆယ်စုနှစ်တစ်ခုကျော်ကပင် ဂျက်အင်ဂျင်သုံး ဒရုန်းကို တီထွင်ထုတ်လုပ်နိုင်ခဲ့သည်။ ကီလိုမီတာ ၁၀၀၀၊ အမြင့်ပေ ၄၇၀၀၀ ကျော်ထိ ပျံသန်းစစ်ဆင်နိုင်စွမ်းရှိကြောင်း သိရသည်။

၎င်းတွင် ၁၁၅ ကီလိုဂရမ် အလေးချိန်ရှိသော ဗုံးနှစ်လုံး သို့မဟုတ် ၂၂၇ ကီလိုဂရမ် အလေးချိန်ရှိသော တိကျပဲ့ထိန်းကျည်များ တပ်ဆင်အသုံးပြုနိုင်သည်။ ဒရုန်းဆင်းသက်ပျံသန်းရန်နှင့် ရည်မှန်းချက်တာဝန်ပြီးမြောက်၍ ပြန်လည်ဆင်းသက်ရန်တို့အတွက် Rocket-Assist System (ဒုံးပျံအထောက်အကူပြုစနစ်)ကို အသုံးပြုထားသည်။

**Iran Unveils Long-Range Drone Armed with Air-to-Air Missile ကို ဘာသာပြန်ဆိုထားပါသည်။**

မင်းမျိုး

# နှစ်ဖက်စလုံး အထိနာလျက်ရှိသော ဟားမတ်စ်-အစ္စရေးပဋိပက္ခ

မောင်သောင်းဝင်း(တမန်ဟောင်း)

အစ္စရေးနှင့်ဟားမတ်စ်တို့ကြား ဖြစ်ပွားလျက်ရှိသော ပဋိပက္ခသည် စိတ်ဓာတ်စစ်ဆင်ရေးစစ်ပွဲအသွင်သို့ ပြောင်းလဲလာလျက်ရှိပြီး နှစ်ဖက်စလုံးက ၎င်းတို့အနေဖြင့် အရပ်သားများကို လက်လွတ်စပယ်တိုက်ခိုက်သည့် စစ်ရာဇဝတ်မှုကို ကျူးလွန်ခြင်းမရှိကြောင်းနှင့် အနာဂတ်တွင်လည်း ထိုသို့တိုက်ခိုက်သွားမည်မဟုတ်ကြောင်း ပြောဆိုလျက်ရှိသည်။ စင်စစ်အားဖြင့် နှစ်ဖက်စလုံးသည် အရပ်သားများကို လက်လွတ်စပယ် တိုက်ခိုက်ခဲ့သည့်အပြင် အနာဂတ်တွင်လည်း အလားတူ တိုက်ခိုက်သွားမည့်အလားအလာရှိသည်။

နှစ်ဖက်စလုံးသည် အပြန်အလှန်စွပ်စွဲပြောဆိုမှုများကို ခုခံကာကွယ်ပြောဆိုလျက်ရှိပြီး အရပ်သားများအပေါ် တိုက်ခိုက်မှုနှင့်စပ်လျဉ်း၍ ပြည်ပနိုင်ငံများတွင် ဒေါသတကြီးဖြင့် တုံ့ပြန်မှုများဖြစ်ပေါ်လျက်ရှိသည်။ အစ္စရေးနိုင်ငံသည် မဟာမိတ်များ၏ထောက်ခံမှုများ ရရှိရန်နှင့် လူ့အခွင့်အရေးစောင့်ကြည့်သူများ၊ အထူးသဖြင့် ကုလသမဂ္ဂ၏ပြစ်တင်ဝေဖန်မှုများကိုချေပနိုင်ရေးအတွက် မြေပြင်နှင့်ဝေဟင် ပဋိပက္ခများဆင်နွှဲမှုနှင့်အပြိုင် သတင်းစစ်ဆင်ရေး တစ်စိတ်တစ်ဒေသကိုလည်း လုပ်ဆောင်လာလျက်ရှိသည်။

ဟားမတ်စ်အဖွဲ့အနေဖြင့်မူ ၎င်းတို့၏ခေါင်းဆောင်များက အရပ်သားများအပေါ် ရက်စက်ကြမ်းကြုတ်စွာ တိုက်ခိုက်မှုများလုပ်ဆောင်ခြင်းသည် အကြမ်းဖက်တိုက်ခိုက်မှုများကို ရှုတ်ချလျက်ရှိသော ပြည်ပအစိုးရများ၏ ထောက်ခံမှုကျဆင်းလာမည်ကို စိုးရိမ်ပူပန်လျက်ရှိသည်။ မည်သို့ပင်ဆိုစေကာမူ အစ္စရေး-ပါလက်စတိုင်းပဋိပက္ခ၏ ရှည်လျားလှသောသမိုင်းကြောင်းနှင့်အတူ အရပ်သားများသည် အကြောင်းမဲ့ တိုက်ခိုက်ခံရလျက်ရှိသည်။

အစ္စရေးနိုင်ငံအနေဖြင့်မူ အရပ်သားပြည်သူရာပေါင်းများစွာ သေကျေထိခိုက်ခဲ့သော လေကြောင်းမှဗုံးကြဲတိုက်ခိုက်မှုများကို ကာကွယ်ပြောဆိုလျက်ရှိသည်။ အစ္စရေးနိုင်ငံသည် မြေပြင်ထိုးစစ်ဆင်ရန်အတွက် ဂါဇာမြောက်ပိုင်းရှိ ပါလက်စတိုင်းပြည်သူများကို ၎င်းတို့၏နေအိမ်များမှထွက်ခွာရန် အမိန့်ပေးထားရှိသည်။

အမေရိကန်အပါအဝင် အနီးကပ်မိတ်ဖက်နိုင်ငံများ၏ ထောက်ခံမှုနှင့်အတူ အစ္စရေး၏ကာကွယ်ရေးထိုးစစ် အရှိန်မြင့်တက်လာခဲ့သည်။ အမေရိကန်အနေဖြင့်လည်း အရပ်သားပြည်သူများ သေကျေထိခိုက်မှုကို လျစ်လျူရှုခဲ့မှုနှင့်စပ်လျဉ်း၍ စိုးရိမ်ပူပန်ရလျက်ရှိသည်။ စင်စစ်အားဖြင့် ဟားမတ်စ်အဖွဲ့အပေါ် ပြစ်တင်ဝေဖန်မှုများမရှိခြင်းသည် တိုက်ခိုက်မှုများကို ပိုမိုအားပေးရာရောက်သလို အစ္စရေးနိုင်ငံကိုလည်း ဂါဇာသို့ဝင်ရောက်ပြီး ဟားမတ်စ်အစိုးရကိုဖြုတ်ချရန် တွန်းအားဖြစ်စေခဲ့သည်မှာ အထင်အရှားပင်ဖြစ်သည်။

အစ္စရေး၏ ဗုံးကျည်မိုးရွာသွန်းမှုနှင့် အမြောက်ပစ်ခတ်မှုများကြောင့် အောက်တိုဘာ ၂၂ ရက်ထိ ဂါဇာတွင်နေထိုင်လျက်ရှိသည့် ပါလက်စတိုင်းပြည်သူ ၄၆၅၀ ကျော် သေဆုံးခဲ့ပြီးဖြစ်ကြောင်းနှင့် ပါလက်စတိုင်း ၁၄၂၄၅ ဦးဒဏ်ရာရရှိခဲ့ကြောင်း ဟားမတ်စ်အဖွဲ့ ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသည်။ အခြားတစ်ဖက်တွင်လည်း အစ္စရေးနိုင်ငံတောင်ပိုင်းတွင် ဟားမတ်စ်အဖွဲ့၏တိုက်ခိုက်မှုကြောင့် သေဆုံးခဲ့သော အစ္စရေးနိုင်ငံသားအရေအတွက်သည် ၁၄၀၀ ကျော်ရှိပြီး အများစုသည် အရပ်သားပြည်သူများဖြစ်သည်။

ဂီတပွဲတော်တစ်ခု၌ ပါဝင်ဆင်နွှဲနေသည့် အမျိုးသားများ၊ အမျိုးသမီးများနှင့်ကလေးငယ်ဦးရေ ၁၅၀ ကို ဓားစာခံအဖြစ် ဖမ်းဆီးခဲ့မှုအပါအဝင် အရပ်သားပြည်သူများအပေါ် တိုက်ခိုက်မှုအတွက် ဟားမတ်စ်အဖွဲ့၏ဖြေရှင်းချက်သည် လက်တွေ့နှင့် ကင်းကွာလျက်ရှိသည်။ ဟားမတ်စ်ခေါင်းဆောင်များသည် အဆိုပါတိုက်ခိုက်မှုအတွက် တာဝန်ရှိမှုမှရှောင်ရှားနိုင်ရေး ကြိုးပမ်းလျက်ရှိကြသည်။ အစ္စရေးကြည်းတပ်စခန်းတစ်ခုကို တိုက်ခိုက်မှုအတွင်း ရှုန်းရင်းဆန်ခတ်ဖြစ်ပေါ်ခဲ့သဖြင့် အစုလိုက်အပြုံလိုက်သတ်ဖြတ်မှုဖြစ်ပွားခဲ့ရခြင်းဖြစ်ကြောင်း ဟားမတ်စ်ခေါင်းဆောင်များက ဖြေရှင်းပြောဆိုလျက်ရှိသည်။

ဟားမတ်စ်အဖွဲ့က ၎င်း၏စစ်ဘက်အဖွဲ့ခွဲဖြစ်သည့် Ezzedin Al-Qassam တပ်မဟာများသည် အစ္စရေးစစ်ဘက်နှင့်လုံခြုံရေးစနစ်များကို ပစ်မှတ်ထား တိုက်ခိုက်ခဲ့ကြောင်းနှင့် အရပ်သားပြည်သူများကို ရှောင်ရှားခဲ့ကြောင်း ထုတ်ပြန်ချက်တစ်ရပ်၌ အခိုင်အမာပြောကြားသွားခဲ့သည်။ ဟားမတ်စ်အဖွဲ့သည် ပြည်ပမီဒီယာများကိုလည်း အစ္စရေး၏ဝါဒဖြန့်မှုကို ယုံကြည်လက်ခံလျက်ရှိသည်ဟု စောဒကတက်လျက်ရှိသည်။ မည်သို့ပင်ဆိုစေ ဟားမတ်စ်အဖွဲ့၏ စောဒကတက် ပြောကြားမှုသဘာဝမကျဘဲ ရယ်စရာဖြစ်နေတော့သည်။ ဟားမတ်စ်အဖွဲ့ကိုယ်တိုင် ထုတ်ပြန်ခဲ့သည့် ဗီဒီယိုဖိုင်များ၌ပင်လျှင် လက်နက်မပါဘဲ ပြေးလွှားနေသော အစ္စရေးပြည်သူများကို ပစ်ခတ်သတ်ဖြတ်ခြင်းနှင့်ဂါဇာဘက်ခြမ်းသို့ အတင်းအဓမ္မဖမ်းဆီးခေါ်ဆောင်မှုများ လုပ်ဆောင်ခဲ့သည့်ပုံများပါရှိနေသည်။ စစ်သားများအနေဖြင့် ဖမ်းဆီးထားသော ကလေးငယ်များကို ထွေးပိုက်ထားပုံနှင့် လမ်းလျှောက်တတ်ခါစကလေးငယ်များကို စားစရာကျွေးမွေးသည့်ပုံများကို al-Qassam ၏ အွန်လိုင်းဗီဒီယို၌ ပြသထားသည်။ အစ္စရေးနိုင်ငံမှထုတ်ပြန်သော ဗီဒီယိုဖိုင်များ၌မူ ၎င်းတို့နေထိုင်သည့်အိမ်များ၌ပင် မီးရှို့ခံထားရသည့်လူကြီးများနှင့် ကလေးငယ်များ၏ အလောင်းပုံများကို ပြသလျက်ရှိသည်။

> ❖ ဟားမတ်စ်အဖွဲ့အနေဖြင့်မူ ၎င်းတို့၏ခေါင်းဆောင်များက အရပ်သားများအပေါ် ရက်စက်ကြမ်းကြုတ်စွာ တိုက်ခိုက်မှုများလုပ်ဆောင်ခြင်းသည် အကြမ်းဖက်တိုက်ခိုက်မှုများကိုရှုတ်ချလျက်ရှိသော ပြည်ပအစိုးရများ၏ ထောက်ခံမှုကျဆင်းလာမည်ကို စိုးရိမ်ပူပန်လျက်ရှိသည်။ မည်သို့ပင်ဆိုစေကာမူ အစ္စရေး-ပါလက်စတိုင်းပဋိပက္ခ၏ ရှည်လျားလှသောသမိုင်းကြောင်းနှင့်အတူ အရပ်သားများသည် အကြောင်းမဲ့ တိုက်ခိုက်ခံရလျက်ရှိသည်။ အစ္စရေးနိုင်ငံအနေဖြင့်မူ အရပ်သားပြည်သူ ရာပေါင်းများစွာ သေကျေထိခိုက်ခဲ့သော လေကြောင်းမှဗုံးကြဲတိုက်ခိုက်မှုများကို ကာကွယ်ပြောဆိုလျက်ရှိသည်။ ❖

အစ္စရေးတို့က ၎င်းတို့၏ တုံ့ပြန်တိုက်ခိုက်မှုကို ပါလက်စတိုင်းတို့နှင့် ကာလရှည်ကြာဖြစ်ပေါ်လျက်ရှိသော ပဋိပက္ခနှင့်ရောထွေးခြင်းမရှိဘဲ ရက်စက်ကြမ်းကြုတ်သော ဟားမတ်စ်တို့၏ တိုက်ခိုက်မှုကိုတုံ့ပြန်ခြင်းသာဖြစ်သည်ဟု ရှုမြင်ထားရှိသည်။ ၂၀၁၄ ခုနှစ်ကတည်းက အစ္စရေး-ဟားမတ်စ်တို့ကြား လက်နက်ကိုင် ပဋိပက္ခအနည်းဆုံး ခြောက်ကြိမ်ခန့်ဖြစ်ခဲ့ပြီးဖြစ်သည်။ မည်သို့ပင်ဆိုစေ အပြန်အလှန်တိုက်ခိုက်မှုများကို သမိုင်းကြောင်းက အဖြေပေးသွားမည်မှာ အသေအချာပင်ဖြစ်သည်။

အစ္စရေးအစိုးရက လက်တုံ့ပြန်တိုက်ခိုက်မှုများနှင့်စပ်လျဉ်း၍ အရပ်သားပြည်သူများ သေကျေထိခိုက်ဒဏ်ရာရရှိမှုဖြစ်ပွားရခြင်းသည် ပဋိပက္ခကိုစတင်ခဲ့သော ဟားမတ်စ်တို့၏တာဝန်သာဖြစ်ကြောင်း အခိုင်အမာပြောဆိုလျက်ရှိသည်။ ဟားမတ်စ်တို့သည် အရပ်သား ပြည်သူများကို သေကျေထိခိုက်မှုဖြစ်ပေါ်စေရန်နှင့် အစ္စရေးနိုင်ငံကို ပြစ်တင်ရန်အတွက် လူသားဒိုင်းများအဖြစ် ရည်ရွယ်ချက်ရှိရှိဖြင့် ထားရှိနေကြောင်းလည်း အစ္စရေးတာဝန်ရှိသူများက အခိုင်အမာပြောဆိုလျက်ရှိသည်။

အစ္စရေးသမ္မတ Isaac Herzog သည် လွန်ခဲ့သော သီတင်းပတ်က ပြုလုပ်ခဲ့သည့် သတင်းစာရှင်းလင်းပွဲ၌ သတင်းထောက်များက အစ္စရေးတို့၏ဂါဇာအပေါ် ဗုံးကြဲတိုက်ခိုက်မှုသည် စစ်ရာဇဝတ်မှုမြောက်သလားဆိုသော မေးမြန်းမှုကို ဒေါသတကြီးဖြင့် တုံ့ပြန်ပြောကြားခဲ့သည်။ အစ္စရေးနိုင်ငံအနေဖြင့် နိုင်ငံတကာဥပဒေအတိုင်း လိုက်နာဆောင်ရွက်လျက်ရှိကြောင်း၊ သင်၏မီးဖိုချောင်ထဲတွင် ဒုံးကျည်တစ်စင်းရှိနေပြီး မိမိကို တိုက်ခိုက်လာမည်ဆိုလျှင် မိမိအနေဖြင့် ခုခံကာကွယ်ပိုင်ခွင့်ရှိကြောင်း၊ ယခုဖြစ်စဉ်သည်လည်း အစ္စရေးတို့အနေဖြင့် မိမိကိုယ်ကိုကာကွယ်နေခြင်းသာ ဖြစ်ကြောင်း သမ္မတက သတင်းထောက်များကို ပြောကြားသွားခဲ့သည်။

အချို့သောနိုင်ငံများက တစိုက်မတ်မတ် ဝေဖန်လျက်ရှိသောကြောင့် အစ္စရေးအစိုးရအနေဖြင့် အငြင်းပွားမှုများသည် စိုးရိမ်ပူပန်မှုများ လျော့ချနိုင်မည်မဟုတ်ကြောင်း သဘောပေါက်လာခဲ့ပြီး တာဝန်ရှိသူတချို့သည် ၎င်းတို့၏တင်းမာသော ရပ်တည်ချက်များကို စတင်ဖြေလျှော့လာခဲ့သည်။ လွန်ခဲ့သော သီတင်းပတ်ကုန်ပိုင်း၌ အစ္စရေးလေတပ်သည် ဂါဇာကမ်းမြောင်၌ သတိပေးစာရွက်များဖြန့်ကြဲခဲ့သည်။ ၎င်းစာရွက်များ၌ ပြည်သူ ၁ ဒသမ ၁ သန်းအနေဖြင့် လူသားဒိုင်းအဖြစ် အသုံးချမှု မခံရစေရန်အတွက် ၂၄ နာရီအတွင်း တောင်ပိုင်းသို့ထွက်ခွာကြရန် သတိပေးဖော်ပြထားသည်။

သို့သော် လူ့အခွင့်အရေးမြှင့်တင်သူများကမူ အစ္စရေး-ဟားမတ်စ်ပဋိပက္ခသည် နိုင်ငံတကာဥပဒေကို ချိုးဖောက်လျက်ရှိကြောင်း ပြောဆိုလျက်ရှိသည်။ ကုလသမဂ္ဂနှင့်ကမ္ဘာ့ကျန်းမာရေးအဖွဲ့တို့သည်အဆိုပါ ပဋိပက္ခကို ဆန့်ကျင်ကန့်ကွက်ပြောဆိုလျက်ရှိသည်။ ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ် အန်တိုနီယိုဂူတာရက်စ်က အစ္စရေး၏ရွှေ့ပြောင်းရေးအမိန့်သည် အန္တရာယ်ကြီးမားပြီး အလွန်အမင်းဒုက္ခရောက်စေကြောင်းနှင့် ပြန်လည်သုံးသပ်သွားသင့်ကြောင်း တိုက်တွန်းတောင်းဆိုခဲ့သည်။

ပါလက်စတိုင်းအရေးနှင့်စပ်လျဉ်း၍ ကုလသမဂ္ဂကို အစီရင်ခံတင်ပြလျက်ရှိသည့် လူ့အခွင့်အရေးဆိုင်ရာ ကျွမ်းကျင်ပညာရှင် Francesca Albanese က ဂါဇာရှိ ပြည်သူများသည် အတင်းအကျပ်ရွှေ့ပြောင်းခံရပြီဆိုလျှင် လူမျိုးစုရှင်းလင်းမှု၏ ကြီးမားသော အန္တရာယ်ဖြစ်ကြောင်း သတိပေးပြောကြားပြီးနောက် ချက်ချင်းအပစ်အခတ်ရပ်စဲရန် တောင်းဆိုခဲ့သည်။ ထို့ပြင် WHO ကလည်း လူနာ ၂၀၀၀ ကို ဂါဇာမြောက်ပိုင်းမှတောင်ပိုင်းသို့ အတင်းအဓမ္မပြောင်းရွှေ့ခိုင်းခြင်းဖြစ်သည်။

အစ္စရေးနိုင်ငံသည် ဂါဇာဒေသသို့ လျှပ်စစ်နှင့် သောက်သုံးရေ ပံ့ပိုးမှုတို့ကို ဖြတ်တောက်ထားသည့်အပြင် စားနပ်ရိက္ခာတင်သွင်းမှုကိုလည်း ပိတ်ဆို့ထားရှိသည်။ လူ့အခွင့်အရေးစောင့်ကြည့်အဖွဲ့များက စားနပ်ရိက္ခာများ ဖြတ်တောက်ထားခြင်းသည် စစ်ရာဇဝတ်မှုကျူးလွန်ခြင်းပင်ဖြစ်ကြောင်း ထောက်ပြပြောဆိုလျက်ရှိသည်။ အစ္စရေးနိုင်ငံက ဂါဇာသို့ သွယ်တန်းထားသော ရေပိုက်များကို အောက်တိုဘာ ၁၅ ရက်တွင် ပြန်ဖွင့်ပေးခဲ့ကြောင်းနှင့် စားနပ်ရိက္ခာစီးဆင်းမှုကို ပြန်လည်ဖွင့်လှစ်ပေးခြင်း မရှိသေးကြောင်း ပြောကြားခဲ့သည်။

အစ္စရေးနိုင်ငံသည် မြေပြင်ထိုးစစ်ဆင်နွှဲမှုအပေါ် မဟာမိတ်နိုင်ငံများနှင့် မိတ်ဆွေနိုင်ငံများထံမှ ဝေဖန်မှုကို ဆတ်ဆတ်ထိမခံ တုံ့ပြန်ဆောင်ရွက်လျက်ရှိသည်။ အာရပ်နိုင်ငံများက အစ္စရေးကို ဟားမတ်စ်အဖွဲ့နှင့် အပစ်အခတ်ရပ်စဲရန် တောင်းဆိုလျက်ရှိသည်။ ဆော်ဒီ အိမ်ရှေ့စံမင်းသား မိုဟာမက်ဘင်ဆော်မန်က တိုင်းပြည်အတွင်းသို့ အလည်အပတ်ခရီး ရောက်ရှိနေသော အမေရိကန်နိုင်ငံခြားရေးဝန်ကြီး အန်တိုနီဘလင်ကန်ကို အပစ်အခတ်ရပ်စဲမှု ချက်ချင်းလုပ်ဆောင်သွားရမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ အီဂျစ်သမ္မတ အယ်စီစီကလည်း အရပ်သားပြည်သူများအား ထိခိုက်မှုမှန်သမျှကို ရှုတ်ချခဲ့ပြီး လက်ရှိပဋိပက္ခကို ချက်ချင်းအဖြေရှာဖွေသွားရန် တောင်းဆိုခဲ့သည်။ ၎င်းက လက်ရှိ ပဋိပက္ခသည် လွန်ခဲ့သောဆယ်စုနှစ် လေးခုကတည်းက အမြစ်တွယ်နေသော ဒေါသများနှင့် နာကြည်းမုန်းတီးမှုများကြောင့် ဖြစ်ပွားလာရသည်ဆိုသောအချက်ကို နားလည်သဘောပေါက်ရန်လိုအပ်သည်ဟု ပြောကြားခဲ့သည်။

သို့သော် အစ္စရေးနိုင်ငံကမူ အဆိုပါတောင်းဆိုမှုများကို ပယ်ချခဲ့သည်။ သမ္မတဂျိုးဘိုင်ဒင်ကလည်း အစ္စရေးတို့၏ အမြင်သဘောထားအတိုင်း သံယောင်လိုက် ပြောဆိုလျက်ရှိသည်။ ဒုတိယကမ္ဘာစစ်အတွင်း နာဇီတို့က ဂျူးများကို အစုလိုက်အပြုံလိုက်သတ်ဖြတ်ခဲ့ပြီးနောက်ပိုင်း မုန်းတီးမှုကိုအခြေခံ၍ ဂျူးလူမျိုးများကို အဆိုးရွားဆုံး အစုလိုက်အပြုံလိုက် သတ်ဖြတ်သည့် အခြားနည်းလမ်းတစ်ခုကို မိမိတို့ပေါ်ပေါ်တင်တင်ပင် မြင်တွေ့ခဲ့ရကြောင်းနှင့် ဟားမတ်စ်အဖွဲ့သည် ကလေးသူငယ်များနှင့် သက်ကြီးရွယ်အိုများကို ဓားစာခံအဖြစ် ဖမ်းဆီးခေါ်ဆောင်သွားခဲ့ကြောင်းလည်း ဂျိုးဘိုင်ဒင်က ပြောကြားခဲ့သည်။ ဂျိုးဘိုင်ဒင်သည် အစ္စရေးတို့ပြောဆိုသည့် အသုံးအနှုန်းအတိုင်းပင် ဟားမတ်စ်အဖွဲ့ကို ပြစ်တင်ဝေဖန်ပြောဆိုခဲ့သည်။ ဆိုလိုသည်မှာ ဟားမတ်စ်အဖွဲ့သည် ပြည်သူများကို လူသားတံတိုင်းအဖြစ် အသုံးပြုနေသည်ဟု စွပ်စွဲပြောဆိုလျက်ရှိသည်။

လက်ရှိအချိန်တွင် အစ္စရေးတို့အနေဖြင့် ဟားမတ်စ်တို့ကို အမြစ်ပြတ်ချေမှုန်းနိုင်မည်ဆိုလျှင် အဆိုပါနေရာကို မည်သူက အုပ်ချုပ်သွားမည်နည်း၊ ထို့ပြင် လွတ်လပ်သော နိုင်ငံထူထောင်သွားလိုသည့် ပါလက်စတိုင်းတို့၏အနာဂတ်သည် မည်သို့ဖြစ်လာမည်နည်း ဆိုသော မေးခွန်းများသည် အစ္စရေး၏အိမ်နီးချင်းနိုင်ငံများကြားတွင် သို့လောသို့လော ထွက်ပေါ်လျက်ရှိသည်။

လက်ရှိဖြစ်ပွားလျက်ရှိသော အစ္စရေး-ဟားမတ်စ်ပဋိပက္ခ၌ နှစ်ဖက်စလုံးမှပြည်သူများ သေကျေထိခိုက်မှု ဖြစ်ပွားနေသည်ဆိုသောအချက်ကို မည်သူမျှ ငြင်းဆန်နိုင်မည်မဟုတ်ချေ။ နိုင်ငံတကာအဖွဲ့အစည်းများမှ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများပေးပို့နိုင်ရေး ကြိုးပမ်းနေသည့်တိုင်အောင် သေကျေထိခိုက်မှုများ ဆက်လက်မြင့်တက်နေဆဲပင်ဖြစ်သည်။ အင်အားကြီးနိုင်ငံများအနေဖြင့် ပဋိပက္ခကို အားပေးအားမြှောက် လုပ်ဆောင်နေသည်ထက် အပြစ်မဲ့ပြည်သူများအကျိုးကို မျှော်တွေးကာ ယာယီပဋိပက္ခရပ်ဆိုင်းနိုင်မည့် ကြားဝင်စေ့စပ်ဆွေးနွေးမှုများ လုပ်ဆောင်သွားသင့်ပြီဖြစ်သည်။ ထိုသို့ လုပ်ဆောင်နိုင်ခြင်းမရှိလျှင် စစ်လက်နက်ပစ္စည်း ထုတ်လုပ်ရောင်းချနေသော ကုမ္ပဏီကြီးများကိုသာ ပိုမိုအကျိုးဖြစ်ထွန်းလာစေမည်ဖြစ်ပြီး အလားတူပဋိပက္ခများကို ထပ်မံ ဖန်တီးလာနိုင်ပေသည်။

**ကိုးကား**

- **No winners so far in Hama-Israel PR war By Asia Times.**

# ချောင်းဦးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ငရုတ် ၁၄၆၈ ဧက စိုက်ပျိုးပြီးစီး


ယခင်နှစ်က ငရုတ်စိုက်ခင်းကို တွေ့ရစဉ်။

**ချောင်းဦး အောက်တိုဘာ ၃၁**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ချောင်းဦးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ငရုတ် ၁၄၆၈ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ချောင်းဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မြတ်မြတ်ဦးက ပြောပြ၍ သိရသည်။

ချောင်းဦးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ငရုတ် ၁၃၉၆ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် ဇွန်လမှစတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၁၄၆၈ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ချောင်းဦးမြို့နယ်မှာ ငရုတ်စိုက်ပျိုးမှုကတော့ အခြေအနေကောင်းပါတယ်။ ငရုတ်ကိုစီးပွားဖြစ်စိုက်ပျိုးကြဖို့အတွက်လဲ ဆောင်ရွက်ပေးနေပါတယ်။ ဒီနှစ် မိုးကာလမှာဆိုရင် ငရုတ်ဧက ၁၀၀၀ ကျော် လျာထားစိုက်ပျိုးခဲ့ရာ ဧက ၁၄၀၀ ကျော် စိုက်ပျိုးပြီးစီးပါပြီ"ဟု ချောင်းဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မြတ်မြတ်ဦးက ပြောပြသည်။

ချောင်းဦးမြို့နယ်တွင် ၂၀၂၂ ခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက ငရုတ်ကို ၂၀၂၂ ခုနှစ် ဇွန်လမှ စတင်၍ စက်တင်ဘာလထိ စိုက်ပျိုးခဲ့ရာ ၁၃၉၆ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

ငရုတ်စိုက်တောင်သူများအနေဖြင့် ငရုတ်သီးနှံအထွက်နှုန်းကောင်းမွန်စေရန် စိုက်ပျိုးနည်းစနစ် နည်းပညာပေးခြင်း၊ ပိုးမွှားကာကွယ်နှိမ်နင်းရန် နည်းပညာပေးခြင်း၊ မြေဆီလွှာအာဟာရဖွံ့ဖြိုးတိုးတက်ရန် နည်းပညာပေးခြင်းတို့ကို သက်ဆိုင်ရာ ခရိုင်၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက ဆောင်ရွက်ပေးလျက်ရှိကြောင်း ချောင်းဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

(၂၀၆)

# ပွင့်ဖြူမြို့နယ် စံပြကျေးရွာ၌ ရေရရှိရေးလုပ်ငန်းဆောင်ရွက်နေမှု စစ်ဆေး

**ပွင့်ဖြူ အောက်တိုဘာ ၃၁**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ သန့်ရှင်းသော သောက်သုံးရေဖူလုံစွာရရှိစေရန်ရည်ရွယ်၍ သရက်အုပ်ကျေးရွာအုပ်စု စံပြကျေးရွာ၌ ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို အောက်တိုဘာ ၃၀ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မင်းဘူးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းမြတ်သိန်း၊ ပွင့်ဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးလှဌေးမောင်၊ ခရိုင်နှင့် မြို့နယ်တာဝန်ခံ အင်ဂျင်နီယာများက ကျေးရွာရေပေးရေး ကော်မတီဝင်များနှင့်အတူ ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ယူဆောင်ရွက်သော Shwe Group ကုမ္ပဏီမှ တာဝန်ခံအင်ဂျင်နီယာက လုပ်ငန်းဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြမှုအပေါ် မင်းဘူးခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းမြတ်သိန်းက သတ်မှတ် စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးအောင် ဆောင်ရွက်ကြရန် မှာကြားသည်။



၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်၌ ပွင့်ဖြူမြို့နယ် စံပြကျေးရွာ၌ အနက်ပေ ၃၀၀ စက်ရေတွင်းတူးဖော်ခြင်း၊ ဂါလန် ၅၀၀၀ ဆံ့ ရေလှောင်ကန်တည်ဆောက်ခြင်း၊ ရေမြှုပ်ပန့်တပ်ဆင်ခြင်း၊ ရေစက်ရုံတည်ဆောက်ခြင်း၊ အကျယ် ပေ ၁၆၀ ခြံစည်းရိုးကာရံခြင်း၊ ဂါလန် ၂၀၀၀ ဆံ့ ရေစုကန်တည်ဆောက်ခြင်းလုပ်ငန်းတို့ကို ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၂၆ သန်းဖြင့် Shwe Group ကုမ္ပဏီက ယခုနှစ် ဇွန် ၂၀ ရက်မှစတင်၍ တာဝန်ယူဆောင်ရွက်လျက်ရှိရာ ယခုအခါ လုပ်ငန်းများ ၈၀ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါလုပ်ငန်းများ ဆောင်ရွက်ပြီးစီးပါက ကျေးရွာရှိ အိမ်ခြေ ၆၃၄ အိမ်နှင့် လူ ၃၃၁၈ ဦးတို့အတွက် သောက်သုံးရေဖူလုံစွာရရှိတော့မည်ဖြစ်ကြောင်း သိရသည်။

**ခင်မာ**

# မြန်အောင်မြို့နယ် ကျေးရွာနှစ်ရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**မြန်အောင် အောက်တိုဘာ ၃၁**

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်ခရိုင် မြန်အောင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျောင်းကွင်းကျေးရွာနှင့် ချင်းစုကျေးရွာ၌ ဒုတိယအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေးခြင်းကို ယနေ့တွင် အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မြန်အောင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးတင်ထွန်းအောင်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးရွာရပ်မိရပ်ဖများ၊ ကျေးရွာတာဝန်ရှိသူများ၊ အသင်းသား၊ အသင်းသူများနှင့် တွေ့ဆုံပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်းဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ ရရှိလာမည့်အကျိုးကျေးဇူးများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်း လက်စွဲစာစောင်ပါ စည်းမျဉ်းစည်းကမ်းများ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေများမှ ကျေးလက်နေပြည်သူများ၏ တာဝန်နှင့်ရပိုင်ခွင့်များကို ပြောကြားသည်။

ဆက်လက်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်းတာဝန်ခံဝန်ထမ်းများက စီမံကိန်းစက်ဝန်းကာလ သတ်မှတ်ချက်များ၊ အတိုးနှုန်းသတ်မှတ်ချက်များ၊ စည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၃၄ ဒသမ ၇ သန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ကျောင်းကွင်းကျေးရွာနှင့် ချင်းစုကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၅၂ ဦးကို ငွေကျပ် ၂၁ ဒသမ ၈၄သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၉ ဦးကို ငွေကျပ် ၅ ဒသမ ၈၉ သန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၂၈ဦးကို ငွေကျပ် ၅ ဒသမ ၃၂သန်း၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းလုပ်ကိုင်သူ ၁၅ ဦးကို ငွေကျပ် ၁ ဒသမ ၆၅ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၁၄ ဦးကို ငွေကျပ် ၃၄ ဒသမ ၇သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **သံသာ**






## မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

**၃၁-၁၀-၂၀၂၃**

| | | |
|---|---|---|
| **ဆန်** | | |
| ရွှေဘိုဘေးကျား (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၁၁၀၀၀၀/၁၁၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၁၀၂၀၀၀/၁၀၄၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၉၆၀၀၀/၉၈၅၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၉၆၀၀၀/၉၈၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၇၄၀၀၀/၇၈၀၀၀ |
| ဧည့်ဝိယာ(အသစ်) (တစ်အိတ်) | ကျပ် | ၇၂၀၀၀/၇၅၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၆၉၀၀၀/၇၂၀၀၀ |
| **စားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၄၀၀၀/၁၅၀၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၂၅၀၀/၁၃၅၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၄၀၀၀/၁၄၅၀၀ |
| **စက်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၂၈၅ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၂၄၀၀ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၂၁၁၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၂၁၂၅ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၂၂၄၀ |

**(သာ စက်သုံးဆီဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)**

**အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ**

| | | |
|---|---|---|
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့နှစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၂၉၀၆၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၁၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၂၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၄၀၀ |

(၁၉၆)

# Chairman of State Administration Council Prime Minister Senior General Min Aung Hlaing addresses prize-presentation ceremony of 24th Myanmar Traditional Cultural Performing Arts Competition


Senior General Min Aung Hlaing addresses the ceremony.

**Nay Pyi Taw October 31**

The prize-presentation ceremony of the 24th Myanmar Traditional Cultural Performing Arts Competition was held at the Conference Hall of MICC-II here this morning, addressed by Chairman of State Administration Council Prime Minister Senior General Min Aung Hlaing.

Also present were Daw Kyu Kyu Hla, wife of the Senior General, Daw Than Than Nwe, wife of the SAC Vice Chairman the Deputy Prime Minister, the Joint SAC Secretary and wife, SAC members and wives, union level officials, union ministers, the Nay Pyi Taw Council chair, senior military officers from Office of Commander-in-Chief, the Nay Pyi Taw Command commander, deputy ministers, members of the steering committee, work committee and subcommittees, ministers of regions and states, judges, supervisors, coaches, aides, national brethren prize-winners, traditional dance troupes from regions and states and officials.

In his address, the Senior General said the 24th Myanmar Traditional Cultural Performing Arts Competition successfully concluded on a grand-scale in accord with its objectives. May the love and unity among national brethren be strengthened more by preserving and protecting national cultural heritage, and may all the contestants become the persons who can uplift the hour of the race, inherent pride and national pride based on the existing love and friendship, he said in his greetings.


Senior General Min Aung Hlaing presents an honorary certificate.


Senior General Min Aung Hlaing presents an honorary certificate.

The Senior General also said the competition was held for 22 times from 1993 to 2016 with the aim of promoting the love for traditional culture among new generation youths, and awakening national fervor and patriotism to protect the interest of the country and race, alongside the efforts to discover and preserve the delicate and high-standard Myanmar traditional performing arts.

After an over five-year break, SAC organized the 23rd competition in 2022, and this year, it successfully held the 24th competition. In this regard, the prize-presentation ceremony could be held at the auspicious moment.

After an over five-year break, SAC organized the 23rd competition in 2022, and this year, it successfully held the 24th competition. In this regard, the prize-presentation ceremony could be held at the auspicious moment. During the 23rd competition in 2022, the number of contestants at the central level was higher than anticipated even though the repercussions of Covid-19 still remained. The fact stands witness to a large number of seasoned artists and new generation artists longing for the competition during its break. The number of contestants at the central level of the 24th competition was 2306, which is an increase of 468, when compared with the 23rd competition's 1838. It's a pleasure for all.

The competition was organized for three events in singing contest, eight events in dancing contest, four events in song-composing contest and 13 evens in playing music contest, totalling 28. Five categories for contestants—amateur (first class), amateur (second class), higher education, basic education (aged 15-20) and basic education (aged 10-15)—were allowed for competitions.

Last year, number of medallists was 181 gold medallists, 143 silver medallists, 121 bronze medallists, 56 consolation medallists and two special medallists, totalling 503. This year, number of winners will be 171 gold medallists, 156 silver medallists, 156 bronze medallists, consolation medallists and special medallists, more than last year.

Currently, the government of the State Administration Council is striving for forging peace and stability of the future State, ensuring solidarity among the ethnics and developing socioeconomy of citizens. On one hand, the youths who will shape the future of the State are being nurtured to become good and able persons of the State with five categories of strengths.

In order to possess five kinds of strengths, fine arts is a basic factor to nurture the youths to have the traditional culture and customs.

Moreover, only when Myanmar music, dancing and traditional culture are thriving, will the youths have mental improvements on the correct national path and will they have improved national strengths.

Based on these successes the individuals won and mutual and firm compassion, those contestants have to serve the interests of their regions, the State and citizens on their arrival back in their regions. The Senior General urged them to build the beautiful Union through the unity.

Then, the Senior General presented prizes of honour to traditional dance troupes from Kachin, Kayah, Kayin, Chin, Mon, Rakhine and Shan states respectively.

Shan traditional dance troupe performed dancing to the audiences.

On the agenda of second portion, the wife of the SAC Chairman Prime Minister presented medals and certificates of honour to winners in the amateur level first and second class women's classical song contest.

The wife of the SAC Vice Chairman Deputy Prime Minister, the wife of the Council Joint Secretary and the wife of the council member presented medals and certificates of honour to winners in the higher education and basic education (aged 15-20) women's and (aged 10-15) girls' classical song contest respectively.

SAC members gave medals and certificates of honour to winners in the amateur first and second class, higher education, basic education (aged 15-20) men's and basic education (aged 10-15) boys' classical song contest and winners in the amateur first and second class, high education, basic education (aged 15-20) men's and basic education (aged 10-15) boys' old/modern song contest respectively.

Council members and their wives and Union-level officials presented medals and certificates of honour to winners in the amateur first


Senior General Min Aung Hlaing presents an honorary certificate.

and second classes, higher education, basic education (aged 15-20) women's and basic education (aged 10-15) girls' old/modern song contest and amateur second class and higher education men's song-composing contests respectively.

See Page 15

# Chairman of State Administration Council Prime Minister Senior General Min Aung Hlaing attends ceremony to present honorary certificates, commemorative dinner for 24th Traditional Cultural Performing Arts Competitions



Senior General Min Aung Hlaing presents a certificate of honour.



Senior General Min Aung Hlaing presents a certificate of honour.

**Nay Pyi Taw October 31**

Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing attended the ceremony to present certificates of honour and the commemorative dinner for the 24th Traditional Cultural Performing Arts Competition held at the Myanmar International Convention Centre in Nay Pyi Taw this evening.

Also present at the ceremony and the commemorative dinner were Daw Kyu Kyu Hla, the wife of the Senior General, Daw Than Than Nwe, the wife of the Vice Chairman of the SAC Deputy Prime Minister, the joint secretary of the SAC and wife, members of the SAC and wives, union level officials, union ministers, the chairman of Nay Pyi Taw Council, senior officers from the Office of the Commander-in-Chief of Defence Services, the commander of Nay Pyi Taw Command, deputy ministers, members of the leading organizing committee, work committees and sub-committees, chief ministers of regions and states, expert judges, managers, instructors and officials and participants from states and regions in the competition.

First, the Senior General delivered a speech saying the 24th Traditional Cultural Performing Arts Competition was held successfully from 24 to 31 October in accordance with its aims and objectives. The commemorative dinner was held due to the concerted efforts made unitedly by the attendees.

As the country is resided by different natioanl races, there are abundant traditions and fine arts of different national races. With the origination of mankind in the land according to the history of the country, there are different cultural traditions, fossil evidence, handicrafts, costumes, artistic songs and dances and musical instruments in the evolution of the country, which has its own literature, language and cultural traditions.

However different musical instruments are, all of them are categorized as five kinds of Myanmar instruments such as brass, strings, leather, air and percussion.

Although different dances such as the Kachin Manaw dance, the Kayah flagstaff dance, the Kayin choreographed group dance, the Chin bamboo pole dance, the Myanmar short drum dance, the Mon Brahminy duck couple dance, the Rakhine Shindai dance and the Shan Kinnari Kinnara dance seem to be different, they all are based on rhythm and percussion and Myanmar choreography such as movements of body parts such as the head, the waist, the feet and the hands. Therefore, Myanmar cultural traditional fine arts are invaluable genuine legacies of ancestors of the entire national people.

Each and every citizen of the country can be proud of such invaluable treasures which have been in existence in history for a long time as national characteristics in the world. Similarly. they must be utilized as a bridge for unity among national races.

It is not an easy job to participate in the Traditional Cultural Performing Arts Competition. Recording of movie and videos and audios could be repeatedly done until satisfaction but mistakes cannot be made at all in the competition as the participants directly present their performance in it. Once a mistake is made by a participant, it could be difficult for the participant to win a prize. It is learnt that the participation in the competition is more serious. Therefore, all the participants' great effort in the competition to promote the fine arts is recognized.

Today, with the development of technology, foreign cultures including the Western countries' are pervading minor countries like ours. If our citizens and youths are fond of the foreign cultures ignoring our own culture and tradition, our national spirit will be lessened. In order that such a risk will not happen, officials are seriously urged to safeguard our culture and tradition from all sides.

Besides the well-experienced experts, the new blood of youths, with the achievement of success in the competition, are urged to preserve national characteristics and make efforts together in cooperation for strengthening ethnic brethren and relaying our culture and tradition.

Afterwards, the Senior General presented certificates of honor to the working group for assessing the singing competition through Daw Thin Thin Myat, chairperson of the group, the working group for assessing the dancing competition through U Aung Tin Win, chairman of the group, the working group for assessing the composing competition through U Maung Maung Latt, chairman of the group, the working group for assessing the musical instrument playing competition, and managers of the participating teams and masters of ceremonies from regions and states.



A commemorative dinner being hosted.

Then, Myinmu Maung Naing Moe, an expert in assessing the competition, thanked for the certificates.

Afterwards, the Senior General and the attendees had dinner together.

Before and during the dinner, the artistes of the Department of Fine Arts, Ministry of Religious Affairs and Culture, and the artistes of the Myawady Band under the Directorate of Public Relations and Psychological Warfare performed songs, music and dances.

After the dinner, the Senior General and wife cordially greeted the attendees.

With the four objectives: to uplift national prestige and integrity and to preserve the cultural heritage and national characteristics; to explore, preserve and uplift the traditional cultural heritage of performing arts of ethnic nationals and national cultural characteristics; to explore and preserve the traditional cultural heritage for the young generation and further propagate the national spirit; and to support measures in the field of national culture ensuring the development, peace and tranquility of the State, the 24th Myanmar Traditional Cultural Performing Arts Competition was held with 2,306 participants from regions and states. 100

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including school-teachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# SAC Chairman Prime Minister Senior General Min Aung Hlaing receives delegation led by Member of Secretariat of Communist Party Central Committee of People's Republic of China, State Councillor and Minister of Public Security

## Myanmar and China share a mutually dependable relationship



Chairman of State Administration Council Prime Minister Senior General Min Aung Hlaing receives H.E. Mr. Wang Xiaohong.

**Nay Pyi Taw October 31**

Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing received a Chinese delegation led by H.E. Mr. Wang Xiaohong, Member of the Secretariat of the Communist Party Central Committee of the People's Republic of China, State Councillor and Minister of Public Security, at the Credentials Hall of the SAC Chairman's Office here this morning.

Also present at the meeting together with the Senior General were SAC Joint Secretary Lt-Gen Ye Win Oo, SAC Member Union Minister for Home Affairs Lt-Gen Yar Pyae, Union Minister for Immigration and Population U Myint Kyaing and Deputy Minister for Foreign Affairs U Lwin Oo. Mr. Wang Xiaohong was accompanied by Chinese Ambassador to Myanmar H. E. Mr. Chen Hai and officials.

During the meeting, both sides cordially discussed Myanmar and China being dependable and friendly countries, the improved friendship and diplomatic relations between the two countries, MNDAA insurgents' attacks on the security outposts with the aim of disrupting the peace and stability in the northeastern region of Myanmar, bilateral, cooperative measures against online gambling that seeks self-interest, communication fraud and drug production and smuggling in Laukkai region, the interference by a world power in the affairs of other world countries, including Myanmar, and its manipulation of other countries with a double standard by looking only for self-seeking.

They also discussed the rivalries among the ethnic groups leading to armed conflicts in northern Shan State since the independence of Myanmar, some ethnic armed groups producing and selling drugs in the area, the occurrence of "Fon" / "Yan" group riots in Kokang area, the "Pal" group assigned responsibilities, a hunger for power, production of weapons and ammunition, the hampering of regional stability and peace due to the influx of arms and ammunition, effective measures to expose and fight illegal online gambling and communication fraud in the border region, investigation into and actions against illegal activities in the region, and the establishment of a joint law enforcement and security team.

After the meeting, the Senior General and Mr. Wang Xiaohong exchanged gifts and posed for a documentary group photo. 100



Senior General Min Aung Hlaing poses for documentary photo together with H.E. Mr. Wang Xiaohong and delegation.

# Myanmar imports about 2,000 tons of drugs and medical equipment worth over US$39 m in September of 2023-2024 FY

**Nay Pyi Taw October 31**

About 2,000 tons of medicine and medical supplies worth more than US$39 million were imported in September of the 2023-2024 FY, according to the Ministry of Commerce.

Previously, there was only one state-owned BPI pharmaceutical factory in Myanmar. After that, more state-owned pharmaceutical factories were opened. Tatmadaw also built the Hmawby Pharmaceutical Factory. After 2021, private pharmaceutical factories were allowed to open. Therefore, Myanmar now has five state-owned pharmaceutical factories and seven privately-owned pharmaceutical factories. These pharmaceutical factories are producing 362 types of drugs. However, the production capacity of these pharmaceutical factories is less than 20 percent of the domestic demand. Therefore, Myanmar has to import medicines from abroad to meet the domestic demand.



A pharmacy.

The Food and Drug Administration (FDA) under the Ministry of Health has been providing import licenses for drugs and medical devices in accordance with the procedures set by the FDA. 336

# Dried chilli fetches K155,000 per 10 viss in Pathein Township

**Pathein October 31**

Daw Tin Tin Nwe, owner of the foodstuff brokerage in Pathein Township of Ayeyawady Region said that dried chilli gets K155,000 per 10 viss in the market.

Price of dried chilli fetched K125,000 per 10 viss in Pathein in August and September this year, compared with K155,000 per 10 viss in October. These high-priced dried chilli are stocks from the summer.

Daw Tin Tin Nwe continued, "These are stocks in summer. At present, prices of dried chilli are slightly high in the market. I think such a price will be persistent till new chilli has been harvested. This dried chilli is marketable and they are free from fungi."

Local farmers cultivate paddy and other crops in addition to chilli cultivation in Pathein Township. They grow chilli on some five acres of lands. Starting from September, fresh chilli is being harvested. Kyaw Kyaw Lin


Daw Kyu Kyu Hla presents an honorary certificate.


Daw Kyu Kyu Hla presents an honorary certificate.

From Page 12

Then, Ma Khin Yadana Moe Myint, who represented Sagaing Region and won the gold medal in Basic Education Level Traditional/ Modern Singing Competition (Between ages of 15 and 20 years) (Female) entertained the audience with Ywatharyar song.

Afterwards, union level officials and union ministers presented honorary medals and certificates to prize winners in Amateur Level (First Class), Amateur Level (Second Class), Higher Education Level and Basic Education Level (Between ages of 15 and 20 years) and Basic Education Level (Between ages of 10 and 15) dance competitions, winners of prizes for supporting Myanmar Traditional Saing Orchestras, winners of prizes in marionette, narration, Gabyalut dance, Shan traditional dance competitions.

Then, Ma May Snow, who represented Kayin State and won the gold medal in Basic Education Level Dance Competition (Between ages of 10 and 15), entertained the audience with dances.

Afterwards, union ministers presented honorary medals and certificates to winners in writing competitions.

Then, Ma Han Su Su San, who represented Yangon Region and won the gold medal in Basic Education Level Writing Competition (Between ages of 15 and 20 years), entertained the audience with Warkyutkhahmi Tuyarthi song.

Afterwards, union ministers presented honorary medals and certificates to winners in harp competitions, piano competitions, Saing orchestra and individual competitions.

Then, the Senior General presented honorary prizes to cultural dance troupes from Sagaing, Tanintharyi, Magway, Mandalay, Yangon and Ayeyarwady Regions.

Afterwards, union ministers, the chairman of Nay Pyi Taw Council, the chairman of the Myanmar National Human Rights Commission and senior officers from the Office of the Commander-in-Chief of Defence Services presented honorary medals and certificates to winners in short drum, long drum, violin, oboe, flute, mandolin, xylophone, guitar and zither competitions.

Then, Ma Shin Thada Htet Aung, who represented Sagaing Region and won the gold medal in Basic Education Level Harp Competition (Between ages of 15 and 20) played the harp to the audience.

Afterward, the joint secretary of the SAC presented special prizes to eight participants who were the eldest, the youngest and the disabled.

Then, the wife of the Senior General presented honorary medals and certificates to the first, second, third and consolation prizes to winners in marionette competitions, outstanding puppeteers, narrators, Saing orchestras and script writers.

Then, the Senior General presented honorary medals and certificates to the first, second, third and consolation prizes to winning teams in Mahawthada jataka competitions and those who won the Prince Mahawthada prize, the Princess Amara prize, the Kaywut Brahmin prize, romantic double dance prizes, script prizes, supporting prizes and director prizes.

After the ceremony, the Senior General and wife cordially greeted the attendees.

During the competitions, 143 prizes were won by Yangon Region, 81 prizes were won by Mandalay Region, 56 prize were won by Ayeyarwady Region, 31 prizes were won by Kayin State, 32 prizes were won by Sagaing Region, 40 prizes were won by Bago Region, 32 prizes were won by Mon State, 17 prizes were won by Rakhine State, 19 prizes were won by Kachin State, 16 prizes were won Kayah State, 15 prizes were won by Shan State, 14 prizes were won by Chin State and 16 prizes were won by Magway Region. 100

# Myanmar exports the highest number of industrial goods for four consecutive years till Sept

**Nay Pyi Taw October 31**

The export and sale of finished industrial goods from the 2019-2020 FY to the end of September of this fiscal year was the highest for more than four consecutive years, according to reports from the Ministry of Commerce.

Myanmar is conducting trade activities with more than 230 foreign countries and exporting farming products, animal products, fishery products, mineral products, forestry products, industrial finished products and other exports. Out of these seven exported product groups, the industrial finished products group has been exporting and selling the most products.

Myanmar exported industrial finished products worth of US$3,725.698 million in the 2019-2020 FY, US$4,624.204 million in the 2020-2021 FY, US$2,407.710 million in the 2021-2022 mini-budget period, US$3,999.017 million in the 2022-2023 FY and US$1,571.649 million in the 2023-2024 FY from April to the end of September.


The worksite of a garment factory.

Exports such as textiles, sugar, jewelry, natural gas are being exported in Myanmar's industrial finished goods sector, and textiles are being exported mostly. 336

# Yamethin Township finishes cultivation of 1,300 acres of vegetables this cold season

**Yamethin October 31**

More than 1,300 acres of croplands have been placed under vegetable plants in Yamethin Township of Mandalay Region this cold season, said U Aung Myo Thant, head of the township Agriculture Department.

The township started cultivation of vegetables from the third week of October to meet the target of 11,800 acres. So far, the township has cultivated 1,779 acres of vegetables. Such patches of vegetables can earn increased incomes for families.

"We have set a target of cultivation exceeding 11,000 acres of vegetable plantations this cold season. The kitchen crops help increase incomes for families. These plantations are free from pest, and the region does not need to buy vegetables from other regions. We provide agricultural techniques and quality seeds to local growers so as to exceed the target cultivation. At present, farmers continue cultivation of vegetables on remaining acres," he explained.

The township has cultivated kitchen crops such as corrender, tomato, eggplant, roselle, gourd, ladyfinger, cabbage, long bean, papaya, cucumber, bitter gourd and others. Officials from the Township Agriculture Department make field trips to provide agricultural techniques and agricultural awareness to the local farmers. 185

# Dried snakehead murrel from Bogale Township receives good demand in the market


**Bogale October 31**

There is strong demand for dried snakehead murrel from Bogale Township, Pyapon District, Ayeyawady Region and they are fetching good prices, said Daw Nyo Myint, owner of dried fish trading fair in Bogale.

Bogale Township's dried snakehead murrel is fetching a good price due to the strong demand from Yangon and other areas. Last August and September, the price of dried snakehead murrel was only 19,000 to 42,000 kyats per viss and from the first week of October until today, only one viss of dried snakehead murrel is fetching a good price from 25,000 to 74,000 kyats.

"The price of dried snakehead murrel increase in Yangon as it's being used to export to the foreign market and used as a domestic gift item," she said.

It is said that 100 to 200 visses of dried snakehead murrel produced from Bogale Township are sent to Yangon city every week. The dried snakehead murrel from the area is sent through Yangon to Nay Pyi Taw and China, Singapore and Thailand. KKL


Snakehead murrel being dried in the sun.

စာမျက်နှာ ၁၇ မှအဆက်

ပြည့်စုံနေရန်အတွက် ပြုစုပျိုးထောင်ရာတွင် ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးတမ်းများကို အခြေခံသည့် အနုသုခုမပညာရပ်များသည် အခြေခံကျသည့်အခန်းကဏ္ဍတွင် ပါဝင်လျက်ရှိသည်ကို ထပ်ဆင့်ပြောကြားလိုပါကြောင်း။

ထို့ပြင် မြန်မာ့ဂီတ၊ မြန်မာ့အကနှင့် မြန်မာ့ရိုးရာယဉ်ကျေးမှု အနုပညာရပ်များ ဆက်လက်ထွန်းကား ပြန့်ပွားလာသည်နှင့် အမျှ လူငယ်များ၏ စိတ်ပိုင်းဆိုင်ရာများတွင် အမျိုးသားရေးလမ်းကြောင်းမှန်အတိုင်းဖွံ့ဖြိုးတိုးတက်စေရေးအတွက်အထောက်အကူပြုနိုင်မည်ဖြစ်ပြီး အမျိုးသားရေးကိုယ်ခံစွမ်းအားများမြင့်မားလာမည်ဖြစ်သည်ကို ပြောကြားလိုပါကြောင်း။

ယခုကဲ့သို့ ကိုယ်စီရရှိခဲ့ကြသည့် အောင်မြင်မှုများ၊ အပြန်အလှန်ချစ်ကြည်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါ်ဒွဲဘူ ခေတ်ဟောင်းကာလပေါ်အဆိုပြိုင်ပွဲ အခြေခံပညာအဆင့်(အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) အမျိုးသမီးပြိုင်ပွဲတွင် ဆုရရှိသူတစ်ဦးကို ဂုဏ်ပြုဆုနှင့်ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါက်တာမှုထန် ခေတ်ဟောင်းကာလပေါ် အဆိုပြိုင်ပွဲ အဆင့်မြင့်ပညာအဆင့်အမျိုးသားပြိုင်ပွဲတွင် ဆုရရှိသူတစ်ဦးကို ဂုဏ်ပြုဆု နှင့်ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင် ခေတ်ဟောင်း၊ ကာလပေါ်အဆိုပြိုင်ပွဲ ဝါသနာရှင်အဆင့်(ဒုတိယတန်း)ပြိုင်ပွဲတွင် ဆုရရှိသူတစ်ဦးကို ဂုဏ်ပြုဆုနှင့်ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပိုးရယ်အောင်သိန်း ခေတ်ဟောင်း၊ကာလပေါ်အဆိုပြိုင်ပွဲ ဝါသနာရှင်အဆင့်(ပထမတန်း)ပြိုင်ပွဲတွင် ဆုရရှိသူတစ်ဦးကို ဂုဏ်ပြုဆုနှင့်ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါက်တာဘရွှေ ခေတ်ဟောင်း၊ ကာလပေါ်အဆိုပြိုင်ပွဲ အခြေခံပညာအဆင့်(အသက် ၁၅နှစ်မှ ၂၀ နှစ်အတွင်း) အမျိုးသားပြိုင်ပွဲတွင် ဆုရရှိသူတစ်ဦးကို ဂုဏ်ပြုဆုနှင့်ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်စဉ်။

ခိုင်မြဲသည့် မေတ္တာတရားများကို အခြေခံပြီး မိမိတို့၏နေရပ်ဒေသများကို ပြန်လည်ရောက်ရှိကြသည့်အခါ မိမိတို့ဒေသအကျိုး၊ နိုင်ငံတော်အကျိုး၊ နိုင်ငံသူနိုင်ငံသားများ၏ အကျိုးကို ကျရာအခန်းကဏ္ဍများမှနေပြီး ဆတက်ထမ်းပိုးတိုး၍ သယ်ပိုးနိုင်ကြပါစေကြောင်း၊ စည်းလုံးညီညွတ်စွာဖြင့် သာယာလှပသည့်ပြည်ထောင်စုကြီးကိုတည်ဆောက်နိုင်ကြပါစေကြောင်းဖြင့် တိုက်တွန်းပြောကြားသည်။

ထို့နောက် ဆုများပေးအပ်ချီးမြှင့်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ကချင်၊ ကယား၊ ကရင်၊ ချင်း၊ မွန်၊ ရခိုင်နှင့် ရှမ်းပြည်နယ်တို့မှ တိုင်းရင်းသားရိုးရာအကအဖွဲ့များကိုဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ရှမ်းတိုင်းရင်းသားရိုးရာ အကအဖွဲ့က ရှမ်းရိုးရာအကဖြင့် စုပေါင်းကပြဖျော်ဖြေတင်ဆက်ကြသည်။

ဆက်လက်၍ အခမ်းအနားဒုတိယပိုင်း အစီအစဉ်ကိုကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ဇနီးက မဟာဂီတအဆိုပြိုင်ပွဲ ဝါသနာရှင်အဆင့် ပထမတန်းနှင့် ဒုတိယတန်းအမျိုးသမီးပြိုင်ပွဲတို့တွင် ဆုရရှိကြသူများကို ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်၏ ဇနီး၊ ကောင်စီတွဲဖက်အတွင်းရေးမှူး၏ဇနီးနှင့်ကောင်စီဝင်များ၏ဇနီးတို့က မဟာဂီတအဆိုပြိုင်ပွဲ အဆင့်မြင့်ပညာအဆင့်၊အခြေခံပညာအဆင့်(အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း)၊ အခြေခံပညာအဆင့်(အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသမီးပြိုင်ပွဲများတွင်ဆုရရှိကြသူများကို ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်များက မဟာဂီတအဆိုပြိုင်ပွဲ ဝါသနာရှင်အဆင့်(ပထမတန်း)၊ ဝါသနာရှင်အဆင့်(ဒုတိယတန်း)၊ အဆင့်မြင့်ပညာအဆင့်၊ အခြေခံပညာအဆင့်(အသက် ၁၅ နှစ် မှ ၂၀ နှစ်အတွင်း)၊အခြေခံပညာအဆင့် (အသက်၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသားပြိုင်ပွဲများတွင် ဆုရရှိကြသူများကို လည်းကောင်း၊ ခေတ်ဟောင်း၊ ကာလပေါ် အဆိုပြိုင်ပွဲ ဝါသနာရှင်အဆင့်(ပထမတန်း)၊ ဝါသနာရှင်အဆင့်(ဒုတိယတန်း)၊ အဆင့်မြင့်ပညာအဆင့်၊ အခြေခံပညာအဆင့်(အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း)၊ အခြေခံပညာအဆင့်(အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသားပြိုင်ပွဲများတွင် ဆုရရှိကြသူများကိုလည်းကောင်း ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဝင်များနှင့်ကောင်စီဝင်များ၏ဇနီးများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များက ခေတ်ဟောင်း၊ ကာလပေါ်အဆိုပြိုင်ပွဲ ဝါသနာရှင်အဆင့်(ပထမတန်း)၊ဝါသနာရှင်အဆင့်(ဒုတိယတန်း)၊ အဆင့်မြင့်ပညာအဆင့်၊ အခြေခံပညာအဆင့်(အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း)၊အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသမီးပြိုင်ပွဲ၊ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြှင့်တင်ရေး တေးသီချင်းအဆိုပြိုင်ပွဲ ဝါသနာရှင်အဆင့်(ဒုတိယတန်း)နှင့် အဆင့်မြင့်ပညာအဆင့် အမျိုးသားပြိုင်ပွဲများတွင် ဆုရရှိကြသူများကို ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ကြသည်။

၎င်းနောက် ခေတ်ဟောင်း၊ကာလပေါ်အဆိုပြိုင်ပွဲ အခြေခံပညာအဆင့်(အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) အမျိုးသမီးပြိုင်ပွဲတွင် ရွှေတံဆိပ်ဆုရရှိသည့် စစ်ကိုင်းတိုင်းဒေသကြီးကိုယ်စားပြု မခင်ရတနာမိုးမြင့်က "ရွှာသာယာ"သီချင်းဖြင့်သီဆိုဖျော်ဖြေတင်ဆက်သည်။

ထို့နောက် ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များနှင့် ပြည်ထောင်စုဝန်ကြီးများက အကပြိုင်ပွဲ ဝါသနာရှင်အဆင့်(ပထမတန်း)၊ ဝါသနာရှင်အဆင့်(ဒုတိယတန်း)၊အဆင့်မြင့်ပညာအဆင့်၊ အခြေခံပညာအဆင့်(အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း)၊ အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) ပြိုင်ပွဲများတွင် ဆုရရှိသူများနှင့် ပံ့ပိုးဆိုင်းဆုရရှိသူများကိုလည်းကောင်း၊ ရုပ်သေးကြိုးဆွဲပြိုင်ပွဲ၊ကွက်စိပ်ပြိုင်ပွဲ၊ကဗျာလွတ်ပြိုင်ပွဲ၊ ရှမ်းတိုင်းရင်းသားရိုးရာအကပြိုင်ပွဲများတွင် ဆုရရှိသူများနှင့် ပံ့ပိုးဆိုင်းဆုရရှိကြသူများကိုလည်းကောင်း ဂုဏ်ပြုဆုတံဆိပ်နှင့်ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် အကပြိုင်ပွဲအခြေခံပညာအဆင့်(အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) ပြိုင်ပွဲ၌ ရွှေတံဆိပ်ဆုရရှိသည့် ကရင်ပြည်နယ်ကိုယ်စားပြု မမေစနိုးက ကပြဖျော်ဖြေသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးများက အရေးပြိုင်ပွဲတွင် ဆုရရှိကြသူများကို ဂုဏ်ပြုဆုတံဆိပ်များနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ အရေးပြိုင်ပွဲ အခြေခံပညာအဆင့်(အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း)ပြိုင်ပွဲ၌ ရွှေတံဆိပ်ဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးကိုယ်စားပြု မဟန်စုစုစံက "ဝါကျွတ်ခါမီတူရာသီ" တေးသီချင်းဖြင့် သီဆိုဖျော်ဖြေသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးများက စောင်းအတီးပြိုင်ပွဲ၊ စန္ဒရားအတီးပြိုင်ပွဲ၊ ဆိုင်းအဖွဲ့လိုက်အတီးပြိုင်ပွဲ၊ဆိုင်းတစ်ဦးချင်းပြိုင်ပွဲတို့တွင် ဆုရရှိကြသူများကို ဂုဏ်ပြုဆုတံဆိပ်များနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က စစ်ကိုင်း၊ တနင်္သာရီ၊ ပဲခူး၊ မကွေး၊ မန္တလေး၊ ရန်ကုန်နှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ယဉ်ကျေးမှုအကအဖွဲ့များကို ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများက ဒိုးပတ်အတီးပြိုင်ပွဲ၊ အိုးစည်အတီးပြိုင်ပွဲ၊ တယောအတီးပြိုင်ပွဲ၊ နဲပြိုင်ပွဲ၊ ပလွေပြိုင်ပွဲ၊ မယ်ဒလင်အတီးပြိုင်ပွဲ၊ ပတ္တလားအတီးပြိုင်ပွဲ၊ ဂီတာအတီးပြိုင်ပွဲနှင့် ဒုံမင်းအတီးပြိုင်ပွဲတို့တွင် ဆုရရှိကြသူများကို ဂုဏ်ပြုဆုတံဆိပ်များနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် စောင်းအတီးပြိုင်ပွဲအခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း)ပြိုင်ပွဲတွင် ရွှေတံဆိပ်ဆုရရှိခဲ့သည့် စစ်ကိုင်းတိုင်းဒေသကြီး ကိုယ်စားပြု မရှင်းသဒ္ဓါထက်အောင်က တီးခတ်ဖျော်ဖြေသည်။

ဆက်လက်၍ ကောင်စီတွဲဖက်အတွင်းရေးမှူးက တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ အသက်အကြီးဆုံး၊ အသက်အငယ်ဆုံးနှင့် မသန်စွမ်းပြိုင်ပွဲဝင် ရှစ်ဦးကို အထူးဆုများ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ဇနီးက ရုပ်စုံသဘင်အဖွဲ့လိုက်ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယနှင့် နှစ်သိမ့်ဆုရရှိသည့် အဖွဲ့များနှင့်ကြိုးဆွဲအဖွဲ့ထူးချွန်ဆု၊ဆိုင့်ပြောအဖွဲ့ထူးချွန်ဆု၊ ဇာတ်ပို့ဆိုင်းအဖွဲ့ထူးချွန်ဆုနှင့် ဇာတ်ညွှန်းဆုရရှိသူများကို ဂုဏ်ပြုဆုတံဆိပ်များနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က မဟော်သဓာဇာတ်တော်ကြီးပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယနှင့် နှစ်သိမ့်ဆုရရှိသည့်အဖွဲ့နှင့် ဇာတ်သရုပ်ဆောင်ထူးချွန်ဆုရရှိသည့် မဟော်သဓာမင်းသားဆု၊ အမရာမင်းသမီးဆု၊ ကေဝဋ္ဋပုဏ္ဏားဆု၊နှစ်ပါးသွားဆု၊ဇာတ်ညွှန်းဆု၊ ပံ့ပိုးဆိုင်းဆုနှင့် ဒါရိုက်တာဆုရရှိသူများကို ဂုဏ်ပြုဆုတံဆိပ်များနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ဆုချီးမြှင့်ပွဲအခမ်းအနား အပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့က အခမ်းအနားတက်ရောက်လာကြသူများကို ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့သည်။

(၂၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲတွင် ဆုတံဆိပ်ရရှိမှုများမှာ ရန်ကုန်တိုင်းဒေသကြီးက ၁၄၃ ဆု၊ မန္တလေးတိုင်းဒေသကြီးက ၈၁ ဆု၊ ဧရာဝတီတိုင်းဒေသကြီးက ၅၆ ဆု၊ ကရင်ပြည်နယ်က ၃၁ ဆု၊ စစ်ကိုင်းတိုင်းဒေသကြီးက ၃၂ ဆု၊ပဲခူးတိုင်းဒေသကြီးက ဆု ၄၀၊ မွန်ပြည်နယ်က ၃၂ ဆု၊ ရခိုင်ပြည်နယ်က ၁၇ ဆု၊ တနင်္သာရီတိုင်းဒေသကြီးက ၁၉ ဆု၊ကချင်ပြည်နယ်က ၁၉ ဆု၊ ကယားပြည်နယ်က ၁၆ ဆု၊ ရှမ်းပြည်နယ်က ၁၅ ဆု၊ ချင်းပြည်နယ်က ၁၄ ဆုနှင့်မကွေးတိုင်းဒေသကြီးက ၁၆ ဆု ရရှိခဲ့ကြကြောင်း သတင်းရရှိသည်။

# (၂၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ပွဲနှင့် ဂုဏ်ပြုညစာစားပွဲ အခမ်းအနားကျင်းပ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်ချီးမြှင့်






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် (၂၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ပွဲနှင့် ဂုဏ်ပြုညစာစားပွဲအခမ်းအနားတွင် ဂုဏ်ပြုအမှာစကားပြောကြားစဉ်။

**နေပြည်တော် အောက်တိုဘာ ၃၁**

(၂၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ပွဲနှင့် ဂုဏ်ပြုညစာစားပွဲအခမ်းအနားကို ယနေ့ညနေပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန-၂ (MICC-II) ၌ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်ချီးမြှင့်သည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ဇနီး ဒေါ်ကြူကြူလှ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်၏ဇနီး ဒေါ်သန်းသန်းနွယ်၊ ကောင်စီအတွင်းရေးမှူးနှင့်ဇနီး၊ ကောင်စီတွဲဖက်အတွင်းရေးမှူးနှင့်ဇနီး၊ ကောင်စီဝင်များနှင့်ဇနီးများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီ၊ လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီတို့မှကော်မတီဝင်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးများ၊အကဲဖြတ်ပညာရှင်ကြီးများ၊အုပ်ချုပ်သူများ၊ နည်းပြများနှင့် တာဝန်ရှိသူများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှပြိုင်ပွဲဝင်များ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဂုဏ်ပြုအမှာစကားပြောကြားရာတွင် ယခုနှစ် (၂၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးကို အောက်တိုဘာ ၂၄ ရက်မှ ၃၀ ရက်ထိ ရည်ရွယ်ချက်၊ ဦးတည်ချက်များနှင့်အညီ အောင်မြင်စွာကျင်းပနိုင်ခဲ့ပြီဖြစ်ပါကြောင်း၊ ယနေ့အခမ်းအနားကို တက်ရောက်လာကြသူအားလုံး ကကျရာတာဝန်ကို စုစုစည်းစည်းညီညီညွတ်ညွတ်ဖြင့် စုပေါင်းကြိုးပမ်းဆောင်ရွက်ခဲ့ကြသည့်အတွက် ပြိုင်ပွဲကြီးအောင်မြင်စွာပြီးဆုံးခြင်းနှင့်အတူ ယခုဂုဏ်ပြုညစာစားပွဲကို ကျင်းပဆောင်ရွက်နိုင်ခြင်းပင်ဖြစ်ပါကြောင်း။

မိမိတို့တိုင်းပြည်တွင် တိုင်းရင်းသားလူမျိုးပေါင်းစုံ စုစည်းနေထိုင်ကြသကဲ့သို့ တိုင်းရင်းသားလူမျိုးပေါင်းစုံတို့၏ ရိုးရာဓလေ့ထုံးစံနှင့် အနုသုခုမအပါအဝင် ယဉ်ကျေးမှုအမွေအနှစ်များပေါများ ကြွယ်ဝလှပါကြောင်း၊ မိမိတို့နိုင်ငံ၏ သမိုင်းဖြစ်စဉ်အရ ဒီမြေ၊ ဒီရေပေါ်တွင် လူသားမျိုးနွယ်စတင်ခဲ့ခြင်းနှင့်အတူ ရေမြေဒေသသဘာဝကိုလိုက်ပြီး မတူခြားနားသည့် ယဉ်ကျေးမှုဓလေ့ထုံးတမ်းများ၊ ရှပ်ကြွင်းအထောက်အထားများ၊ လက်မှုအဆင်တန်ဆာများ၊ အဝတ်အထည်များ၊ အနုသုခုမဆိုင်ရာ အဆိုအကများ၊ တီးခတ်မှုနှင့်သက်ဆိုင်သည့် တူရိယာပစ္စည်းမျိုးစုံသည့် ဆင့်ကဲဖြစ်စဉ်များနှင့်အတူ ဖြစ်ထွန်းတည်ရှိနေခဲ့ပြီးဖြစ်ပါကြောင်း၊ ကိုယ်ပိုင်စာပေ၊ ကိုယ်ပိုင်ဘာသာစကား၊ ကိုယ်ပိုင်ယဉ်ကျေးမှုဓလေ့ထုံးတမ်းများကိုလည်း ပိုင်ဆိုင်ထားကြပြီးဖြစ်ပါကြောင်း။ **စာမျက်နှာ ၂၀ သို့**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အဆိုအကဲဖြတ်လုပ်ငန်းအဖွဲ့ကိုယ်စား ဥက္ကဋ္ဌ ဒေါ်သင်းသင်းမြတ်အား ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အကအကဲဖြတ်လုပ်ငန်းအဖွဲ့ကိုယ်စား ဥက္ကဋ္ဌ ဦးအောင်တင်ဝင်းအား ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အရေးအကဲဖြတ်လုပ်ငန်းအဖွဲ့ကိုယ်စား ဥက္ကဋ္ဌ ဦးမောင်မောင်လတ်အား ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အတီးအကဲဖြတ်လုပ်ငန်းအဖွဲ့ကိုယ်စား ဥက္ကဋ္ဌ ဦးအောင်ကိန်းအား ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
ဥက္ကဋ္ဌ
နိုင်ငံတော်ဝန်ကြီးချုပ်
ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်
တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ
အုပ်ချုပ်သူများကို
ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်စဉ်။





**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၊ ဇနီး ဒေါ်ကြူကြူလှနှင့် အခမ်းအနားတက်ရောက်လာကြသူများက ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက် မြဝတီတေးဂီတအဖွဲ့မှ အနုပညာရှင်များ၏ တေးသံသာများဖြင့် သီဆို၊ တီးမှုတ်၊ ကပြဖျော်ဖြေမှုကို ကြည့်ရှုအားပေးစဉ်။**

**စာမျက်နှာ ၁၉ မှအဆက်**

သုခုမအနုပညာတွင် တူရိယာပစ္စည်းများ မည်သို့ပင် ကွဲပြားခြားနားသော်လည်း **"ကြေး၊ ကြိုး၊ သားရေ၊ လေ၊ လက်ခုပ်"** ဆိုသည့်မြန်မာတို့၏ တူရိယာငါးပါး အခြေခံမှာပင် တစ်စုတစ်စည်းတည်းပါဝင်လျက်ရှိကြပါကြောင်း။

အကနှင့်ပတ်သက်ပြီး ကချင်မနောအက၊ ကယားတံခွန်တိုင်အက၊ ကရင်ဒုံးယိမ်းအက၊ ချင်းဝါးညှပ်အက၊ ဗမာအိုးစည်ဒိုးပတ်အက၊ မွန်ဟင်္သာမောင်နှံအက၊ ရခိုင်သျှင်ဗိုင်အက၊ ရှမ်းကိန္နရီကိန္နရာအကအစရှိသဖြင့် ကွဲပြားခြားနားသယောင်ရှိကြသော်လည်း **"စည်းနှင့်ဝါးကိုအခြေခံသည့် ခေါင်း၊ ခါး၊ ခြေ၊ လက်"** အစရှိသော ခန္ဓာကိုယ်အစိတ်အပိုင်းများကို လှုပ်ရှားကပြခြင်းဆိုသည့် မြန်မာနိုင်ငံသားအားလုံးတို့၏ အကအခြေခံအတွင်းမှာပင် ဆင့်ပွားတည်ရှိနေသည်ကို တွေ့ရမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် မြန်မာ့ရိုးရာယဉ်ကျေးမှုအနုသုခုမပညာရပ်ဆိုသည်မှာ မြန်မာတစ်မျိုးသားလုံးပိုင်ဆိုင်သည့် အဖိုးတန်ရတနာ ဘိုးဘွားအမွေအနှစ်၊ ဘိုးဘွားအမွေအစစ်များပင် ဖြစ်ပါကြောင်း။

အဆိုပါ အဖိုးတန်ရတနာများကိုသမိုင်းကြောင်းရှည်လျားစွာ တည်ရှိခဲ့သည့် အမျိုးသားရေး သွင်ပြင်လက္ခဏာအဖြစ် နိုင်ငံသားတိုင်းက ကမ္ဘာ့အလယ်တွင် ဂုဏ်ယူဝင့်ကြွားနိုင်ကြပါကြောင်း၊ ထိုနည်းတူစွာ တိုင်းရင်းသားအချင်းချင်း သွေးစည်းချစ်ကြည်ရာတွင်လည်း ပေါင်းကူးတံတားသဖွယ် ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း။

ဆို၊ က၊ ရေး၊ တီးပြိုင်ပွဲဝင်ရသည်မှာ လွယ်ကူသည့် အလုပ်မဟုတ်ကြောင်း၊ ရုပ်ရှင်၊ ဗီဒီယို၊ အသံသွင်းစသည်တို့သည် မကြိုက်မချင်း ပြန်လည်ဆောင်ရွက်၍ ရသော်လည်း ဆို၊ က၊ ရေး၊ တီးပြိုင်ပွဲသည်အရုပ်၊ အသံလှုပ်ရှားမှုကို တိုက်ရိုက်ပြသဆောင်ရွက်ရခြင်းဖြစ်သဖြင့် လုံးဝအမှားမခံပါကြောင်း၊ မှားယွင်းသည်နှင့် ဆုံးရှုံးတံဆိပ်ရရှိရန် အခက်အခဲရှိသွားနိုင်သဖြင့် ပိုမိုလေးနက်မှုရှိသည်ကို လေ့လာတွေ့ရှိရပါကြောင်း၊ ထို့ကြောင့် ပြိုင်ပွဲဝင်အားလုံးကို အနုသုခုမပညာမြင့်မားရေး အားကြိုးမာန်တက် ယှဉ်ပြိုင်မှုများအတွက် အထူးပင် အသိအမှတ်ပြုပါကြောင်း။

ယနေ့အချိန်ကာလတွင် နည်းပညာဖွံ့ဖြိုးတိုးတက်လာမှုနှင့်အတူ အနောက်နိုင်ငံများအပါအဝင် တိုင်းတစ်ပါးယဉ်ကျေးမှုများသည် မိမိတို့နိုင်ငံငယ်များအပေါ် ထိုးဖောက် ဝင်ရောက်လာနေပါကြောင်း၊ မိမိတို့ နိုင်ငံသူနိုင်ငံသားများ၊ လူငယ်များအနေဖြင့် အဆိုပါတိုင်းတစ်ပါးယဉ်ကျေးမှုများအပေါ် တွင် နှစ်သက်မြတ်နိုးပြီး မိမိတို့၏ ကိုယ်ပိုင်ယဉ်ကျေးမှု ဓလေ့ထုံးစံများကို အလေးမထားဘဲ ပစ်ပယ်လာကြမည်ဆိုပါက အမျိုးသားရေးစိတ်ဓာတ် လျော့ပါးလာစေနိုင်မည်ဖြစ်ပါကြောင်း၊ အဆိုပါအန္တရာယ်ဖြစ်မလာစေရန် တာဝန်ရှိသူများက ဘက်ပေါင်းစုံမှ ကာကွယ်ထိန်းသိမ်းစောင့်ရှောက်သွားကြရန်လည်း အလေးအနက်ထားမှာကြားလိုပါကြောင်း။

သမ္မာရင့်၊ ဝါရင့်ပညာရှင်ကြီးများအပြင် မျိုးဆက်သစ်လူငယ်မောင်မယ်များအနေဖြင့် ယခုပြိုင်ပွဲကြီးမှ ရရှိသည့်အောင်မြင်မှုများနှင့်အတူ အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊ အတူတကွပြိုင်ပွဲဝင်ခဲ့ကြသည့် တိုင်းရင်းသားညီအစ်ကိုမောင်နှမများအချင်းချင်း ချစ်ကြည်ရင်းနှီးမှုကို ပိုမိုခိုင်မြဲစေရေး၊ မိမိယဉ်ကျေးမှု မိမိဓလေ့ထုံးစံမှသည် မိမိနိုင်ငံနှင့် မိမိလူမျိုးတို့၏ နိုင်ငံသားများအပေါ် ချစ်ခင်မြတ်နိုးစိတ်များကို လက်ဆင့်ကမ်းသယ်ဆောင်သွားကြရေးအတွက် ဆက်လက်ပြီးဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြပါဟု အလေးအနက်ထားပန်ကြားလိုကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အဆိုအကဲဖြတ်လုပ်ငန်းအဖွဲ့ကိုယ်စားဥက္ကဋ္ဌဒေါ်သင်းသင်းမြတ်၊ အကအကဲဖြတ်လုပ်ငန်းအဖွဲ့ကိုယ်စားဥက္ကဋ္ဌ ဦးအောင်တင်ဝင်း၊ အရေးအကဲဖြတ်လုပ်ငန်းအဖွဲ့ကိုယ်စားဥက္ကဋ္ဌ ဦးမောင်မောင်လတ်နှင့် အတီးအကဲဖြတ်လုပ်ငန်းအဖွဲ့ကိုယ်စားဥက္ကဋ္ဌ ဦးအောင်ကိန်း၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ အုပ်ချုပ်သူများနှင့် အခမ်းအနားမှူးများကို ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် အကဲဖြတ်ပညာရှင် မြင်းမူမောင်နိုင်မိုးက ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနား တက်ရောက်လာကြသူများသည် ဂုဏ်ပြုညစာကိုအတူတကွသုံးဆောင်ကြသည်။

ညစာမသုံးဆောင်မီနှင့် သုံးဆောင်နေစဉ်အတွင်း သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်များနှင့် ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက် မြဝတီတေးဂီတအဖွဲ့မှ အနုပညာရှင်များက တေးသံသာများဖြင့် သီဆို၊ တီးမှုတ်၊ ကပြဖျော်ဖြေကြသည်။

ဂုဏ်ပြုညစာစားပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီးတို့က အခမ်းအနားတက်ရောက်လာကြသူများကို ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

(၂၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကို အမျိုးဂုဏ်ဇာတိဂုဏ်မြှင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊ တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုအနုပညာ အမွေအနှစ်များနှင့် အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများမပျောက်ပျက်စေရန် ဖော်ထုတ်ထိန်းသိမ်းမြှင့်တင်ရေး၊ မျိုးဆက်သစ်လူငယ်များအကြားတွင် ရိုးရာယဉ်ကျေးမှုအမွေအနှစ်များကို ဖော်ထုတ်ထိန်းသိမ်းခြင်းနှင့်ထပ်တူ အမျိုးသားရေးစိတ်ဓာတ်များပိုမိုထွန်းကားပြန့်ပွားနေစေရေး၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးတို့အတွက် အမျိုးသားယဉ်ကျေးမှုအခန်းကဏ္ဍမှတစ်တပ်တစ်အား ပူးပေါင်းပါဝင်ဆောင်ရွက်ရေးစသည့် ဦးတည်ချက်လေးရပ်ဖြင့် ကျင်းပခြင်းခဲ့ခြင်းဖြစ်ပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ ပြိုင်ပွဲဝင်အင်အား ၂၃၀၆ ဦးဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြောင်း သတင်းရရှိသည်။





**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ ဖျော်ဖြေရေးအဖွဲ့များနှင့် အခမ်းအနားတက်ရောက်လာကြသူများကို ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။**



**အကဲဖြတ်ပညာရှင် မြင်းမူမောင်နိုင်မိုးက ကျေးဇူးတင်စကားပြန်လည်ပြောကြားစဉ်။**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီဗဟိုကော်မတီ၏ အတွင်းရေးမှူးချုပ်ရုံးအဖွဲ့ဝင် နိုင်ငံတော်ကောင်စီဝင်နှင့် ပြည်သူ့လုံခြုံရေးဝန်ကြီး H.E. Mr.Wang Xiaohong ကို ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။


အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလွင်ဦးတို့ တက်ရောက်ကြပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီဗဟိုကော်မတီ၏အတွင်းရေးမှူးချုပ်ရုံးအဖွဲ့ဝင် နိုင်ငံတော်ကောင်စီဝင်နှင့် ပြည်သူ့လုံခြုံရေးဝန်ကြီးနှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံ သံအမတ်ကြီး H. E. Mr. Chen Hai နှင့် အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာတွင် မြန်မာနိုင်ငံသည် တရုတ်နိုင်ငံအတွက် ယုံကြည်စိတ်ချရသည့် နိုင်ငံတစ်နိုင်ငံဖြစ်သကဲ့သို့ တရုတ်နိုင်ငံသည် မြန်မာနိုင်ငံအတွက် ယုံကြည်စိတ်ချရသည့် နိုင်ငံတစ်နိုင်ငံဖြစ်သည့် အခြေအနေများ၊ နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် သံတမန်ဆက်ဆံမှုများတိုးတက်ကောင်းမွန်လျက်ရှိမှုအခြေအနေများ၊ မြန်မာနိုင်ငံ၏ အရှေ့မြောက်ပိုင်းဒေသတွင် MNDAA သောင်းကျန်းသူများက နယ်မြေတည်ငြိမ်အေးချမ်းမှုပျက်ပြားစေရန် ရည်ရွယ်၍ ရေးလိမ်လည်မှုများ၊ မူးယစ်ဆေးဝါးထုတ်လုပ်မှုနှင့် ရောင်းဝယ်မှုများဆောင်ရွက်နေမှုများအား နှစ်နိုင်ငံပူးပေါင်း၍ ဖော်ထုတ်အရေးယူဆောင်ရွက်သွားမည့်အခြေအနေများ၊ မြန်မာ့နိုင်ငံရေးအပါအဝင် အခြားကမ္ဘာ့နိုင်ငံအရေးများ၌ ကမ္ဘာ့အင်အားကြီးနိုင်ငံတစ်ခုမှ ဝင်ရောက်စွက်ဖက်၍ ၎င်းတို့နိုင်ငံ၏အကျိုးအတွက်သာကြည့်ပြီး အခြားနိုင်ငံများအပေါ် Double Standard ဖြင့် ခြယ်လှယ်ဆောင်ရွက်နေမှုအခြေအနေများ။

ရှမ်းပြည်နယ်(မြောက်ပိုင်း)ဒေသသည် မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိပြီးချိန်ကတည်းက တိုင်းရင်းသားအဖွဲ့များ အချင်းချင်း အားပြိုင်မှုများဖြစ်ပေါ်ကာ တိုင်းရင်းသားလက်နက်ကိုင်ပဋိပက္ခများဖြစ်ပေါ်ခဲ့မှု၊အချို့တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအနေဖြင့် အဆိုပါဒေသအတွင်း မူးယစ်ဆေးဝါးများ ထုတ်လုပ်ရောင်းချလျက်ရှိမှု၊ ကိုးကန့်ဒေသအတွင်း "ဖုန်" / "ရန်"အဖွဲ့တို့ အရေးအခင်းဖြစ်ပွားခဲ့မှု၊ ငြိမ်အေးချမ်းရေးကိုထိခိုက်ပျက်စီးစေလျက်ရှိမှု၊နယ်စပ်ဒေသတွင် တရားမဝင်အွန်လိုင်းလောင်းကစားမှုများနှင့် ဆက်သွယ်ရေးလိမ်လည်မှုများ ဖြစ်ပေါ်လျက်ရှိမှုတို့အား ထိထိရောက်ရောက် တင်းတင်းကျပ်ကျပ် အရင်းအမြစ်ကစ၍ နှိမ်နင်းဖော်ထုတ်ဆောင်ရွက်သွားမည့် အခြေအနေများ၊ အဆိုပါဒေသအတွင်းရှိ ဥပဒေနှင့်ညီညွတ်မှုမရှိသည့်လုပ်ငန်းများကို စိစစ်ဖော်ထုတ်သွားမည့်အခြေအနေများ၊ နှစ်နိုင်ငံပူးတွဲတရားဥပဒေစိုးမိုးရေးနှင့် လုံခြုံရေးအဖွဲ့ဖွဲ့စည်းနိုင်ရေးအခြေအနေများနှင့် ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီဗဟိုကော်မတီ၏ အတွင်းရေးမှူးချုပ်ရုံးအဖွဲ့ဝင် နိုင်ငံတော်ကောင်စီဝင်နှင့်ပြည်သူ့လုံခြုံရေးဝန်ကြီးတို့သည် အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီဗဟိုကော်မတီ၏ အတွင်းရေးမှူးချုပ်ရုံးအဖွဲ့ဝင် နိုင်ငံတော်ကောင်စီဝင်နှင့် ပြည်သူ့လုံခြုံရေးဝန်ကြီး H.E. Mr.Wang Xiaohong တို့ အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်စဉ်။

☆ ကျောမှုံးမှအဆက်

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ကောင်စီဝင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့လုံခြုံရေးစခန်းများအား တိုက်ခိုက်မှုများဆောင်ရွက်လာမှုအခြေအနေများ၊ လောက်ကိုင်ဒေသတွင် ကိုယ်ကျိုးစီးပွားအတွက် အွန်လိုင်းလောင်းကစားများ၊ ဆက်သွယ် "ပယ်"အဖွဲ့ကို တာဝန်ပေးအပ်ခဲ့မှု၊အာဏာရလိုမှု၊လက်နက်ခဲယမ်းများထုတ်လုပ်နေမှု၊ လက်နက်ခဲယမ်းများ ဝင်ရောက်မှုများကြောင့် ဒေသတွင်းနှင့် နယ်စပ်ဒေသတည် ပေးအပ်ကြပြီး တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ခဲ့ကြကြောင်း သတင်းရရှိသည်။

➤ ➤ ➤

# ရန်ကုန်တိုင်းဒေသကြီး ကိုကိုးကျွန်းမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ရခိုင်ကမ်းရိုးတန်းဒေသတို့တွင် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးရန် တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်) ထွက်ခွာ



တပ်မတော်နယ်လှည့်အထူးကုဆေးအဖွဲ့နှင့် ကျန်းမာရေးဝန်ကြီးဌာန နယ်လှည့်အထူးကုဆေးအဖွဲ့တို့မှ ပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြုများပါဝင်သည့် တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)ကို တပ်မတော်(ရေ)မှ အရာရှိကြီးများနှင့် အရာရှိ၊စစ်သည်၊ မိသားစုများက ပို့ဆောင်နှုတ်ဆက်စဉ်။

**နေပြည်တော် အောက်တိုဘာ ၃၁**

တပ်မတော် နယ်လှည့်အထူးကုဆေးအဖွဲ့နှင့် ကျန်းမာရေးဝန်ကြီးဌာန နယ်လှည့်အထူးကုဆေးအဖွဲ့တို့မှ ပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြုများ ပါဝင်သည့် တပ်မတော်ပင်လယ်သွားဆေးရုံ ရေယာဉ်(သံလွင်)သည် ရန်ကုန်တိုင်းဒေသကြီး ကိုကိုးကျွန်းမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး၊ ဟိုင်းကြီးကျွန်းပတ်ဝန်းကျင်ကျေးရွာများနှင့် ရခိုင်ကမ်းရိုးတန်းတစ်လျှောက်ရှိ မြို့နယ်၊ ကျေးရွာများမှ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးရန်အတွက် ယနေ့ နေ့လယ်ပိုင်းတွင် ရန်ကုန်မြို့ အမှတ်(၃) ရေတပ်ဆိပ်ခံတံတား(သီလဝါ)မှ ထွက်ခွာကြရာ တပ်မတော်(ရေ)မှ အရာရှိကြီးများနှင့် အရာရှိ၊ စစ်သည်၊ မိသားစုများက ပို့ဆောင်နှုတ်ဆက်ကြသည်။

အဆိုပါ တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)တွင် တပ်မတော်နှင့် ကျန်းမာရေးဝန်ကြီးဌာနတို့မှ ပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုအရာရှိများ၊ သူနာပြုစစ်သည်များနှင့် သူနာပြုရဲမေများ လိုက်ပါသွားကာ ရန်ကုန်တိုင်းဒေသကြီး ကိုကိုးကျွန်းမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး ဟိုင်းကြီးကျွန်းပတ်ဝန်းကျင်ကျေးရွာများနှင့် ရခိုင်ကမ်းရိုးတန်းတစ်လျှောက်ရှိ မြို့နယ်၊ ကျေးရွာများမှ ဒေသခံပြည်သူများကို ခွဲစိတ်ကုသမှုရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ကလေးရောဂါ၊အရိုးရောဂါ၊မျက်စိရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ သွားနှင့် ခံတွင်းရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး ECG စက်၊ X-Ray စက်၊ ဓာတ်မှန်ရိုက်စက်များဖြင့် ရောဂါရှာဖွေစမ်းသပ်ကုသပေးခြင်းနှင့် ဓာတ်ခွဲစမ်းသပ်စစ်ဆေးပေးခြင်းများကိုလည်း ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

# မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ အနယ်နယ်အရပ်ရပ်မှ လာရောက်ဖူးမြော်ကြည်ညိုကြသည့် ရဟန်းရှင်လူ ဘုရားဖူး ပြည်သူများအနက် ဦးရေ တစ်သန်းပြည့်မြောက်သည့် ဘုရားဖူးပြည်သူကို ဓမ္မလက်ဆောင်ပစ္စည်းများ ဂုဏ်ပြုပေးအပ်





မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ အနယ်နယ်အရပ်ရပ်မှ လာရောက်ဖူးမြော်ကြည်ညိုကြသည့် ရဟန်းရှင်လူ ဘုရားဖူးပြည်သူများဖြင့် စည်ကားလျက်ရှိစဉ်။



ဦးရေတစ်သန်းမြောက်ဘုရားဖူးပြည်သူ ဦးကျော်ဝဏ္ဏအား ဘုရားဂေါပကအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ဓမ္မလက်ဆောင်ပစ္စည်းများ ဂုဏ်ပြုပေးအပ်စဉ်။



**နေပြည်တော် အောက်တိုဘာ ၃၁**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ ဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော်တွင် တည်ထားပူဇော်အောင်မြင်ခဲ့သည့် ကမ္ဘာပေါ်ရှိထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်တော်မူသော မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ရဟန်းရှင်လူအများပြည်သူများ ဖူးမြော်ကြည်ညိုနိုင်ရေးအတွက် ဩဂုတ် ၈ ရက်မှစ၍ စတင်ခွင့်ပြုပေးခဲ့ရာ ပြည်တွင်း၊ ပြည်ပမှ ဘုရားဖူးလာရောက်သူများဖြင့် နေ့စဉ်မပြတ်စည်ကားလျက်ရှိသည်။

ထိုသို့ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ ရဟန်းရှင်လူ အများပြည်သူများ ဖူးမြော်ကြည်ညိုနိုင်ရန် စတင်ဖွင့်လှစ်ပေးခဲ့သည့် ဩဂုတ် ၈ ရက်မှစ၍ ဘုရားဖူးပြည်သူအများအပြား နေ့စဉ်လာရောက်ဖူးမြော်ကြည်ညိုကြရာ ယနေ့ထိ ဘုရားဖူးလာသူ ပြည်သူတစ်သန်းကျော်အနက်မှ ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်မှ ဦးကျော်ဝဏ္ဏသည် ဦးရေ တစ်သန်းပြည့်မြောက်သည့် ကံထူးသူတစ်ဦးဖြစ်ကြောင်း သိရသည်။

အဆိုပါ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ လာရောက်ဖူးမြော်ကြသူများအနက် ဦးရေ တစ်သန်းပြည့်မြောက်သူအဖြစ် လာရောက်ဖူးမြော်သည့် ဦးကျော်ဝဏ္ဏနှင့် မိသားစုဝင်များကို ဘုရားကြီးဂေါပကအဖွဲ့မှ တာဝန်ရှိသူများက ဘုရားကြီးမုခ်ဦးတွင် ကြိုဆိုနှုတ်ဆက်ကြပြီး မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့် မာရဝိဇယဗုဒ္ဓဥယျာဉ်အတွင်းရှိ ကျောက်စာရုံစေတီများ၊ အဂ္ဂါဓိပတိသာသနာ့ဗိမာန်တော်၊ ဂန္ဓကုဋိတိုက်များ၊ မုစလိန္ဒအိုင်၊ နဂါးရုံဘုရား၊ မာရဝိဇယကျောင်းတော်၊ သုဓမ္မာဇရပ်များကို လှည့်လည်ဖူးမြော်ကြည်ညိုကြသည်။

ယင်းနောက် ယာယီရှင်းလင်းဆောင်၌ ဘုရားဂေါပကအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက မာရဝိဇယရုပ်ပွားတော်မြတ်ကြီးနှင့် သာသနိကအဆောက်အအုံများ တည်ထားကိုးကွယ်မှုဆိုင်ရာများနှင့် ဦးရေ တစ်သန်းမြောက် ဘုရားဖူးပြည်သူဖြစ်လာရသည့်အကြောင်းရင်းကို ရှင်းလင်းပြောကြားသည်။

၎င်းနောက် **ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ လမ်းညွှန်မှုအရ** ဘုရားဂေါပကအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ဦးရေ တစ်သန်းမြောက် ဘုရားဖူးပြည်သူ ဦးကျော်ဝဏ္ဏကို ဉာဏ်တော် ကိုးလက်မအမြင့်ရှိသော စကျင်ကျောက်ဖြင့် ထုဆစ်ထားသည့် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ပုံတူဆင်းတုတော်တစ်ဆူ၊ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး မှန်ပေါင်သွင်းဓာတ်ပုံတစ်ပုံ၊ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့် သာသနိကအဆောက်အအုံများဆိုင်ရာ သမိုင်းကြောင်းပါဝင်သည့် CD တစ်ချပ်နှင့် ငွေကျပ် ၁၂ သိန်းတန်ဖိုးရှိ Creamy Paper ဖြင့် ရိုက်နှိပ်ထားပြီး ပါဠိ၊ ရှိမန် အက္ခရာနှစ်မျိုးတို့ဖြင့် ပြုစုထားသော ဆဋ္ဌသင်္ဂါယနာမူ ပိဋကတ်ပါဠိတော် ၅၃ ကျမ်းအုပ် ၄၀ တစ်စုံတို့ကို အမှတ်တရဓမ္မလက်ဆောင်အဖြစ် ဂုဏ်ပြုပေးအပ်ပြီး အဆိုပါ ပိဋကတ် ပါဠိတော်ကျမ်းကို ဦးကျော်ဝဏ္ဏနှင့်ဇနီး ဒေါ်နွယ်နီဝင်း မိသားစုအမည်ဖြင့် ကမ္ဘည်းရေးထိုးထားကာ လှူဒါန်းလိုသော ဘုန်းတော်ကြီးကျောင်းသို့ ကိုယ်တိုင်လှူဒါန်းနိုင်ရန် တစ်ပါတည်း စီစဉ်ပေးထားကြောင်း သိရသည်။

မာရဝိဇယရုပ်ပွားတော်မြတ်ကြီးသို့ လာရောက် ဖူးမြော်ကြသူများအနက် ဦးရေ တစ်သန်းပြည့်မြောက်သူ ဘုရားဖူးပြည်သူ ဦးကျော်ဝဏ္ဏနှင့် မိသားစုဝင်များ၏ ကြည်နူးပီတိ စကားသံများကိုလည်း ယခုလိုကြားသိရပါတယ်-

**ဦးရေတစ်သန်းမြောက် ဘုရားဖူးပြည်သူ ဦးကျော်ဝဏ္ဏမိသားစုများ၏ ဝမ်းသာ ပီတိစကားသံများ**

ကမ္ဘာပေါ်ရှိထိုင်တော်မူ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဩဂုတ် ၈ ရက်မှ အောက်တိုဘာ ၃၁ ရက်ထိ ရက်ပေါင်း ၈၅ ရက်တာကာလအတွင်း ဘုရားဖူးပြည်သူ တစ်သန်းကျော်လာရောက် ဖူးမြော်ကြည်ညိုကြပြီး ယနေ့နံနက်ပိုင်းတွင် ဘုရားဖူးပြည်သူ တစ်သန်းကျော်အနက်မှ တစ်သန်းမြောက် ဘုရားဖူးပြည်သူအား ဘုရားဂေါပကအဖွဲ့နှင့် တာဝန်ရှိသူများက ဂုဏ်ပြုကြိုဆိုခဲ့ကြောင်း သိရသည်။

မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ ဘုရားဂေါပကအဖွဲ့ တာဝန်ရှိသူနှင့် ဦးရေတစ်သန်းမြောက် ဘုရားဖူးပြည်သူ ဦးကျော်ဝဏ္ဏနှင့်အတူ မိသားစုများ၏ဝမ်းသာပီတိစကားသံများကို ဖော်ပြပေးလိုက်ပါသည်။

**ဦးကျော်ဝဏ္ဏ (ဦးရေ တစ်သန်းမြောက် ဘုရားဖူးပြည်သူ)**

သီတင်းကျွတ် ရုံးပိတ်ရက်မှာ ဒီနေပြည်တော်မှာရှိတဲ့ အစ်မတို့ဆီကိုအလည်လာရင်းနဲ့ ဒီနေ့ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို လာရောက်ဖူးမြော်တာဖြစ်ပါတယ်။ ကျွန်တော်တို့ ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်ကနေ မိသားစုနဲ့အတူ အခုလိုလာရောက် ဖူးမြော်တာဖြစ်ပါတယ်။ ဒီဘုရားကြီးကို ရောက်တော့ ဝင်ခွင့်ကတ်

စာမျက်နှာ ၂၃သို့

စာမျက်နှာ ၂၂မှအဆက်



ထုတ်တဲ့နေရာမှာတိုက်ပုံအင်္ကျီနဲ့ ဦးလေးတစ်ယောက်က ကျွန်တော်ကို လက်ဆွဲနှုတ်ဆက်ပါတယ်။ ဒီဘုရားကြီးရဲ့ ဂေါပကလို့ပြောပါတယ်။ ဒီမာရဝိဇယဘုရားကြီးကို လာရောက် ဘုရားဖူးပြည်သူများအနက် ဒီနေ့ ကျွန်တော်ရောက်ရှိကြောင်းစာရင်းသွင်းကတ်ပြားထုတ်တဲ့အချိန်မှာ အယောက်တစ်သန်းမြောက်ဘုရားပြည်သူတစ်ဦးဖြစ်တယ်လို့ သိရပါတယ်။ ဒီလိုကံထူးသူအဖြစ်စာရင်းဝင်သွားတဲ့အတွက်ကြောင့် အတိုင်းမသိဝမ်းသာပီတိဖြစ်ရပါတယ်။ ဒီလိုအယောက် တစ်သန်းမြောက်ကံထူးရှင်ဖြစ်တဲ့အချိန်မှာ ကျွန်တော်တို့မိသားစုကို အခမ်းအနားနဲ့ ဂုဏ်ပြုကာ ဘုရားဂေါပကအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက မာရဝိဇယရုပ်ပွားတော်မြတ်ကြီးနှင့် သာသနိကအဆောက်အအုံများဆိုင်ရာ သိမှတ်ဖွယ်ရာများကို ရှင်းလင်းပြောပြပါတယ်။ ဘုရားဖူးပြည်သူများ တစ်နေ့တစ်နေ့ တိုးတက်များပြားလာတဲ့အကြောင်းတွေကို ပြောပါတယ်။ ဒ့ါအပြင် ဉာဏ်တော် ကိုးလက်မအမြင့်ရှိတဲ့ စကျင်ကျောက်ဖြင့် ထုဆစ်ထားတဲ့ မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးပုံတူဆင်းတုတော် တစ်ဆူ၊ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မှန်ပေါင်သွင်းဓာတ်ပုံတစ်ပုံ၊ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့် သာသနိကအဆောက်အအုံများဆိုင်ရာ သမိုင်းကြောင်းရှင်းလင်းချက် CD တစ်ချပ်၊ ငွေကျပ် ၁၂ သိန်းတန်ဖိုးရှိ Creamy Paper ဖြင့် ရိုက်နှိပ်ထားပြီး ပါဠိ၊ ရှမ်းအက္ခရာ နှစ်မျိုးတို့ဖြင့် ပြုစုထားသောဆဋ္ဌသင်္ဂါယနာ မူပိဋကတ် ပါဠိတော် ၅၃ ကျမ်းအုပ် ၄၀ တစ်စုံတို့ကို ဂုဏ်ပြုပေးအပ်ပါတယ်။ အဲ့ဒီအတွက်ကြောင်း အတိုင်းမသိဝမ်းသာပီတိဖြစ်ရပါတယ်။

**ဦးသန့်ဆွေ**

ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်တဲ့ နေပြည်တော် ဇဟိုချက်မဆိုတဲ့နေရာမှာ တည်ထားကိုးကွယ်ထားတဲ့ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးရဲ့ သာသနိကအဆောက်အအုံများကို နိုင်ငံတော်အကြီးအကဲလည်းဖြစ်၊ ဦးဆောင်ဘုရားဒါယကာလည်းဖြစ်တဲ့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ဦးစီးပြီးတော့ စနစ်တကျစီမံအကွက်ချတည်ဆောက်ပြီးစီးတဲ့နောက်မှာ သာသနာသက္ကရာဇ် ၂၅၆၇ ခုနှစ် မြန်မာသက္ကရာဇ် ၁၃၈၅ ခုနှစ် ဒုတိယဝါဆိုလပြည့်နေ့က ဗုဒ္ဓါဘိသေကအနေကဇာတင်၍ ဗုဒ္ဓါဘိသိက်သွန်းလောင်းပူဇော်ခြင်း၊ ကျောက်စာရုံစေတီများကို ရွှေထီးတော်တင်လှူပူဇော်ခြင်းနှင့် ရေစက်ချအောင်ပွဲမင်္ဂလာကုသိုလ်တော် မဟာမင်္ဂလာအခမ်းအနားကို နိုင်ငံတော်ဩဝါဒါစရိယဆရာတော်ကြီးများနှင့် ပြည်ပမှ အထူးဖိတ်ကြားထားတဲ့ ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများအပါအဝင်ဘုရားကြီးကိုလှူဒါန်းကြတဲ့ အလှူရှင်များပါဝင်ပြီး စည်ကားသိုက်မြိုက်စွာနဲ့ ကျင်းပအောင်မြင်ပြီးစီးခဲ့ပါတယ်။ အဲ့ဒီနောက်မှာ ဘုရားဖူးပြည်သူများ စိတ်အေးချမ်းသာစွာနဲ့ ဖူးမြော်နိုင်ဖို့အတွက် ၂၀၂၃ ခုနှစ် ဩဂုတ် ၈ ရက်ကစပြီး စက်တင်ဘာ ၃ ရက်ထိ အခမဲ့ဝင်ရောက်ဖူးမြော်ခွင့်ပြုခဲ့ပါတယ်။ အဲ့ဒီကာလတစ်လျှောက်မှာ ဩဂုတ် ၈ ရက်မှာ နိုင်ငံတော်အကြီးအကဲက ရဟန်းရှင်လူဘုရားဖူးပြည်သူများကို ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်တဲ့နေ့မှာပဲ



လူဦးရေ ၉၇၀၀၀ ကျော်ရှိပြီး အများဆုံးဝင်ရောက်ဖူးမြော်ခဲ့တာကို တွေ့ရှိရပါတယ်။ ဒုတိယကတော့ ဩဂုတ် ၁၆ ရက်ကတော့ ၆၆၀၀၀ ကျော်ပေါ့။ အခမဲ့ ဝင်ရောက်ဖူးမြော်ခွင့်ပြုတဲ့ကာလအတွင်း စက်တင်ဘာ ၃ ရက်ထိ ဘုရားဖူးဦးရေက ၆၁၀၀၀၀ ကျော်ရှိပါတယ်။ အဲ့ဒီနောက်မှာ စက်တင်ဘာ ၄ ရက်ကစပြီး နိုင်ငံတော်အကြီးအကဲရဲ့ လမ်းညွှန်ချက်နဲ့ ဘုရားဖူးပြည်သူတွေကို တော့ လွတ်လွတ်လပ်လပ် အခမဲ့ဖူးမြော်ခွင့်ပေးပြီးတော့ ကင်မရာပါတဲ့တယ်လီဖုန်းကိုတော့ သတ်မှတ်နှုန်းထား ငွေကျပ် ၁၀၀၀ နှုန်းနဲ့ ဘုရားကြီးစီမံထိန်းသိမ်းဖို့ အလှူတော်ငွေအဖြစ် ကောက်ခံခဲ့ရာ လှူဒါန်းပူဇော်လိုတဲ့ ဘုရားဖူးများဝင်ရောက်ဖူးမြော်ခဲ့ခြင်းဖြစ်ပါတယ်။ စက်တင်ဘာ ၄ ရက်ကစပြီး ရပ်နီးရပ်ဝေးအနယ်နယ်အရပ်ရပ်က ဘုရားဖူးများဖြင့် ကြိတ်ကြိတ်တိုးစည်ကားပြီး လာရောက်ဖူးမြော်လျက်ရှိရာမှာ သီတင်းကျွတ်ရုံးပိတ်ရက်ကာလ အဖိတ်နေ့မှာ ဘုရားဖူးဦးရေ ၁၆၇၀၀ ကျော်လာရောက်ဖူးမြော်ခဲ့ပါတယ်။ သီတင်းကျွတ်လပြည့်နေ့မှာတော့ မာရဝိဇယဘုရားကြီးရဲ့ ဗုဒ္ဓဥယျာဉ်တော်အတွင်းမှာ တခြားတန်ခိုးကြီးဘုရားများနည်းတူ ဆီမီးများပူဇော်ခြင်း၊ မီးပုံးပျံလွှတ်တင်ခြင်း၊ ဝတ်ရွတ်အသင်းများ ရွတ်ဆိုခြင်းများကိုလည်းပဲ သုံးရက်တာဆောင်ရွက်ခဲ့ပါတယ်။ ဒါကြောင့် ဘုရားဖူးပြည်သူတွေဟာ လပြည့်ညမှာ အထူးစည်ကားလာပါတယ်။ ဘုရားဖူးဦးရေ ၇၆၀၀၀ ကျော် လာရောက်ဖူးမြော်ခဲ့ပါတယ်။ ဩဂုတ် ၈ ရက်ကနေ သီတင်းကျွတ်လပြည့်နေ့ထိ ဘုရားဖူးလူဦးရေ ၉၇၅၀၀၀ ကျော်ရှိခဲ့ပါတယ်။ လပြည့်ကျော် ၁ ရက်မှာပဲ နိုင်ငံတော်ဝန်ကြီးချုပ်ရုံးမှ ဘုရားဖူးပြည်သူဦးရေတစ်သန်းပြည့်မြောက်တဲ့ ဘုရားဖူးပြည်သူကို ဓမ္မလက်ဆောင်တွေပေးအပ်ဖို့အတွက် သေချာရေတွက်ထားဖို့ လမ်းညွှန်ချက် လက်ခံရရှိပြီးနောက် လပြည့်ကျော် ၁ ရက်ကစပြီး ဘုရားဖူးပြည်သူဦးရေကို ကျွန်တော်တို့ သေချာရေတွက်ခဲ့ပါတယ်။ လပြည့်နေ့ညမှာ အယောက်တစ်သန်းပြည့်မီဖို့အတွက် ၂၀၄၂ ဦးကျန်ရှိတဲ့အတွက် ယနေ့ နံနက် ၆ နာရီကစပြီး ဘုရားဖူးဝင်ရောက်တဲ့ဦးရေကို စိစစ်ဆောင်ရွက်တဲ့အခါ နံနက် ၁၀ နာရီမှာ ၂၀၂၇ ဦးဆိုတော့ ၁၅ ဦးအလိုဖြစ်ပါတယ်။ အဲ့ဒီအချိန်မှာ ခန့်မှန်းချိန် ၁၀ နာရီ ၃ မိနစ်မှာ ၁၅ ဦးစိစစ်ပြီးဝင်ရောက်မှုကို ဆောင်ရွက်လိုက်တဲ့အခါ အခုဓမ္မလက်ဆောင် ဂုဏ်ပြုပေးအပ်ခြင်းခံရတဲ့ ဦးကျော်ဝဏ္ဏကအယောက်တစ်သန်းမြောက် ဘုရားဖူးပြည်သူဖြစ်ခဲ့ပါတယ်။ ဦးကျော်ဝဏ္ဏကို ဂုဏ်ပြုဓမ္မဒါနလက်ဆောင်များကို နိုင်ငံတော်အကြီးအကဲရဲ့ ကိုယ်စားဘုရားကြီးမှ တာဝန်ရှိပုဂ္ဂိုလ်များက ချီးမြှင့်ခြင်းဖြစ်ပါတယ်။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနဲ့တကွ သာသနာ့အဆောက်အအုံများ၊ ဗုဒ္ဓဥယျာဉ်တော်ကလည်းပဲစတင်တည်ဆောက်ကတည်းက နိုင်ငံတော်ရဲ့ဘတ်ဂျက်နဲ့ အသုံးပြုခြင်းမရှိဘဲ အများပြည်သူခုနစ်ရက်သားသမီးများရဲ့ စုပေါင်းအလှူနဲ့ တည်ဆောက်ထားတာဖြစ်ပြီး ယခုလို ပြည်သူအားလုံးဖူးမြော်ပြီး ကြည်ညိုသဒ္ဓါပွားများကြရတာဖြစ်ပါတယ်။ ဒါလဲပဲ ကျွန်တော်တို့ရဲ့ သတ်မှတ်ပြဋ္ဌာန်းထားတဲ့ ရည်ရွယ်ချက် လေးရပ်နဲ့အညီ ကမ္ဘာတည်သရွေ့ထွန်းလင်းတောက်ပတည်တံ့ခိုင်မြဲနေစေဖို့အတွက် ရဟန်းရှင်လူဘုရားဖူးပြည်သူများရဲ့ အလှူဒါနများနဲ့ ဆက်လက်ပြီးတော့ ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် စီမံထိန်းသိမ်းမွမ်းမံဆောင်ရွက်သွားရမှာဖြစ်တဲ့အတွက် ဘုရားဖူးပြည်သူများအနေနဲ့လဲ စိတ်အေးချမ်းသာစွာလာရောက်ဖူးမြော်နိုင်ကြဖို့၊ ကြည်ညိုသဒ္ဓါပွားများစေကြဖို့ ဆုမွန်ကောင်းပို့သအပ်ပါတယ်ခင်ဗျာ။

**ဒေါ်နွယ်နီဝင်း**

ကျွန်မကတော့ ကိုကျော်ဝဏ္ဏရဲ့ဇနီး ဒေါ်နွယ်နီဝင်းဖြစ်ပါတယ်။ ကျွန်မတို့မိသားစု ရန်ကုန်ကဖြစ်ပါတယ်။ ဒီသီတင်းကျွတ်ရုံးပိတ်ရက်မှာ နေပြည်တော်မှာရှိတဲ့ အစ်မတို့ဆီကို အလည်လာရောက်ရင်းနဲ့



မာရဝိဇယဘုရားကြီးကို လာရောက်ဖူးမြော်တာပါ။ ဘုရားကြီးက အရမ်းသပ္ပာယ်ပါတယ်။ ဘုရားရင်ပြင်တော်ပေါ်တက်လိုက်တာနဲ့ အရမ်းအေးချမ်းတယ်။ ဒီနေ့ ကျွန်မအမျိုးသားက ဘုရားဖူးပြည်သူအယောက်တစ်သန်းမြောက် ဘုရားဖူးပြည်သူဖြစ်ခွင့်ရခဲ့တယ် အရမ်းဂုဏ်ယူပါတယ်။ ဂေါပကရုံးတာဝန်ရှိသူတွေကိုလည်း ကျေးဇူးတင်ပါတယ်။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို တည်ထားကိုးကွယ်ခဲ့တဲ့ နိုင်ငံတော်အကြီးအကဲကိုလဲ အထူးပဲကျေးဇူးတင်ကြောင်းပြောလိုပါတယ်။ ဒီမာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို အနယ်နယ်အရပ်ရပ်က ဘုရားဖူးပြည်သူများလဲ လာရောက်ဖူးမြော်ကြဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးသန်းထက်အောင်**



ကျွန်တော်ဘုရားဖူးလာရောက်ဖြစ်တာဆိုရင် ငါး ကြိမ်မြောက်ရှိပါပြီ။ ဖူးလို့ကို မဝပါဘူး။ စိတ်ထဲလဲကြည်နူးပီတိဖြစ်ရပါတယ်။ ကျွန်တော့်ရဲ့ မိတ်ဆွေတွေ၊ သူငယ်ချင်းတွေ၊ဝန်ထမ်းတွေကို နေပြည်တော်မှာရှိတဲ့ ဘုရားတွေကို လိုက်ပို့တိုင်း ဒီမာရဝိဇယ ဘုရားကြီးကို လိုက်ပို့ဖြစ်တယ်။ အခြားအထင်ကရ ဘုရားတွေလဲလိုက်ပို့ဖြစ်တယ်။ ကျွန်တော့်ဆီကိုလာတဲ့သူတိုင်းကို ဘုရားမဖူးဘဲပြန်မလွှတ်တဲ့ သဘောမျိုးဖြစ်အောင်ကို ပို့ဖြစ်ပါတယ်။ အနယ်နယ်အရပ်ရပ်က ဘုရားဖူးမိတ်ဆွေတွေလဲ ကုသိုလ်လာယူပြီးတော့ ဒီလိုဖူးမြော်ချင်တယ်ဆိုရင်တော့ နေပြည်တော်မှာလာရောက်လည်ပတ်ရင်းနဲ့ နေပြည်တော်မှာအထင်ကရဘုရားတွေ စေတီပုထိုးတွေ အများကြီးရှိပါတယ်။ လာရောက်ဖူးမြော်ဖို့လဲ ဖိတ်ခေါ်ပါတယ်။ နေပြည်တော်မှာ တန်ခိုးကြီးဘုရားတွေ အများကြီးရှိတဲ့အထဲမှာ ထူးခြားမှုအနေနဲ့ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးဟာ ကမ္ဘာပေါ်ရှိ ထိုင်တော်မူ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဘုရားကြီးဖြစ်ပါတယ်။ မြန်မာမှုလက်ရာတွေလဲ အများကြီးရှိပါတယ်။ ဘုရားဖူးပြည်သူတွေအနေနဲ့ ကြည်ညိုသဒ္ဓါပွားဖို့လဲ ကောင်းပါတယ်။ လာရောက်ဖူးမြော်သူတွေအနေနဲ့လဲ ဘုရားကြီးရဲ့ ရုပ်ပွားတော်ကို ဖူးမြော်လိုက်ရခြင်းဖြင့် ရင်ထဲမှာအေးချမ်းမှု၊ ပီတိဖြစ်မှုနဲ့ ရင်ထဲမှာသဒ္ဓါပွားမှုတွေအများကြီးဖြစ်ပေါ်ပါတယ်။

**ဒေါ်တင်မိုးခိုင်**



ရန်ကုန်က မောင်လေးတို့မိသားစု နေပြည်တော်ကိုလာတော့ မာရဝိဇယဘုရားကြီးကို လိုက်ပို့တာပါ။ မနေ့ကတည်းကလာဖို့ကို မလာဖြစ်ခဲ့တာပါ။ ဒီနေ့မှ မနက်စောကြီးထပြီးတော့ မနက်စာစားပြီးလာခဲ့ကြတာပါ။ မာရဝိဇယဘုရားကြီးမပြီးခင်ကတည်းက ဖူးချင်နေတာ။ ပထမဦးဆုံးဖွင့်တဲ့နေ့ကလဲ လာရောက်ဖူးမြော်ခဲ့ပါတယ်။ ဒီနေ့လဲ နိဗ္ဗာန်ထောက်ပံ့နိုင်ဖို့ ကိုယ့်ရဲ့မောင်လေးကို ထောက်ပံ့ပေးတာ။ ယခုလိုမျိုး ဘုရားဖူးပြည်သူအယောက်တစ်သန်းမြောက် ဘုရားဖူးပြည်သူဖြစ်တဲ့အတွက် အလွန်ဝမ်းမြောက်မိပါတယ်။ အရမ်းလဲကြည်နူးမိပါတယ်။ မနက်ကတည်းက အစောကြီးထပြီးတော့ မာရဝိဇယဘုရားကြီးကို ဖူးမြော်စေချင်လို့လာရောက်ပို့ပေးဖြစ်တာပါ။ မထင်မှတ်ဘဲ အခုလိုမျိုးဖြစ်သွားတဲ့အတွက် အိပ်မက်လားလို့တောင် ထင်မိပါတယ်။ မာရဝိဇယဘုရားကြီးမှာရှိတဲ့ ဂေါပကအဖွဲ့ဝင်တွေလည်း ဖော်ရွေကြပါတယ်။ ဧည့်ဝတ်လည်း ကျေပါတယ်။ ဘုရားတွေကို စုံအောင်လိုက်ပြပေးတဲ့အတွက် ဝမ်းသာပီတိဖြစ်ရပါတယ်။

**မိုးနိုင်(မြဝတီ)**

ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံထားခြင်းဖြင့် ကိုဗစ်-၁၉ ရောဂါကူးစက်မှုနှင့်ပြင်းထန်မှုတို့ကို လျော့နည်းစေနိုင်ခြင်း(အထူးအားဖြင့် နာတာရှည်ရောဂါခံစားနေရသူများနှင့် သက်ကြီးရွယ်အိုများ)၊ ရောဂါ၏နောက်ဆက်တွဲပြဿနာဖြစ်သည့် ကိုယ်တွင်းအင်္ဂါများထိခိုက်ပျက်စီးမှုမှသည် အသက်အန္တရာယ်ဆုံးရှုံးမှုဖြစ်သည်အထိ ဖြစ်ပေါ်ခြင်းမှ လျော့ချနိုင်ခြင်းတို့ကြောင့် အသက်ငါးနှစ်နှင့်အထက်ရှိသော ပြည်သူလူထုအားလုံးသည် နီးစပ်ရာကျန်းမာရေးဌာနများနှင့်ဆက်သွယ်၍ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး(ပထမအကြိမ်၊ ဒုတိယအကြိမ်နှင့် ထပ်ဆောင်းကာကွယ်ဆေး)များကို မဖြစ်မနေသွားရောက်ထိုးနှံကြရန် အသိပေးနှိုးဆော်အပ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

# ဥပဒေဘောင်အတွင်း ဝင်ရောက်လာသည့် PDF အဖွဲ့ဝင်များကို ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံ လွှဲပြောင်းပေးအပ်




**ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်း PDF အဖွဲ့ဝင်တစ်ဦးကို ထောက်ပံ့ပစ္စည်းများနှင့် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်စဉ်။**

**နေပြည်တော် အောက်တိုဘာ ၃၁**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီသည် PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးအမည်ခံ၍ လက်နက်ကိုင်ဆန့်ကျင်လျက်ရှိသည့် အဖွဲ့အစည်းများအတွင်း ရောက်ရှိနေသူများကို ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန်ဖိတ်ခေါ်၍ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာသူများကို လိုအပ်သည့်ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းနှင့် လက်နက်၊ ခဲယမ်းများပါရှိမှုအတွက် ဆုကြေးငွေများ ပေးအပ်သွားမည်ဖြစ်ကြောင်း ထုတ်ပြန်ထားရှိပြီးဖြစ်ရာ ယနေ့တွင် ပြစ်မှုကျူးလွန်ခြင်းမရှိသော PDF အဖွဲ့မှ ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်လာသူများကို မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်းပေးအပ်ခြင်းကို ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး မင်္ဂလာခန်းမ၌ ပြုလုပ်ရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်းနှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသူများနှင့် ၎င်းတို့၏ မိဘအုပ်ထိန်းသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က နယ်မြေဒေသ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေဆိုင်ရာပုဒ်မများကို ရှင်းလင်းဆွေးနွေးပြောကြားသည်။ ထို့နောက် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသည့် ပြစ်မှုကျူးလွန်ခြင်းမရှိသော ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မရမ်းကုန်းမြို့နယ်နှင့် ဒလမြို့နယ်တို့မှ PDF အဖွဲ့ဝင် အမျိုးသား ခြောက်ဦးနှင့် အမျိုးသမီး တစ်ဦးတို့ကို ဝန်ခံကတိလက်မှတ်ရေးထိုးစေကာ ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံသို့ လွှဲပြောင်းပေးအပ်ပြီး ထောက်ပံ့ပစ္စည်းများနှင့် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်သည်။ ယင်းနောက် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသူများ၏ မိသားစုဝင်များကိုယ်စား မိခင်တစ်ဦးက ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

ထိုသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီမှ ဥပဒေဘောင်အတွင်းဝင်ရောက်လာသူများကို ပြန်လည်ကြိုဆိုလက်ခံ၍ လက်နက်၊ခဲယမ်းများပါရှိမှုအတွက် ဆုကြေးငွေများ ပေးအပ်လျက်ရှိခြင်းနှင့်လိုအပ်သည့် ကူညီပံ့ပိုးမှုများဆောင်ရွက်ပေးလျက်ရှိခြင်းတို့ကြောင့် ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဆန္ဒရှိသူများ ကျန်ရှိနေသေးကြောင်း သိရှိရပြီး ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လိုသူများအနေဖြင့် နီးစပ်ရာ ခရိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များ၊ တပ်စခန်းများနှင့် ရဲစခန်းများသို့ အမြန်ဆက်သွယ် သတင်းပေးပို့လာပါက ကြိုဆိုလက်ခံပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

## ၂၀၂၃ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး တိုက်ကွမ်ဒိုပြိုင်ပွဲ ကျင်းပမည်

**နေပြည်တော် အောက်တိုဘာ ၃၁**

အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန အားကစားနှင့်ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံတိုက်ကွမ်ဒိုအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသည့် ၂၀၂၃ ခုနှစ် ပြည်နယ်နှင့်တိုင်းဒေသကြီး တိုက်ကွမ်ဒိုပြိုင်ပွဲကို နိုဝင်ဘာ ၇ ရက်မှ ၁၁ ရက်ထိ နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားရုံ(A)၌ ကျင်းပသွားမည်ဖြစ်ပြီး ပြိုင်ပွဲဝင် အမျိုးသားအသင်း ၁၅ သင်း၊ အမျိုးသမီးအသင်း ၁၅ သင်း ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်၍ အားကစားကိုစိတ်ပါဝင်စားသည့် မိဘပြည်သူများအနေဖြင့် မည်သူမဆိုအခမဲ့(အခမဲ့) လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ပြည်သူသို့ ပန်ကြားချက်၊ အမိန့်၊ အမိန့်ကြော်ငြာစာ၊ ညွှန်ကြားချက်များ(ဖြေလျှော့ပေးမည့် ကိစ္စရပ်များ မပါ)ကို နိုဝင်ဘာ ၃၀ရက်ထိ ရက်တိုးမြှင့်သတ်မှတ်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဗဟိုကော်မတီမှ အသိပေးကြေညာချက်**

၁၃၈၅ ခုနှစ် သီတင်းကျွတ်လပြည့်ကျော် ၂ ရက်
(၂၀၂၃ ခုနှစ် အောက်တိုဘာလ ၃၁ ရက်)

ကိုဗစ်-၁၉ ရောဂါပိုးကူးစက်ပျံ့နှံ့မှုကို ဆက်လက်ထိန်းချုပ်ဆောင်ရွက်ရန် လိုအပ်ပါသဖြင့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများမှ ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ တားဆီးရေးအတွက် အောက်တိုဘာ ၃၁ ရက်ထိ ထုတ်ပြန်ထားသော ပြည်သူသို့ ပန်ကြားချက်၊ အမိန့်၊ အမိန့်ကြော်ငြာစာ၊ ညွှန်ကြားချက်များ (ဖြေလျှော့ပေးမည့်ကိစ္စရပ်များ မပါ)ကို နိုဝင်ဘာ ၃၀ ရက်ထိ ရက်တိုးမြှင့်သတ်မှတ်ဆောင်ရွက်ထားပါကြောင်း အသိပေးကြေညာအပ်ပါသည်။

## “ပြည်သူ့ကြားက ပြည်သူ့စကား”အစီအစဉ်

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှု တားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ရင်တွင်းခံစားချက်စကားသံများကို သဇင် FM ၏ “ပြည်သူ့ကြားက ပြည်သူ့စကား” အစီအစဉ်မှ **“ညောင်လေးပင်မြို့နယ် ပိန်းလေပ်ဘူတာနှင့် တော်ဝိဘူတာအကြား ရထားလမ်းအား PDF အမည်ခံအကြမ်းဖက်သမားများက မိုင်းထောင်ဖောက်ခွဲဖျက်ဆီး”** ခေါင်းစဉ်ဖြင့် ၁-၁၁-၂၀၂၃ ရက် **(ယနေ့)**မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။ လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **“မစားရသည့်အမဲ သဲနှင့်ပက်ကြသူများ”**ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည် ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ်ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၉၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့်ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်း အသိပေးကြေညာ အပ်ပါသည်။ ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် အောက်တိုဘာ ၃၁**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့်ပြည်သူလူထုကိုအကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်း ခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း အောက်တိုဘာ ၃၀ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် “MyintMo Zen”Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ် အမှတ်(၁၅)ရပ်ကွက်နေ ပြည့်စုံ(ခ) မြင့်မိုရ်ဇာန်ကို နံနက် ၉ နာရီ ၅၅ မိနစ်တွင် ပိတောက်ချောင်းနယ်မြေရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ် အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ယင်းတို့နှင့် ဆက်နွယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။

# တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုဇွန်)နှင့် မြစ်ရေယာဉ်(စကု)တို့ ဧရာဝတီတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးအတွင်း ဧရာဝတီမြစ်ကြောင်းတစ်လျှောက်ရှိ ကျေးရွာများ၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ရန် ထွက်ခွာ

**နေပြည်တော် အောက်တိုဘာ ၃၁**

ဧရာဝတီတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးအတွင်း ဧရာဝတီမြစ်ကြောင်းတစ်လျှောက်ရှိ မြစ်ဝကျွန်းပေါ်နေ ကျေးရွာများမှ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများဆောင်ရွက်ပေးရန်အတွက် တပ်မတော်နယ်လှည့်အထူးကုဆေးအဖွဲ့နှင့် ကျန်းမာရေးဝန်ကြီးဌာန နယ်လှည့်အထူးကုဆေးအဖွဲ့တို့မှ ပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြုများပါဝင်သော တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုဇွန်)နှင့် မြစ်ရေယာဉ်(စကု)တို့သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ အမှတ်(၄)ရေတပ်ဘောတံတားမှ ထွက်ခွာရာ တပ်မတော်(ရေ)မှ အရာရှိကြီးများနှင့် အရာရှိ၊စစ်သည်၊ မိသားစုများက ပို့ဆောင်နှုတ်ဆက်ကြသည်။



တပ်မတော်နှင့်ကျန်းမာရေးဝန်ကြီးဌာနတို့မှ နယ်လှည့်အထူးဆေးကုသရေးအဖွဲ့ ဧရာဝတီတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးအတွင်း ဧရာဝတီမြစ်ကြောင်းတစ်လျှောက်ရှိ ကျေးရွာများ၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ရန် ထွက်ခွာရာ တပ်မတော်(ရေ)မှ အရာရှိကြီးများနှင့် အရာရှိ၊ စစ်သည်၊ မိသားစုများက ပို့ဆောင်နှုတ်ဆက်စဉ်။

အဆိုပါ နယ်လှည့်အထူးကုဆေးအဖွဲ့သည် ဧရာဝတီမြစ်ကြောင်းတစ်လျှောက်ရှိ ဒေသခံပြည်သူများကို ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ ကလေးရောဂါ၊ အရိုးရောဂါ၊ မျက်စိရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ သွားရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး X-Ray ရိုက်ခြင်း၊ Ultrasound ရိုက်ခြင်းနှင့်ရောဂါဗေဒပါရဂူများဖြင့် ရောဂါရှာဖွေစမ်းသပ်ကုသခြင်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။

ထို့ပြင် အရေးပေါ်အခြေအနေပေါ်ပေါက်ပါက ဆေးရုံတင်ကုသမှုများ ဆောင်ရွက်ပေးရန်အတွက် ဆေးရုံရေယာဉ်ပေါ်တွင် လူနာဦးရေ ၃၀ ထိ တင်ဆောင်ကုသနိုင်သည့် ခွဲစိတ်ခန်း၊ သားဖွားမီးယပ်ခန်း၊ စမ်းသပ်ခန်းနှင့် အထူးကြပ်မတ်ကုသဆောင်များလည်းပါရှိကြောင်း သတင်းရရှိသည်။

# မြစ်ကြီးနား-ဗန်းမော် ကားလမ်းမကြီးကို လုံခြုံရေးဆောင်ရွက်ပေးနေသည့် ကန်တော်ယန်လုံခြုံရေးစခန်းအား KIA နှင့် ပူးပေါင်းအင်အားစုအဖွဲ့က အင်အားအလုံးအရင်းဖြင့် ဝင်ရောက်တိုက်ခိုက်ခဲ့ပြီး ဆက်သွယ်ရေးလမ်းကြောင်းကို တားဆီးထိန်းချုပ်ရန် ဆောင်ရွက်လာသဖြင့် တပ်မတော်မှ လိုအပ်သည့်တုံ့ပြန်မှုများဆောင်ရွက်

**နေပြည်တော် အောက်တိုဘာ ၃၁**

KIA နှင့် ပူးပေါင်းအင်အားစုများအနေဖြင့် ယနေ့နံနက်ပိုင်းတွင် အများပြည်သူအသုံးပြုလျက်ရှိသော မြစ်ကြီးနား-ဗန်းမော်အဓိကဆက်သွယ်ရေးကားလမ်းမကြီးအား လုံခြုံရေးဆောင်ရွက်လျက်ရှိသည့် ကန်တော်ယန်တစ်ဝိုက်ရှိ လုံခြုံရေးအဖွဲ့ကို အင်အားအလုံးအရင်းဖြင့် အလစ်အငိုက်ရယူ၍ ဝင်ရောက်တိုက်ခိုက်ခဲ့သည်။


KIA နှင့် ပူးပေါင်းအင်အားစုများသည် အောက်တိုဘာ ၆ ရက်တွင်လည်း အဆိုပါလမ်းကြောင်းပေါ်ရှိ လဲလုံလမ်းကြောင်းလုံခြုံရေးစခန်းကို ဝင်ရောက်တိုက်ခိုက်ခဲ့သဖြင့် တပ်မတော်အနေဖြင့် သက်ဆိုင်ရာ Peace-Talk Creation Group(PCG) မှတစ်ဆင့်ဆက်သွယ်၍ အများပြည်သူအသုံးပြုသည့် အရေးကြီးသောဆက်သွယ်ရေးလမ်းဖြစ်၍ အကြမ်းဖက်လုပ်ရပ်များပြုလုပ်ခြင်းမပြုရန်နှင့် ထပ်မံ၍အကြမ်းဖက်လုပ်ရပ်များပြုလုပ်လာပါက သည်းခံနိုင်စွမ်းကုန်ဆုံးပြီး သင့်လျော်သည့်တုံ့ပြန်မှုများဆောင်ရွက်သွားမည်ဖြစ်ကြောင်း နှစ်ကြိမ်တိုင်တိုင် အသိပေးအကြောင်းကြားခဲ့သည်။

တပ်မတော်အနေဖြင့် ထာဝရငြိမ်းချမ်းရေးကိုရှေးရှုကာ ငြိမ်းချမ်းရေးအတွက် အကြိမ်ကြိမ်ကမ်းလှမ်း၍ တတ်နိုင်သရွေ့ သည်းခံမှုများပြုလုပ်ခဲ့သော်လည်း KIA နှင့် ပူးပေါင်းအင်အားစုများအနေဖြင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)ဒေသ အကြမ်းဖက်အဖွဲ့များ၏ စစ်ရေးလှုပ်ရှားမှုများနှင့်အချိန်ကိုက်အခွင့်အရေးယူကာ ယနေ့နံနက်ပိုင်းတွင် တပ်မတော်၏တပ်စုအဆင့် လုံခြုံရေးဆောင်ရွက်လျက်ရှိသော ကန်တော်ယန်လုံခြုံရေးစခန်းကို သာလွန်အင်အားအများအပြားအသုံးပြု၍ အလစ်အငိုက်ဝင်ရောက်တိုက်ခိုက်ခဲ့ပြီး မြစ်ကြီးနား-ဗန်းမော်သွားဆက်သွယ်ရေးလမ်းကြောင်းကို ပိတ်ဆို့ထိန်းချုပ်ရန်ဆောင်ရွက်လာခဲ့သည်။ဖြစ်စဉ်တွင် တပ်မတော်မှ အရာရှိ၊စစ်သည်အချို့ ကျဆုံး၊ ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

သို့ဖြစ်၍ တပ်မတော်အနေဖြင့်အမာခံသတင်းပေးများ၏ တိကျစွာသတင်းပေးပို့ချက်အရ ကြိုတင်သိရှိထားသော KIA အဖွဲ့၏ လက်နက်ထုတ်လုပ်သည့် နေရာ၊ ခဲယမ်းနှင့် မိုင်းများထုတ်လုပ်သည့်နေရာများနှင့် သိုလှောင်သည့်နေရာများကို သင့်လျော်သည့် တုံ့ပြန်တိုက်ခိုက်မှုများ ဆောင်ရွက်ခဲ့ရသည်။

အဆိုပါနေရာသည် နယ်စပ်နှင့် နီးကပ်သည့်နေရာဖြစ်၍ အိမ်နီးချင်းနိုင်ငံသို့ မလွဲမသွေသာ ဆောင်ရွက်ရမည့်ကိစ္စရပ်အား ကြိုတင်အသိပေး ဆောင်ရွက်ခဲ့ခြင်းအပြင် ထိန်းထိန်းသိမ်းသိမ်းဖြင့် ကန့်သတ်တုံ့ပြန်တိုက်ခိုက်ခြင်းများ ဆောင်ရွက်ခဲ့သည်။ ဆက်လက်၍လည်း ပြည်သူလူထုနှင့် ပတ်သက်၍ နှောင့်ယှက်ထိပါးစေသော အကြမ်းဖက်လုပ်ရပ်များ ထပ်မံဆောင်ရွက်လာပါက လိုအပ်သောပြန်လည်တုံ့ပြန်မှုများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

KIA နှင့်ပူးပေါင်းအင်အားစုများ အင်အားအလုံးအရင်းဖြင့် လာရောက်တိုက်ခိုက်ခဲ့သည့် ကန်တော်ယန်လုံခြုံရေးစခန်း နေရာပြပုံ




## အောက်တိုဘာ ၃၁ ရက် ထုတ်ပြန်ချက်တွင် ကိုဗစ်-၁၉ ရောဂါဓာတ်ခွဲအတည်ပြုလူနာသစ် နှစ်ဦး တွေ့ရှိ

**နေပြည်တော် အောက်တိုဘာ ၃၁**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ အောက်တိုဘာ ၃၀ ရက် ည ၈ နာရီမှ ယနေ့ည ၈ နာရီအတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း ၂၅၉၆ ခုကို စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် နှစ်ဦး တွေ့ရှိရသည်။

ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ သုည ဒသမ ဝ၈ ရာခိုင်နှုန်းဖြစ်သည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိပါ။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်သည်။

**ကျန်းမာရေးဝန်ကြီးဌာန**

## သဇင်(FM) အသံလွှင့်အစီအစဉ်

**၁-၁၁-၂၀၂၃ (ဗုဒ္ဓဟူးနေ့)**

| | | |
|---|---|---|
| ၁။ | ဝ၈း၀၀ | ကျန်းမာခြင်းအတွက် သဇင်ရဲ့လက်ဆောင် |
| ၂။ | ၁၂း၁၅ | Special Music Time |
| ၃။ | ၁၃း၀၀ | ပြည်သူကြားက ပြည်သူ့စကား |
| ၄။ | ၁၆း၂၀ | K Pop |
| ၅။ | ၂၁း၄၀ | ချောက်ချောက်ချားချားဖြစ်ရပ်များ |

# ပုံရှည်ဇာတ်

ကိုဇော်ဌေး(ယဉ်ကျေးမှု)

ပုံကြီးအကမှ ပုံရှည်ဇာတ် ဖြစ်ပေါ်လာခဲ့သည်။ အရပ်ဒေသအခေါ် "ပုံရှည်ကြီး၊ ပုံရှည်ကြီး အက" ဟုခေါ်ကြသည်။ ကောက်စိုက်ခါနီး နတ်များနှစ်သိမ့်စေခြင်းငှာ "လယ်ပုံချပွဲ"အဖြစ် တီးမှုတ်ကခုန်ရာမှ အလှူပွဲများ၊ ဘုရားပွဲများတွင် ခင်းကျင်းကပြသည်ထိ ကျယ်ပြန့်ခဲ့သည်။ ပုံကြီးအဖွဲ့တွင် ပုံကြီးတီးသူနှစ်ဦး၊ မင်းသား တစ်လက်၊ မင်းသမီးတစ်လက် ပေါင်းလေးဦး ပါဝင်သည်။ နောက်ပိုင်းတွင် လူရွှင်တော်နှစ်ဦးထပ်တိုးကာ ပေါင်းခြောက်ဦးဖြစ်လာသည်။

ကနဦးကပြကြရာတွင် မြေပြန့်မှာပင် မြေဝိုင်းအသွင် ကပြကြသည်။ ပထမဦးစွာ မြို့တော်ရှင် ရွာတော်ရှင်နတ်မင်းကိုပွဲပေး၍ ကန်တော့ရသည်။ ကန်တော့ပြီးနောက် "ပုံကြီးချီပင့်ခန်း"ကို စ၍ဆိုကြသည်။ ဆုံးသည့်အခါ နိပါတ်တော်လာအခန်းတို့ကို ဆက်လက်ကပြသည်။ ကပြရာတွင် လင်းကွင်းကိုင်အဆိုသမားက အလယ်မှနေ၍ အရပ်လေးမျက်နှာ လှည့်ပေးရသကဲ့သို့ ပုံကြီးတီးသူများကလည်း ခြေဟန်လက်ဟန်ဖြင့် လှည့်ပတ်တီးကြသည်။ တီးကွက်အမြန်အနေးမှာ လင်းကွင်းဆွဲဆောင်ရာသို့ လိုက်ပါရသည်။ အသံ(သီဆိုသူ) ကိုမှီး၍ ပါးနပ်စွာဖြင့်တီးကြသည်။ ပုံရှည်နှစ်လုံး ချက်ညီလက်ညီမှုလည်း လိုအပ်သည်။ လင်းကွင်းတီးသူ(ပုံရှည်မင်းသား)က ရှေ့ဆောင်၍ဆိုရ တီးရသည်။ အဆို၊ အတီးမှာ လေးလေးနှင့်မှန်မှန် စီးမျောနေသည်။ ကပုံကနည်းလက်ချိုး၊ ခြေချိုးများမှာလည်း လေးလေးနှင့် အေးအေးမှန်မှန်ငြိမ့်ညောင်းနေသည်။ ပုံမင်းသမီးမှာလည်း ဘယ်ညာယိမ်းနွဲ့ပျောင်းသွဲ့နေသည်။ ပုံမင်းသမီးကသာလျှင် ကဟန်၊ ကကြိုးတို့ကို ပြည့်ပြည့်ဝဝကပြနေပြီး ပုံမင်းသားမှာ လင်းကွင်းကို အမြဲကိုင်ဆောင်ကာ အတီးကို ဦးဆောင်နေပေးသည်။

အကကိုမူ မသိမသာဦးဆောင်၍ ဟန်ဖြင့်သာ ပြီးတော့သည်။ လူရွှင်တော်တို့ ပါလာချိန်ဝယ် လူရွှင်တော်တို့က ခပ်ရွှင်ရွှင်ခပ်လျှင်လျှင်ပြောပေးပြီး အနေးတီး အမြန်တီး ကူးပြောင်းကြသည်။ အမြန်ဆိုငြား ညင်သာမှု၏ စည်းအပြင်ဘက်သို့ မထွက်ကြချေ။

ဤသည်မှာ ပုံရှည်အက၏ ပုံရိပ်ဖြစ်သည်။ လယ်ထွန်ကောက်စိုက်ချိန် "လယ်ပုံချပွဲ"များကျင်းပသည့်အခါ ကန်သင်းပေါ်တွင် ပုံကြီးလွယ်ထားသူနှစ်ဦးက မျက်နှာချင်းဆိုင်နေရာယူ၍ တီးရသည်။ စည်းဝါးလိုက်ကာ ဟန်နှင့်ပန်နှင့် ကသည့်အခါ ကကြသည်။ လင်းကွင်းမင်းသားနှင့် ပုံမင်းသမီးတို့ကလည်း အတီးသမားတို့၏ တစ်လံအကွာခန့်တွင် မျက်နှာချင်းဆိုင်အနေအထားဖြင့် ကကြသည်။ မင်းသား၊ မင်းသမီးတို့၏ အဆိုနောက်သို့ ကောက်စိုက်သမများနှင့် အပါးမှရွာသူ၊ ရွာသားများက အသံမျိုးစုံဖြင့်လိုက်၍သီဆိုကာ ကခုန်ကြသည်။ နားလိုက်၊ ကလိုက်ဖြင့် ဖျော်ဖြေလာရင်း မွန်းတည့်ချိန်တွင် ကောက်ပင်များလည်း အတော်စိုက်ပြီး၍ ကသူ တီးသူတို့လည်း အတော်မောနေပြီဖြစ်သည်။ မွန်းလွဲပိုင်း ခေတ္တနားပြီး ညနေပိုင်း လုပ်ငန်းပြီးခါနီးတစ်ကြိမ် ဖျော်ဖြေကပြကြပြန်သည်။

အကသည် ကာလကြာမြင့်သော် ဖွံ့ဖြိုးလာသည်။ ဤဟန်ကိုပင် စနစ်တကျကပြရန် စိတ်ကူးပြီး ပုံရှည်ဇာတ်ဖြစ်ပေါ်လာသည်။ တစ်နည်းအားဖြင့် ပုံရှည်ဇာတ်သည် ပုံရှည်အကနှင့် ရှိရင်းစွဲနိပါတ်ခင်း (လှည်းဇာတ်)တို့ကို မှီခြေရှိစွာပေါင်းစပ်လိုက်ခြင်းဖြစ်သည်။ ထိုးဖောက်ထွက်လာသည့် ပုံရှည်ဇာတ်သည် မြန်မာဇာတ်ကြီးအစီအစဉ်၊ မြန်မာရုပ်သေး၏အစီအစဉ်တို့ကိုလမ်းပြခဲ့သည်ဟု တင်ဆက်ခင်းကျင်းမှုကို လေ့လာ၍ သုံးသပ်နိုင်သည်။

ပုံရှည်ဇာတ်ခင်းကျင်းသောနေရာအလယ်၌ ညဥ့်အခါဖြစ်လျှင် စဉ့်မီးခွက်ကြီးတစ်ခုကို ခွေးခြေခုံပေါ်ခုံနှင့်ဖြစ်စေ၊ ဆန်ဖွပ်သော လက်ဆုံမှောက်၍ဖြစ်စေ မီးခွက်ကြီးတစ်ခွက်ထဲဝင်၍ မီးထွန်းရလေသည်။ မီးစာမှာ အဝတ်ကြမ်းကိုကျစ်၍ ရေနံချေးစိမ်ပြီးလျှင် အလယ်ကစိုက်ရသည်။ ရေနံစာမှာ ထမင်းခြောက်ကိုဖြစ်စေ၊ ဝါစေ့ကိုဖြစ်စေ မီးခွက်ထဲသို့ထည့်၍ ရေနံလောင်းရသည်။ နောက် မီးထွန်းသောအခါ မီးခြစ်မရှိ၊ ထင်းမီးစကိုယူ၍ မီးမှုတ်ညှိထွန်းရသည်။ မီးတစ်ခွက်တည်းနှင့်ပင် များစွာအလင်းရောင်ရ၍ ပွဲကြည့်သော ပရိသတ်ကို ထင်ရှားစွာမြင်ကြပေသည်။ မီးတောက်အရှိန်အဝါမှိန်ခဲ့သည်ရှိသော် တုတ်တံဖြင့် ရေနံစာကို ဆွပေးပြီး ရေနံထပ်၍ထည့်ပြန်လျှင် မီးတောက်မီးလျှံ ထွန်းလင်းသောအရောင်ကို ရကြပေသည်။

ခင်းထားသောဖျာသည် ကျူဖျာ၊ နီးဖျာများသာဖြစ်သည်။ ပွဲမဏ္ဍပ်မှာ အိမ်ရှေ့မျက်နှာစာကျယ်လျှင် အိမ်ရှေ့၌ သို့မဟုတ် ရွာအနီးကပ်လျက် လယ်ကွက်၌ အကျယ် ငါးတောင်တိုင်စိုက်၍ ရှစ်ပင်ပတ်လည်ဖြစ်စေ၊ ကိုးပင်ပတ်လည်ဖြစ်စေ၊ ဆယ်ပင်ပတ်လည်ဖြစ်စေ ထိုးရသည်။ သက်ငယ်မိုးသည်။ သစ်ဝါးတို့မှာ တောတောင်တက်၍ ရယူနိုင်သဖြင့် လုပ်အားမှအပ စရိတ်ကျဉ်းသည်။ မဏ္ဍပ်၏အလယ်၌ သဘင်သည်တို့ကိုထား၍ ဘေးပတ်လည်မှ ပွဲကြည့်သူတို့က ကြည့်ကြသည်။

သီချင်းဆိုသည့်အခါ လင်းကွင်းကို လှပစွာကစား၍ ဆိုခြင်း၊ ရှေ့ကျွမ်း နောက်ကျွမ်းပစ်၍ ကပြခြင်း၊ ခြေထိုးခြေမြှောက်၊ အခုန်အပေါက်၊ ကြောင်လိမ်ကပြခြင်းတို့ဖြင့် ကပြသည်။

ဇာတ်တို့၏ခင်းကျင်းမှုပုံစံအတိုင်း ခုနစ်ချီသံချီအကမျိုးစုံနှင့် နတ်ကတော် ထွက်ကသည်။ နတ်ကတော်ဝင်သွားပြီးနောက် ဝန်ကြီးများထွက်လာသည်။ ဝန်ကြီးများစကားပြောဆို၍ လက်စွဲတော် လူပျိုတော်သားများကို စောင့်ဆိုင်းရန်ပြောကြပြီး တစ်ခန်းရပ်သည်။

လူပျိုတော်သား လူရွှင်တော်နှစ်ယောက်ထွက်လာကြပြီးစကားပြောကြသည်။ "အခစားနောက်ကျနေပြီ၊ မင်းဘုရားကြီးတို့ အထုအထောင်းခံရလိမ့်မည်"ဟု ပြောဆိုကြပြီး ပုံထောက်သံနှင့် ကခုန်ကာဝင်သွားကြသည်။ လူပျိုတော်သားတို့ ဝန်မင်းတို့ထံ ရောက်ကြသည်။ အထုအထောင်းလွတ်ရန် လှည့်ပတ်ပြောဆိုလျှောက်ထားကြသည်။ ဝန်မင်းတို့ထံမှ အမိန့်တော်ကိုနာခံပြီး ဥယျာဉ်တော်၌နေကြသော အပျိုတော်များကို

❖ အဆို၊ အတီးမှာ လေးလေးနှင့်မှန်မှန် စီးမျောနေသည်။ ကပုံကနည်း လက်ချိုး၊ ခြေချိုးများမှာလည်း လေးလေးနှင့် အေးအေးမှန်မှန် ငြိမ့်ညောင်းနေသည်။ ပုံမင်းသမီးမှာလည်း ဘယ်ညာယိမ်းနွဲ့ပျောင်းသွဲ့နေသည်။ ပုံမင်းသမီးကသာလျှင် ကဟန်၊ ကကြိုးတို့ကို ပြည့်ပြည့်ဝဝ ကပြနေပြီး ပုံမင်းသားမှာ လင်းကွင်းကို အမြဲကိုင်ဆောင်ကာ အတီးကို ဦးဆောင်နေပေးသည်။ အကကိုမူ မသိမသာဦးဆောင်၍ ဟန်ဖြင့်သာ ပြီးတော့သည်။ လူရွှင်တော်တို့ ပါလာချိန်ဝယ် လူရွှင်တော်တို့က ခပ်ရွှင်ရွှင်ခပ်လျှင်လျှင်ပြောပေးပြီး အနေးတီးအမြန်တီး ကူးပြောင်းကြသည်။ အမြန်ဆိုငြား ညင်သာမှု၏ စည်းအပြင်ဘက်သို့ မထွက်ကြချေ။ ဤသည်မှာ ပုံရှည်အက၏ပုံရိပ်ဖြစ်သည်။ ❖

ဇာတ်ပွဲဖြစ်သောကြောင့် ပွဲဈေးတန်းလည်းရှိသည်။ ရောင်းချသော ဈေးသည်များမှာ ဆေးလိပ်၊ လက်ဖက်၊ မုန့်ဆန်းမရွေး၊ မုန့်လေပွေ၊ ကောက်ညှင်းကျည်တောက်၊ ကောက်ညှင်းပေါင်း၊ ကောက်ညှင်းကြံရွက်ထုပ် စသည်တို့ပင်ဖြစ်သည်။ မိမိတို့ကျေးရွာက ဈေးရောင်းသူများဖြစ်၍ စားသောက်ကြသောသူများမှာ စပါးနှင့်ဖြစ်စေ၊ ဆန်လုံးတီးနှင့်ဖြစ်စေ၊ ဆန်ဖြူနှင့်ဖြစ်စေ တစ်ခွဲဖိုး၊ တစ်စိတ်ဖိုး၊ နှစ်ပြည်၊ တစ်ပြည်၊ တစ်ခွက်၊ တစ်စလယ်ဖိုး စသည်ဖြင့်ဝယ်၍ စားသောက်ကြသည်။

ကပြပုံမှာ ရှေးဦးစွာ လူနှစ်ယောက် ပုံရှည်ကြီးရစ်သိုင်းကာလွယ်လျက်၊ လင်းကွင်းကိုင်သူက ပုံရှည်နှစ်လုံး၏ အလယ်ကနေလျက်၊ နဲ့မှုတ်သူနှင့်ဝါးလက်ခုပ်တီးသူတို့က တစ်ဖက်စီမှမျက်နှာချင်းဆိုင် ထွက်လာကြလျက် မီးခွက်ကြီးကိုလှည့်ပတ်တေးဆိုတီးမှုတ်ကပြကြသည်။

လင်းကွင်းတီးသူမှာ ပုံရှည်မင်းသားဖြစ်သည်။ ဝါးလက်ခုပ်တီးသူမှာ ပုံရှည်လူပြက်ဖြစ်သည်။ ပုံကိုလွယ်ကြသူတို့က ပုံ၏အမဘက်မျက်နှာပြင်ကို မြေကြီးနှင့်နီးအောင် ခပ်ငိုက်ငိုက် ခပ်စောင်းစောင်းထား၍ လွယ်ကြသည်။ အဖိုဘက်မျက်နှာပြင်ကို တီးသည်နှင့် ပုံသံကဟိန်း၍ ပိုမိုအသံအောင်သောကြောင့်ဖြစ်သည်။

ပုံရှည်မင်းသားသည် ကြယ်ပေါက်လက်ကြပ်အကျီကတောင်နှင့်၊ ခါးပုံစ၊ ခါးစည်း၊ လယ်ခွန်များကို ဆင်ယင်ထားသည်။ လင်းကွင်းတီးရင်း သီချင်းဆိုသည်။ သီချင်းမှာ ပုံရှည်တီးခြင်းအကြောင်း၊ ရာဇဝင်မင်းဆက်တို့အကြောင်းဖြစ်သည်။ ပုံရှည်အယိုင်တီးရန်ခေါ်ကြသည်။ အပျိုတော်တို့က ပုံရှည်အကနှင့် ဝန်မင်းတို့ထံဝင်သည်။

ဝန်မင်းတို့က အပျိုတော်များကို စွယ်တော်စင်ဘုရားအား ပန်းဟောင်းကိုစွန့်၍ ပန်းသစ်ကိုတင်ရန်၊ အမှုကိစ္စများကို မလစ်မဟင်းရန် အမိန့်ပေးသည်။ "အမှုတော်ထမ်းကောင်းကြသည်ကို ဘုရင်မင်းမြတ်ထံ အမိန့်တော်ခံပေးမည်"ဟုပြောသည်။ ထို့နောက် "ထွက်တော်မူနီးပြီ၊ နေရာတော်များခင်းကြပေတော့ ငါ့သမီးများ"ဟု အမိန့်ပေးသည်။ အပျိုတော်တို့က ပုံရှည်အကနှင့်သီချင်းဆို၍ နေရာတော်ခင်းပြီးသည့်အခါ ရှင်ဘုရင်ထွက်တော်မူလာသည်။

ရှင်ဘုရင်က တိုင်းရေးပြည်ရေး၊ သာသနာရေးကို လင်္ကာစကားဖြင့် မိန့်ကြားသည်။ မေးမြန်းသည်။ ဆိုင်ရာဝန်တို့က တိုင်းပြည်နိုင်ငံတော် သာယာဝပြောကြောင်း၊ သာသနာတော်စည်ပင်ထွန်းလင်းတောက်ပတော်မူကြောင်းများကို လင်္ကာစကားများဖြင့် ပြန်လည်သံတော်ဦးတင်ကြသည်။ ဘုရင်မင်းမြတ်ကဝမ်းမြောက်တော်မူကြောင်း လင်္ကာစကားဖြင့်မိန့်သည်။ တစ်ဖန်ရှင်ဘုရင်၏ သားတော်၊ သမီးတော်အကြောင်း ရောက်လာသည်။ "သားတော်မောင်တစ်ပါး တက္ကသိုလ်ပြည်သို့ ပညာသင်စေလွှတ်လိုက်ရာ ပြန်မရောက်သေးဘူးလား"ဟုမေးသည်။ ဆိုင်ရာအနောက်ဝန်က "မရောက်သေးပါကြောင်း" ပြန်လည်တင်လျှောက်သည်။ ရှင်ဘုရင်က "သားတော်မောင်သည် ပညာသင်ရန် သုံးနှစ်တာဝန်ခံသွားရာ ယခုသုံးနှစ်ကျော် စွန်းသုံးလယွန်းခဲ့ပြီ၊ ပြည်တော်သို့ပြန်မရောက်သေးသည်မှာ ရွှေညာဏ်တော်လေးလို့၊ တဖြည်းဖြည်းသင်ကြားဟန်တူတယ်မင်းကြီးများ"ဟု ဆိုညည်းပြောပြီး "သားတော်မောင်ပြန်လာချိန်နီးပြီမင်းကြီးများ၊ သားတော်မောင်ပြန်လာမည် လမ်းကအချိုပွဲ၊ အချဉ်ပွဲနှင့်အကြိုတော်များထောက်၊ မြင်းသည်ကျော်များ လွှတ်ကြရမည် မင်းကြီးများ"ဟု ထပ်မံမိန့်သည်။

ဝန်တို့က "အမိန့်တော်မြတ်ကို ဦးထိပ်ရွက်ပန်ဆင်၍ စီမံကြပါမည်ဘုရား"ဟု ဘုရင့်အမိန့်ကိုနာခံကြောင်း ပြန်လျှောက်သည်။ ဘုရင်က "ပြည်ကြီးဝန်ကိုထမ်းဆောင်ကြသည်မှာ ပြည်ကြီးပခုံး၊ ပြည်ကြီးလက်ရုံးဖြစ်ကြသည်။ ငါဘုရင်မင်းမြတ်ကိုယ်စား စီရင်အုပ်ချုပ်ကြရန် လွှဲအပ်ခန့်ထားတော်မူသည်။ တိုင်းပြည်ကြီး မယိမ်းမယိုင်မတိမ်းမစောင်းရအောင် ဖြောင့်ဖြောင့်မတ်မတ်အေးချမ်းသာယာအောင် စီမံဆောင်ရွက်ကြမင်းကြီးများ"ဟု မိန့်မှာကာ ညီလာခံစဲသည်။ အတွင်းဆောင်သို့ဝင်သွားသည်။

သားတော်ပြန်လာလမ်းကို အကြိုတော်ထောက်ရန်နှင့် မြင်းသည်တော်လွှတ်ရန် ဆိုင်ရာဝန်ကထောက်ဆင့်သည်။ ထောက်ဆင့်ပြီး တစ်ခန်းရပ်သည်။

ခင်းကျင်းကပြသည့် ဇာတ်လမ်းအတိုင်း ဆိုင်ရာဆိုင်ရာတို့ထွက်ကြပြီးနောက် လွမ်းချင်းဖြစ်စေ၊ ယိုးဒယားဖြစ်စေ သီချင်းဆို၍ မင်းသားနှင့်မင်းသမီးတို့ထွက်လာသည်။ သီချင်းဆုံးလျှင် လူရွှင်တော်နှစ်ဦးက မင်းသား၊ မင်းသမီးတို့ ဆိုသွားသည့်အထဲမှ သံချိုသို့မဟုတ် သဖြန်ကိုဆိုပြီး ရယ်ရွှင်ဖွယ်ရာများ ပြောကြသည်။ ထို့နောက် ပုံရှည်ကိုစာဆင့်လိုက်သည်။ ပုံရှည်က တီးမှုတ်ပေးခံပေးသည့်အခါ မင်းသားက သစွာထားပတ်ပျိုး၊ မင်းသမီးကလည်း ထိုနည်းအတိုင်း အခံအအုပ်ညီစွာသီဆိုကြသည်။ တောတောင်ဖွဲ့၊ ပတ်ပျိုး၊ ယိုးဒယားတို့နှင့် စခန်းသွားကြသည်။ မင်းသား၊ မင်းသမီးအနားရရန် လူရွှင်တော်တို့က ကြားညှပ်ဖျော်ဖြေကြသည်။ ဇာတ်အကြောင်းကို ဆိုက်စေ၍ စခန်းသိမ်းကကြသည်။ တစ်ခန်းရပ်သည်။

ထိုအခန်း၌ မင်းသားသည် ထိုင်မသိမ်းအင်္ကျီရင်သားပေါ်ကိုဝတ်ဆင်သည်။ အင်္ကျီမှာ ချည်အဖြူရောင်၊ ရက်ဖျင်အချောဖြစ်သည်။ တချို့က ရင်ဖုံး၌ ရှာနီအပ်ကြိုးနှင့် ပန်းပြောက်ပန်းပွင့် သဇင်နွယ်ပန်းတို့ဖြင့်လှပအောင်ချုပ်ထားသည်။ တချို့က ဘော်ကြယ်သုံးပွင့်ဆိုင်ပေါက်ထားသည်။ ပိုးရောချည်ပါ ပိုးပုဆိုး၊ လွမ်းချိတ်ပုဆိုးတို့ကိုဝတ်သည်။ လေးသော်လည်းကောင်း၊ သန်လျက်ကိုသော်လည်းကောင်း ကိုင်လျက်ထွက်ကြသည်။ မင်းသား၏ဟန်မှာ ကြည့်ရှုရကောင်းသည်။

မင်းသမီးအင်္ကျီမှာ ဖျင်နီ-ဖျင်ဖြူ ရက်ဖျင်အချောဖြစ်သည်။ အင်္ကျီရှည်တွင် ဘော်ကြယ်ထိုးခြင်း၊ ပိုးမည်းတောင်ပန်ထားခြင်းများပြုကြသည်။ အင်္ကျီမှာ ခါးတောင်ကော့မဟုတ်ပေ။ တင်ဖုံးအကျဝတ်သည်။ အတွင်းခံအင်္ကျီမှာ ကိုယ်ကျပ်ပခုံးပေါ် လက်တိုဖြစ်သည်။ အင်္ကျီထောက်သည် ခါးအထက်သာရောက်သည်။ ရင်ခွဲဖြစ်သည်။ အနားနှစ်ဖက်တွင် ကြေးစေ့ကြယ်သီးပြားတပ်သည်။ ရင်စိဖြစ်စေရန် ကြိုးနှင့်နှစ်ဖက်တပ်ကြယ်သီးကိုခတ်၍ စေ့ပြီးချည်ထားသည်။ ထဘီမှာ အချိတ်ဖြစ်သည်။ ကပြသည့်အခါ လုံခြုံရန် ထဘီနားကိုမလန်စေရန် အပ်ချည်ကြိုးနှင့် ချုပ်ထားသည်။ လူရွှင်တော်တို့မှာ ချည်ပုဆိုး၊ ပိုးပုဆိုး၊ ခါးတောင်းကျိုက် ဝတ်ဆင်သည်။ အင်္ကျီမဝတ်ကြချေ။ ခေါင်းပေါင်းမပါဘဲ သျှောင်စောင်းထုံးကာ ဆံမြိတ်တွဲထားပြီး ဓားကိုလွယ်ထားကြသည်။

ပုံရှည်ဇာတ်သည် နိပါတ်ခင်းနှင့် မြေဝိုင်းတို့အကြား ကြားကာလအခုအခံဖြစ်သည်ဟုလည်း ဆိုကြသည်။ သို့ဆိုစေ ပုံရှည်ဇာတ်သည် မြန်မာ့ဇာတ်သဘင်သမိုင်း၌ နေရာတစ်နေရာ ချန်ထားကျန်ရစ်ခဲ့သည်ကိုကား လက်ခံရမည်သာဖြစ်ပါသည်။

**ကိုးကား**

- **မြန်မာဇာတ်ပွဲသဘင်နှင့် မြန်မာပြဇာတ်စာအုပ်များ(မော်ဘီဆရာသိန်း)**
- **ပြည်ထောင်စုအကပဒေသာ(ဦးမင်းနိုင်)**

# နီပေါနိုင်ငံတွင် ရာသီဥတုဖောက်ပြန်မှုကြောင့် ရေခဲပြင်အရည်ပျော်ကျမှုနှုန်း မြင့်တက်နေ



**ခတ္တမန္ဒူ အောက်တိုဘာ ၃၁**

နီပေါနိုင်ငံ၏ ဧရိယာအတွင်းရှိ ဟိမဝန္တာတောင်တန်းတွင် ရာသီဥတုဖောက်ပြန်မှုကြောင့် ရေခဲပြင်အရည်ပျော်ကျမှုနှုန်း မြင့်တက်နေသည်ဟု ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ် အန်တိုနီယိုဂူတာရက်စ်က ပြောကြားခဲ့ကြောင်း ယနေ့သတင်းများအရ သိရသည်။

နီပေါနိုင်ငံ ဧရိယာအတွင်းရှိ ဟိမဝန္တာတောင်တန်းတွင် ရေခဲဖုံးလွှမ်းလျက်ရှိပြီး ရာသီဥတုဖောက်ပြန်ကာ အပူချိန်မြင့်တက်မှုကြောင့် ရေခဲပြင်အရည်ပျော်ကျခဲ့ခြင်းဖြစ်ကြောင်း၊ ရေခဲပြင်စုစုပေါင်းဧရိယာ၏ သုံးပုံတစ်ပုံခန့်ထိ အရည်ပျော်ကျနေကြောင်း အန်တိုနီယိုဂူတာရက်စ်က ပြောကြားခဲ့သည်။

"နီပေါနိုင်ငံမှာ ရာသီဥတုဖောက်ပြန်မှုတွေကြောင့် ရေခဲပြင်အရည်ပျော်ကျမှုတွေ ဖြစ်ပေါ်နေတယ်လို့ သိရှိရပါတယ်။ အဓိကပြဿနာကတော့ ရာသီဥတုဖောက်ပြန်မှုကြောင့်ပဲ ဖြစ်ပါတယ်။ ရာသီဥတုဖောက်ပြန်မှုကို ထိန်းချုပ်နိုင်ဖို့အတွက် ရုပ်ကြွင်းလောင်စာသုံးစွဲမှုတွေကိုလျှော့ချနိုင်ဖို့ လိုအပ်နေတယ်။ အကောင်းဆုံးကတော့ ရုပ်ကြွင်းလောင်စာသုံးစွဲမှုကို ဖြတ်တောက်ဖို့ပါပဲ။ ရုပ်ကြွင်းလောင်စာသုံးစွဲမှု မြင့်မားတဲ့အတွက်ကြောင့် အပူချိန်တွေမြင့်တက်ပြီး ရေခဲပြင်တွေ အရည်ပျော်ကျခဲ့တာဖြစ်ပါတယ်။ သုတေသီတွေရဲ့ သတင်းပို့ချက်အရ နီပေါနိုင်ငံရဲ့ ရေခဲပြင်စုစုပေါင်းပမာဏရဲ့ သုံးပုံတစ်ပုံလောက်ထိ အရည်ပျော်သွားတယ်လို့လဲ သိရတယ်။ တစ်နှစ်အတွင်း အရည်ပျော်ကျခဲ့တဲ့ပမာဏတော့မဟုတ်ပါဘူး။ ရာသီဥတုပြောင်းလဲမှုကြောင့် နှစ်ပေါင်း ၃၀ အတွင်း အရည်ပျော်ကျခဲ့တဲ့ပမာဏဖြစ်ပါတယ်"ဟု အန်တိုနီယိုဂူတာရက်စ်က ဆက်လက်ပြောကြားခဲ့သည်။

ယခုသိရှိရသော ပမာဏမှာ ကုလသမဂ္ဂမှ သုတေသီများ၏ သတင်းပေးပို့ချက်အရ နီပေါနိုင်ငံအတွင်း ရေခဲပြင်အရည်ပျော်ကျမှုပမာဏဖြစ်ကြောင်း၊ ရာသီဥတုဖောက်ပြန်မှုကို တိုက်ဖျက်ရန်လိုအပ်နေသည်ဟု နီပေါအာဏာပိုင်အဖွဲ့အစည်းကို ကုလသမဂ္ဂက တိုက်တွန်းခဲ့ကြောင်း သိရသည်။

နီပေါနိုင်ငံသည် ကာဗွန်ထုတ်လွှတ်မှုနှုန်းမြင့်မားသည့် အိန္ဒိယနိုင်ငံနှင့် တရုတ်နိုင်ငံတို့ကြားတွင် တည်ရှိနေပြီး ရေခဲပြင်အရည်ပျော်ကျမှုမှာ ယခင်ကထက် ၆၅ ရာခိုင်နှုန်းထိ မြန်ဆန်နေသည်ဟု ကုလသမဂ္ဂမှ သုတေသီများက သတိပေးခဲ့ကြောင်း သိရသည်။

**Ref : Russia Today**
**Trs : Sai Sat**

# ဂျမေကာတွင် ပြင်းအား ၅ ဒသမ ၄ မဂ္ဂနီကျူးရှိ ငလျင်လှုပ်ခတ်မှုကြောင့် လူတချို့ဒဏ်ရာရရှိပြီး လျှပ်စစ်မီးပြတ်တောက်မှုဖြစ်ပေါ်နေ

**ကင်းစတုန်း အောက်တိုဘာ ၃၁**

ဂျမေကာနိုင်ငံတွင် အောက်တိုဘာ ၃၀ ရက်က ပြင်းအား ၅ ဒသမ ၄ မဂ္ဂနီကျူးရှိ ငလျင်လှုပ်ခတ်ခဲ့မှုကြောင့် လူတချို့ထိခိုက်ဒဏ်ရာများရရှိပြီး လျှပ်စစ်မီးပြတ်တောက်မှုဖြစ်ပေါ်နေသည်ဟု ဂျမေကာဝန်ကြီးချုပ်ရုံးက ထုတ်ပြန်ခဲ့ကြောင်း ယနေ့သတင်းများအရ သိရသည်။

ဂျမေကာနိုင်ငံ အရှေ့မြောက်ပိုင်း ခရီးသွားကမ်းခြေမြို့တစ်မြို့ဖြစ်သော ဟုပ်ဘေးမြို့၏အနောက်မြောက်ဘက် နှစ်မိုင်အကွာ မြေအောက်အနက် ၆ မိုင်ခန့်အကွာကို ဗဟိုပြု၍ အောက်တိုဘာ ၃၀ ရက်က ပြင်းအား ၅ ဒသမ ၄ မဂ္ဂနီကျူးရှိ ငလျင်လှုပ်ခတ်ခဲ့မှုကြောင့် အဆောက်အအုံတချို့ အသေးစားပျက်စီးမှုများဖြစ်ပေါ်ခဲ့ပြီး လျှပ်စစ်မီးများ ပြတ်တောက်ခဲ့ကြောင်း၊ လူတချို့ အထိတ်တလန့်ဖြစ်ကာ ထွက်ပြေးမှုကြောင့် ထိခိုက်ဒဏ်ရာများရရှိ၍ ဆေးရုံသို့ ပို့ဆောင်ထားရသော်လည်း ပြင်းထန်သောထိခိုက်မှုနှင့် သေဆုံးမှုများမရှိကြောင်း ဂျမေကာနိုင်ငံ ဝန်ကြီးချုပ် အန်ဒရူးဟိုးနက်စ်က ၎င်း၏ လူမှုကွန်ရက်စာမျက်နှာတွင် ဖော်ပြထားသည်။

"ပျက်စီးမှုက အသေးအဖွဲဆိုပေမဲ့ ဘယ်လိုပဲဖြစ်ဖြစ် ကျွန်တော်တို့အားလုံး သတိထားဆောင်ရွက်နေပါတယ်။ နိုင်ငံသားတွေအနေနဲ့ အရမ်းမစိုးရိမ်ဖို့နဲ့ စိတ်အေးအေးထားလုပ်ကိုင်ကြဖို့ ပြောချင်ပါတယ်"ဟု ဝန်ကြီးချုပ် အန်ဒရူးဟိုးနက်စ်က ၎င်း၏ လူမှုကွန်ရက်စာမျက်နှာတွင် ရေးသားထားသည်။

နောက်ဆက်တွဲငလျင်များလှုပ်ခတ်ပါက ပြည်သူများအနေဖြင့် ဘေးလွတ်ရာနေရာများသို့ ရွှေ့ပြောင်းနေထိုင်ကြရန် ဝန်ကြီးချုပ် အန်ဒရူးဟိုးနက်စ်က ပြောကြားထားကြောင်း၊ လမ်းမများပေါ်တွင် လျှပ်စစ်မီးပြတ်တောက်မှုကြောင့် ယာဉ်အန္တရာယ် မဖြစ်ပွားစေရန် ဂျမေကာရဲတပ်ဖွဲ့က တပ်ဖွဲ့ဝင်များကို လမ်းဆုံများတွင် နေရာချထားကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : AZH**

# ဟာတင်စီရင်စုတွင် ရေကြီးရေလျှံမှုကြောင့် လူနှစ်ဦးသေဆုံးပြီး တစ်ဦးပျောက်ဆုံး

**ဟန်နွိုင်း အောက်တိုဘာ ၃၁**

ဗီယက်နမ်နိုင်ငံ အလယ်ပိုင်း ဟာတင်စီရင်စုတွင် အောက်တိုဘာ ၃၀ ရက်က ရေကြီးရေလျှံမှုကြောင့် လူနှစ်ဦးသေဆုံးပြီး တစ်ဦးပျောက်ဆုံးနေသည်ဟု ဟာတင်စီရင်စုအာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့ကြောင်း ယနေ့သတင်းများအရ သိရသည်။

ရေကြီးရေလျှံမှုကြောင့် သေဆုံးသူနှစ်ဦးနှင့် ပျောက်ဆုံးနေသူတစ်ဦးတို့မှာ ရေစီးနှင့်အတူမျောပါသွားခဲ့ခြင်းဖြစ်ပြီး နှစ်ဦး၏ရုပ်အလောင်းကို ကယ်ဆယ်ရေးဝန်ထမ်းများက ရှာဖွေတွေ့ရှိခဲ့သော်လည်း ကျန်တစ်ဦးကို ရှာဖွေနေဆဲဖြစ်ကြောင်း၊ အဆိုပါဒေသခံများမှာ ဟောင်ခီခရိုင် ဟာလင်ဒေသမှဖြစ်ကြောင်း၊ ရေကြီးရေလျှံမှုအခြေအနေဆိုးရွားသည့်အတွက် ပျောက်ဆုံးနေသူများကို ခက်ခက်ခဲခဲရှာဖွေခဲ့ရခြင်းဖြစ်ပြီး ပျောက်ဆုံးနေဆဲဖြစ်သည့် ဒေသခံတစ်ဦးကိုလည်း ရဲတပ်ဖွဲ့ဝင်များနှင့် ကယ်ဆယ်ရေးဝန်ထမ်းများက ဆက်လက်ရှာဖွေနေဆဲဖြစ်ကြောင်း၊ ရေစီးနှင့်အတူမျောပါသွားခဲ့ပြီး သေဆုံးခဲ့သည့်ဒေသခံနှစ်ဦးမှာ အသက် ၃၃ နှစ်အရွယ် တုန်တီထရန်နှင့် အသက် ၃၁ နှစ်အရွယ် ငုယင်တီဟွာတို့ဖြစ်ကြောင်း သိရသည်။



"ရေကြီးရေလျှံမှုကြောင့် လူသုံးယောက် ပျောက်ဆုံးခဲ့ပါတယ်။ ရဲတပ်ဖွဲ့ဝင်တွေနဲ့ ကယ်ဆယ်ရေးဝန်ထမ်းတွေ ပူးပေါင်းပြီး ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းတွေ ဆောင်ရွက်ခဲ့ပါတယ်။ ပျောက်ဆုံးသူသုံးယောက်အနက် နှစ်ယောက်ရဲ့ ရုပ်အလောင်းကို ရှာဖွေတွေ့ရှိခဲ့ပါတယ်။ ကျန်တစ်ယောက်ကိုတော့ ရှာဖွေနေဆဲဖြစ်ပါတယ်။ သေဆုံးသူတွေနဲ့ပတ်သက်ပြီး မိသားစုဝင်တွေဆီကို အသိပေးအကြောင်းကြားထားပြီး ဖြစ်ပါတယ်"ဟု ဟာတင်ရဲတပ်ဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ဂျီအာမြစ်ရေလျှံတက်မှုဖြစ်ပေါ်ခဲ့ခြင်းဖြစ်ပြီး မြစ်ရေလျှံတက်မှုကြောင့် ရေကြီးရေလျှံမှုအခြေအနေပိုမိုဆိုးရွားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**Ref : Xinhua News**
**Trs : Sai Sat**

# အယ်လ်ဆာဗေဒိုးနိုင်ငံတွင် ပီလာမုန်တိုင်းကြောင့် နိုင်ငံတော်အဆင့် အရေးပေါ်အခြေအနေအဖြစ်သတ်မှတ်

**ဆန်ဆာဗေဒိုး အောက်တိုဘာ ၃၁**

ပီလာဟု အမည်ပေးထားသော အပူပိုင်းမုန်တိုင်းသည် အယ်လ်ဆာဗေဒိုးနိုင်ငံသို့ တိုက်ခတ်ခဲ့ပြီး မုန်တိုင်းအားကောင်းသည့်အတွက် သဘာဝဘေးအန္တရာယ် နိုင်ငံတော်အဆင့် အရေးပေါ်အခြေအနေအဖြစ် သတ်မှတ်လိုက်ကြောင်း အယ်လ်ဆာဗေဒိုးအာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

အန္တရာယ်ရှိသည့် မုန်တိုင်းဖြစ်သောကြောင့် သဘာဝဘေးအန္တရာယ် အနီရောင်အဆင့်အဖြစ် သတ်မှတ်ခဲ့ခြင်းဖြစ်ကြောင်း၊ မုန်တိုင်းသည် အယ်လ်ဆာဗေဒိုးနိုင်ငံ၏ ကမ်းခြေသို့ ကနဦးတိုက်ခတ်ခဲ့ခြင်းဖြစ်ပြီး ကမ်းခြေဒေသမှ ဒေသခံများကို မုန်တိုင်းအန္တရာယ်နှင့်ပတ်သက်၍ ကြိုတင်ပြင်ဆင်မှုများပြုလုပ်ထားရန် အယ်လ်ဆာဗေဒိုးအာဏာပိုင်အဖွဲ့အစည်းက သတိပေးချက် ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

"မုန်တိုင်းဟာ ကမ်းခြေဒေသတွေကို ဝင်ရောက်တိုက်ခတ်နေပါတယ်။ မုန်တိုင်းအားကောင်းပြီး အန္တရာယ်ရှိနိုင်တဲ့အတွက်ကြောင့် မုန်တိုင်းအန္တရာယ် နိုင်ငံတော်အဆင့် အရေးပေါ်အခြေအနေအဖြစ် သတ်မှတ်ခဲ့တာဖြစ်ပါတယ်။ နိုင်ငံတော်အဆင့် အရေးပေါ်အခြေအနေ သတ်မှတ်ထားတဲ့အတွက် မုန်တိုင်းဒဏ်သင့်နေတဲ့ ပြည်သူတွေအနေနဲ့ ညွှန်ကြားချက်အတိုင်း လိုက်နာလုပ်ဆောင်ကြဖို့တိုက်တွန်းပါတယ်။ လာမဲ့ရက်ပိုင်းအတွင်း ရေကြီးရေလျှံမှုလဲ ဖြစ်ပေါ်နိုင်တဲ့အတွက် ကြိုတင်ပြင်ဆင်မှုတွေ ပြုလုပ်ထားဖို့လဲ တိုက်တွန်းချင်ပါတယ်"ဟု အယ်လ်ဆာဗေဒိုးအာဏာပိုင်အဖွဲ့အစည်းမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

မုန်တိုင်းကြောင့် လေတိုက်နှုန်းမှာ တစ်နာရီလျှင် မိုင် ၄၀ နှုန်းဖြင့် တိုက်ခတ်ခဲ့ခြင်းဖြစ်ပြီး လာမည့်ရက်ပိုင်းအတွင်း မုန်တိုင်းအားပိုကောင်းလာဖွယ် ရှိနေကြောင်းလည်း သိရသည်။

**Ref : Sputnik News**
**Trs : Sai Sat**


**မြေပြိုခြင်းအတွက်ကြိုတင်ပြင်ဆင်ရန်များ**


၁။ မိမိပတ်ဝန်းကျင်ရှိဆင်ခြေလျှောများ၊ ချောင်းစပ်ရေစပ်များတွင် မြေဆီလွှာထိန်းသိမ်းကာကွယ်ရန် သစ်ပင်များစိုက်ပျိုးပါ



၂။ မြေထိန်းနံရံများ တည်ဆောက်ထိန်းသိမ်းမှုများတွင် မိမိတတ်စွမ်းသရွေ့ပါဝင်ပါ။



၃။ ရွှေ့ပြောင်းတောင်ယာစနစ်အစား လှေကားထစ်စိုက်ပျိုးရေးစနစ်ကိုကျင့်သုံးပါ။



၄။ သစ်တောထိန်းသိမ်းခြင်းလုပ်ငန်းများတွင် အစိုးရ ရပ်ရွာလူမှုအဖွဲ့အစည်းများနှင့်အတူပူးပေါင်းဆောင်ရွက်ပါ။



# (၇၉)နှစ်မြောက် တပ်မတော်နေ့ဂုဏ်ပြု စစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့်ဝတ္ထုပြိုင်ပွဲစာမူများဖိတ်ခေါ်ခြင်း

၁။ ၂၀၂၄ ခုနှစ်၊ (၇၉)နှစ်မြောက် တပ်မတော်နေ့ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့်ဝတ္ထုပြိုင်ပွဲဝင်ရန် စာမူများဖိတ်ခေါ်ပါသည်။ ဆုရရှိသော စစ်ချီသီချင်း၊ စစ်သည်တေးသီချင်းများအား မြဝတီရုပ်မြင်သံကြားတွင် ထုတ်လွှင့်ဖော်ပြသွားမည်ဖြစ်ပါသည်။

၂။ **စာမူများတွင်ပါဝင်ရမည့်အချက်များ**

(က) မြန်မာနိုင်ငံဟူ၍ ဖြစ်တည်ပေါ်ပေါက်လာသည့်အချိန်ကစပြီး တပ်မတော်သည် နိုင်ငံတော်ကိုကာကွယ်စောင့်ရှောက်ခဲ့သည့်အဖွဲ့အစည်းတစ်ရပ်အဖြစ် ခိုင်ခိုင်မာမာရပ်တည်ခဲ့မှုများ၊ ခေတ်အဆက်ဆက် သမိုင်းအဆက်ဆက်တွင် အမျိုးသားရေးကို မည်သည့်အခါမျှ သစ္စာမဖောက်ခဲ့သည့်အပြင် စွန့်လွှတ်စွန့်စားခဲ့မှုများ၊ အနစ်နာခံမှုများစွာဖြင့် ပြည်တွင်း၊ပြည်ပရန်ဟူသမျှကို ချေမှုန်းသုတ်သင်နိုင်ခဲ့သည့် အစဉ်အလာကောင်းများ၊ နယ်ချဲ့ဆန့်ကျင်ရေးနှင့်ဖက်ဆစ်တော်လှန်ရေးကာလများတွင် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အတူ လက်တွဲတိုက်ပွဲဝင်ကာ မြန်မာ့လွတ်လပ်ရေးအတွက် အသက်သွေးချွေးများစွာ ပေးဆပ်ခဲ့မှုများ။

(ခ) တိုင်းပြည်တွင် အရေးကြုံအခက်အခဲပေါ်ပေါက်လာတိုင်း တည်ငြိမ်ဖြောင့်မတ်စွာသုံးသပ်လျက် ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ထားကာ လုပ်ဆောင်သင့်လုပ်ဆောင်ထိုက်သည်များကို ပြတ်ပြတ်သားသားလုပ်ဆောင်ခဲ့မှုများ၊ ပြည်ထောင်စုတိုင်းရင်းသားပေါင်းစုံဖြင့် ဖွဲ့စည်းထားသောပြည်ထောင်စုတပ်မတော်ကြီးဖြစ်သည့် အားလျော်စွာ ပြည်ထောင်စုကြီးထာဝရငြိမ်းချမ်းရေးရရှိရေး၊ တစ်တိုင်းပြည်လုံး ဖွံ့ဖြိုးတိုးတက်ရေးအတွက် တပ်မတော်ခေါင်းဆောင်အဆက်ဆက်တို့ ကြိုးပမ်းဆောင်ရွက်ခဲ့မှုများနှင့် လက်ရှိခေတ်ကာလတွင် ဆောင်ရွက်မှုများ၊ ပြည်သူလူထုအကျိုးစီးပွားအတွက် အားချိန်နားချိန်မရှိဘဲ အချိန်ပြည့်တိုင်းပြည်တာဝန်ကို ကျေပွန်စွာထမ်းဆောင်နေမှုများ။

(ဂ) အထက်ပါအချက်များထဲက အချက်တစ်ခုခုကိုဖြစ်စေ၊ အများအပြားကိုဖြစ်စေ ထည့်သွင်းဖွဲ့ဆိုရေးသားနိုင်သည်။

၃။ **စစ်ချီသီချင်း၊ စစ်သည်တေးသီချင်း သတ်မှတ်ချက်များ**

(က) တပ်မတော်နှင့်သက်ဆိုင်ပြီး စိတ်ဓာတ်တက်ကြွဖွယ်စာသားများ ပါဝင်ရမည်။

(ခ) တပ်မတော်၏ဂုဏ်ရည်၊ တပ်မတော်သားတို့၏ဘဝကို ထင်ဟပ်ဖော်ပြနိုင်စွမ်းရှိရမည်။

(ဂ) တေးသီချင်းတစ်ပုဒ် ကြာမြင့်ချိန် ၃ မိနစ်ထက်မနည်း ၅ မိနစ်ထက်မများ ဖြစ်ရမည်။

(ဃ) အသံသွင်းပြီးသီချင်းခွေနှင့်အတူ သီချင်းစာသား Note မိတ္တူ ၃ စုံ ပေးပို့ရမည်။

(င) ပြိုင်ပွဲဝင်များအနေဖြင့် သံစုံတီးဝိုင်းဖြင့် တီးခတ်အသံသွင်းရန် အခက်အခဲရှိပါက နီးစပ်ရာတိုင်းစစ်ဌာနချုပ်များရှိ စစ်တီးဝိုင်းများတွင် သွားရောက်တီးခတ်၍ အသံသွင်းနိုင်သည်။

၄။ **ကဗျာ(ဝါသနာရှင်/အလွတ်တန်း)စာမူကဏ္ဍသတ်မှတ်ချက်များ**

(က) မြန်မာ့ဂန္ထဝင်ကဗျာရေးထုံးနှင့်ကိုက်ညီသည့် ကဗျာဖြစ်ရမည်။

(ခ) ကဗျာ(အလွတ်တန်း)တွင် ပါဒ ၃၀၀ မှ ၄၀၀၊ ကဗျာ(ဝါသနာရှင်)တွင် ပါဒ ၂၅၀ မှ ၃၀၀ ပါဝင်ရမည်။ (လေးလုံးစပ်ကဗျာတွင် စာလုံးလေးလုံးသည် တစ်ပါဒဖြစ်ပြီး အချိုးကဗျာတွင် စာကြောင်းတစ်ကြောင်းသည် တစ်ပါဒဖြစ်သည်။)

(ဂ) ကဗျာတွင် မိမိယှဉ်ပြိုင်လိုသည့်အဆင့်ကို (ဝါသနာရှင်အဆင့်)၊ (အလွတ်တန်းအဆင့်)ဟူ၍ သိသာစွာရေးသားဖော်ပြရမည်။

(ဃ) ကဗျာ(ဝါသနာရှင်အဆင့်)နှင့် ကဗျာ(အလွတ်တန်းအဆင့်) နှစ်မျိုးစလုံးတွင် တစ်ပြိုင်နက်ဝင်ရောက်ယှဉ်ပြိုင်ခြင်း မပြုရ။

(င) အမျိုးသားစာပေဆု(ကဗျာ)၊ စာပေဗိမာန်စာမူဆု(ကဗျာ)၊ ပခုက္ကူ ဦးအုံးဖေ စာပေဆု(ကဗျာ)ရရှိပြီးသူများ၊ ယခင်တပ်မတော်နေ့ အထိမ်းအမှတ်စာမူပြိုင်ပွဲများတွင် ကဗျာ (ပထမ၊ ဒုတိယ၊ တတိယ) ဆုရရှိဖူးသူများအနေဖြင့် ကဗျာ(အလွတ်တန်းအဆင့်)တွင်သာ ဝင်ရောက်ယှဉ်ပြိုင်ရမည်။

၅။ **ဝတ္ထုတို/ဝတ္ထုရှည်စာမူကဏ္ဍ သတ်မှတ်ချက်များ**

(က) ဝတ္ထုတို၊ ဝတ္ထုရှည်အင်္ဂါရပ်များနှင့်ညီညွတ်ရမည်။

(ခ) ရသမြောက်စွာရေးဖွဲ့ပြီး စကားပြေရေးဟန်နှင့်စကားပြောရေးဟန် ရောနှောရေးသားခြင်းမပြုရ။

(ဂ) ဝတ္ထုတိုတွင် စာလုံးရေ ၆၀၀၀ မှ ၈၀၀၀ အကြား သတ်မှတ်သည်။

(ဃ) ဝတ္ထုရှည်တွင် စာလုံးရေ ၅၀၀၀၀ အောက်မနည်းစေရ၊ ၆၀၀၀၀ ထက် မများစေရ။

၆။ စာမူများကို A4 ဆိုဒ်တစ်မျိုးတည်းတွင် စာမျက်နှာတစ်ဖက်တည်း၌သာ ရှင်းလင်းပီသသော လက်ရေးဖြင့်ဖြစ်စေ၊ ကွန်ပျူတာစာလုံး (စာလုံးအရွယ်အစား ၁၄)ဖြင့်ဖြစ်စေ ရေးသားရိုက်နှိပ်ကာ ခိုင်ခံ့သေသပ်စွာချုပ်လုပ်၍ ၃ စုံစီပေးပို့ရမည်။

၇။ စာမူများတွင် ကိုယ်တိုင်ရေးသားကြောင်း၊ မည်သည့်စာနယ်ဇင်းတွင်မှ ပုံနှိပ်ဖော်ပြဖူးခြင်းမရှိကြောင်းနှင့် မည်သည့်ပြိုင်ပွဲတွင်မှ ဆုရရှိဖူးခြင်းမရှိကြောင်း ဝန်ခံချက်ပါရှိရမည်။

၈။ စာမူရှင်များ၏ နေရပ်လိပ်စာအပြည့်အစုံနှင့်ဆက်သွယ်ရန် ဖုန်းနံပါတ်တို့ကို ထည့်သွင်းဖော်ပြရမည်။

၉။ ဆုချီးမြှင့်ခြင်းခံရပါက ကိုယ်တိုင်တက်ရောက် ဆုယူနိုင်သူဖြစ်ကြောင်း ကတိပြုဝန်ခံချက်ပါရှိရမည်။

၁၀။ စာမူများကို ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၃၀ ရက်နောက်ဆုံးထား၍ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)၊ ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံးသို့ပေးပို့ရမည်။

၁၁။ စာမူများပေးပို့ရာတွင် Copy ၃ စုံမပါရှိခြင်း၊ Soft Copy မပါရှိခြင်း၊ သီချင်းစီဒီများမပါရှိခြင်း၊ သက်ဆိုင်ရာဝန်ခံချက်များမပါရှိခြင်း၊ ကိုယ်ရေးအချက်အလက်များ မစုံလင်ခြင်းနှင့် သတ်မှတ်ရက်အတွင်း အချိန်မီမရောက်ရှိသောစာမူများကို လက်ခံစဉ်းစားမည်မဟုတ်ပါ။

၁၂။ **စစ်ချီသီချင်း ဆုချီးမြှင့်မည့်နှုန်းထားများ**

(၁) ပထမဆု ၁၀၀၀၀၀၀ ကျပ်
(၂) ဒုတိယဆု ၇၀၀၀၀၀ ကျပ်
(၃) တတိယဆု ၅၀၀၀၀၀ ကျပ်
(၄) စတုတ္ထဆု ၄၀၀၀၀၀ ကျပ်
(၅) ပဉ္စမဆု ၃၀၀၀၀၀ ကျပ်

၁၃။ **စစ်သည်တေးသီချင်း ဆုချီးမြှင့်မည့်နှုန်းထားများ**

(၁) ပထမဆု ၁၀၀၀၀၀၀ ကျပ်
(၂) ဒုတိယဆု ၇၀၀၀၀၀ ကျပ်
(၃) တတိယဆု ၅၀၀၀၀၀ ကျပ်
(၄) စတုတ္ထဆု ၄၀၀၀၀၀ ကျပ်
(၅) ပဉ္စမဆု ၃၀၀၀၀၀ ကျပ်

၁၄။ **ကဗျာ(ဝါသနာရှင်) ဆုချီးမြှင့်မည့်နှုန်းထားများ**

(၁) ပထမဆု ၅၀၀၀၀၀ ကျပ်
(၂) ဒုတိယဆု ၄၀၀၀၀၀ ကျပ်
(၃) တတိယဆု ၃၀၀၀၀၀ ကျပ်
(၄) စတုတ္ထဆု ၂၀၀၀၀၀ ကျပ်
(၅) ပဉ္စမဆု ၁၅၀၀၀၀ ကျပ်
(၆) အထူးဆု(၁) ၁၀၀၀၀၀ ကျပ်
(၇) အထူးဆု(၂) ၁၀၀၀၀၀ ကျပ်
(၈) အထူးဆု(၃) ၁၀၀၀၀၀ ကျပ်

၁၅။ **ကဗျာ(အလွတ်တန်း) ဆုချီးမြှင့်မည့်နှုန်းထားများ**

(၁) ပထမဆု ၇၀၀၀၀၀ ကျပ်
(၂) ဒုတိယဆု ၅၀၀၀၀၀ ကျပ်
(၃) တတိယဆု ၄၀၀၀၀၀ ကျပ်
(၄) စတုတ္ထဆု ၃၀၀၀၀၀ ကျပ်
(၅) ပဉ္စမဆု ၂၀၀၀၀၀ ကျပ်
(၆) အထူးဆု(၁) ၁၅၀၀၀၀ ကျပ်
(၇) အထူးဆု(၂) ၁၅၀၀၀၀ ကျပ်
(၈) အထူးဆု(၃) ၁၅၀၀၀၀ ကျပ်

၁၆။ **ဝတ္ထုတိုစာမူဆုချီးမြှင့်မည့်နှုန်းထားများ**

(၁) ပထမဆု ၆၀၀၀၀၀ ကျပ်
(၂) ဒုတိယဆု ၅၀၀၀၀၀ ကျပ်
(၃) တတိယဆု ၄၀၀၀၀၀ ကျပ်
(၄) စတုတ္ထဆု ၃၀၀၀၀၀ ကျပ်
(၅) ပဉ္စမဆု ၂၀၀၀၀၀ ကျပ်
(၆) အထူးဆု(၁) ၁၅၀၀၀၀ ကျပ်
(၇) အထူးဆု(၂) ၁၅၀၀၀၀ ကျပ်
(၈) အထူးဆု(၃) ၁၅၀၀၀၀ ကျပ်

၁၇။ **ဝတ္ထုရှည်စာမူဆုချီးမြှင့်မည့်နှုန်းထားများ**

(၁) ပထမဆု ၁၀၀၀၀၀၀ ကျပ်
(၂) ဒုတိယဆု ၇၀၀၀၀၀ ကျပ်
(၃) တတိယဆု ၅၀၀၀၀၀ ကျပ်
(၄) စတုတ္ထဆု ၄၀၀၀၀၀ ကျပ်
(၅) ပဉ္စမဆု ၃၀၀၀၀၀ ကျပ်
(၆) အထူးဆု(၁) ၂၀၀၀၀၀ ကျပ်
(၇) အထူးဆု(၂) ၂၀၀၀၀၀ ကျပ်
(၈) အထူးဆု(၃) ၂၀၀၀၀၀ ကျပ်

**ပြိုင်ပွဲကျင်းပရေးကော်မတီ**

ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံထားခြင်းဖြင့် ကိုဗစ်-၁၉ ရောဂါကူးစက်မှုနှင့်ပြင်းထန်မှုတို့ကိုလျော့နည်းစေနိုင်ခြင်း (အထူးအားဖြင့် နာတာရှည်ရောဂါခံစား နေရသူများနှင့် သက်ကြီးရွယ်အိုများ)၊ ရောဂါ၏နောက်ဆက်တွဲပြဿနာဖြစ်သည့် ကိုယ်တွင်းအင်္ဂါများထိခိုက်ပျက်စီးမှုမှသည် အသက်အန္တရာယ်ဆုံးရှုံးမှုဖြစ်သည်အထိ ဖြစ်ပေါ်ခြင်းမှလျော့ချနိုင်ခြင်းတို့ကြောင့် အသက်ငါးနှစ်နှင့်အထက်ရှိသော ပြည်သူလူထုအားလုံးသည် နီးစပ်ရာကျန်းမာရေးဌာနများနှင့်ဆက်သွယ်၍ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး(ပထမအကြိမ်၊ ဒုတိယအကြိမ်နှင့် ထပ်ဆောင်းကာကွယ်ဆေး)များကို မဖြစ်မနေသွားရောက်ထိုးနှံကြရန် အသိပေးနှိုးဆော်အပ်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

**ပလင်ငါးတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ ဖတ်ကြစို့**

# တပ်မတော်သူနာပြုနှင့်ဆေးဘက်ပညာတက္ကသိုလ် သင်တန်းသားများ အလိုရှိသည်

၁။ လျှောက်ထားသူသည် အောက်ပါအရည်အချင်းများနှင့်ပြည့်စုံရမည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ(လူပျို) ဖြစ်ရမည်။

(ခ) လျှောက်ထားသူသည် ၁-၁-၂၀၂၄ ရက်နေ့တွင် အသက် ၁၆ နှစ် အောက်မငယ်ရ၊ ၁၉ နှစ် ၆ လ ထက်မကြီးရ။

(ဂ) တက္ကသိုလ်ဝင်စာမေးပွဲကို ရူပဗေဒ၊ ဓာတုဗေဒ နှင့် ဇီဝဗေဒဘာသာတွဲများဖြင့် အောင်မြင်ပြီးသူဖြစ်ရမည်။

(ဃ) အနည်းဆုံးအရပ် (၅)ပေ (၃)လက်မ၊ ကိုယ်အလေးချိန် ပေါင် (၁၀၀) ထက်မနည်းရ၊ ပေါင် (၁၄၀) ထက်မကျော်ရ။

(င) မျက်မှန်တပ်ဆင်ထားသူ မဖြစ်စေရ။

၂။ လျှောက်လွှာများအား နီးစပ်ရာ တပ်/ဌာနချုပ်များတွင် အခမဲ့ထုတ်ယူ၍ဖြစ်စေ Myawady Webportal (www. myawady.net.mm/nurse(male)) တွင် Download ရယူ၍ဖြစ်စေ အောက်ပါစာရွက်စာတမ်းများနှင့်အတူ ၁၈-၁၀-၂၀၂၃ ရက်နေ့မှစ၍ ၁၈-၁၁-၂၀၂၃ ရက်နေ့အတွင်း နီးစပ်ရာ တပ်/ဌာနချုပ်များသို့ လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှဖြစ်စေ ပေးပို့လျှောက်ထားရမည်-

(က) နိုင်ငံသားစိစစ်ရေးကတ်ပြား(မိတ္တူ)။

(ခ) တက္ကသိုလ်ဝင်စာမေးပွဲအောင်လက်မှတ်။

(ဂ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်/မြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ တင်ပြသည့်နေ့မတိုင်မီ တစ်လအတွင်း ရရှိသည့် ထောက်ခံစာ(မူရင်း)။

(ဃ) တစ်လအတွင်း ရိုက်ကူးထားသော ပတ်စ်ပို့အရွယ်ရောင်စုံဓာတ်ပုံ(၃)ပုံ။

(င) အိမ်ထောင်စုလူဦးရေစာရင်း(ပုံစံ-၆၆/၆)မိတ္တူ။

(စ) မိဘ/အုပ်ထိန်းသူ၏ သဘောတူညီကြောင်း ထောက်ခံချက်။

၃။ သင်တန်းဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲအတွက် အင်္ဂလိပ်စာနှင့် ဇီဝဗေဒဘာသာတွဲတို့ကို တက္ကသိုလ်ဝင်စာမေးပွဲ သင်ရိုးညွှန်းတမ်းအတိုင်း အမှတ်(၃)စစ်ကြောရေးနှင့်တည်းခိုရေးစခန်း၊ နေပြည်တော်၌ ၂-၁၂-၂၀၂၃ ရက်နေ့တွင် ဖြေဆိုကြရမည်ဖြစ်ပါသည်။

၄။ အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုအောင်မြင်သူများသည် ၁၂-၁၂-၂၀၂၃ ရက်နေ့မှ ၁၈-၁၂-၂၀၂၃ ရက်နေ့အတွင်း တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရမည်။ တပ်မတော်ဗိုလ်ရွေးအဖွဲ့မှ စစ်ဆေးအောင်မြင်သူများကို စစ်ဘက်ဆိုင်ရာဆေးစစ်ခြင်းများပြုလုပ်၍ ဆေးစစ်အောင်မြင်သူများကို သင်တန်းသားအဖြစ် အတည်ပြုရွေးချယ်မည်။

၅။ သင်တန်းကာလတွင် လစာအဖြစ် ပထမနှစ်(၁၆၈၀၀၀)ကျပ်၊ ဒုတိယနှစ်(၁၇၄၀၀၀)ကျပ်၊ တတိယနှစ်(၁၈၀၀၀၀)ကျပ်၊ စတုတ္ထနှစ်(၁၈၆၀၀၀)ကျပ် ရရှိမည်။

၆။ သင်တန်းအောင်မြင်ပြီးလျှင် မိမိတို့သင်ယူခဲ့သည့် ဘာသာရပ်အလိုက် အောက်ပါဘွဲ့များ အပ်နှင်းပေးမည်-

(က) သူနာပြုသိပ္ပံဘွဲ့ B.N.Sc(Bachelor of Nursing Science)

(ခ) ဆေးဝါးကျွမ်းကျင်မှုသိပ္ပံဘွဲ့ B.Pharm(Bachelor of Pharmacy)

(ဂ) ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့ (ဆေးဘက်ဆိုင်ရာဓာတ်ခွဲနည်းပညာ)
B.Med.Tech(Medical Laboratory Technology)

(ဃ) ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့ (ဆေးဘက်ဆိုင်ရာခန္ဓာသန်စွမ်းမှုနည်းပညာ)
B.Med.Tech(Physiotherapy)

(င) ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့ (ဆေးဘက်ဆိုင်ရာဓာတ်မှန်နှင့်ပုံရိပ်ဖော်နည်းပညာ)
B.Med.Tech(Medical Imaging Technology)

(စ) ခြေတုလက်တုနှင့်အားပြုကိရိယာနည်းပညာသိပ္ပံဘွဲ့
B.Med.Tech(Prosthetics and Orthotics)

၇။ သင်တန်းပြီးမြောက်အောင်မြင်သောအခါ တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့တွင် သူနာပြု (Nurse) နှင့် ဆေးဘက်ကျွမ်းကျင်သူများအဖြစ် ခန့်အပ်ပေးမည်ဖြစ်ပြီး သတ်မှတ်အရည်အချင်းနှင့်ကိုက်ညီပါက မိမိတို့သင်ယူခဲ့သည့် ဘာသာရပ်အလိုက် မဟာသိပ္ပံဘွဲ့ (Master of Science) နှင့် ပါရဂူဘွဲ့ (Ph.D)သင်တန်းများတက်ရောက်ခွင့်ရရှိမည်။

၈။ တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့တွင် သူနာပြု (Nurse)/ဆေးဘက်ကျွမ်းကျင်သူ(တတိယတန်း)အမှုထမ်းသက်(၁)နှစ်၊အထက်တန်းသူနာပြု/ဆေးဘက်ကျွမ်းကျင်သူ(ဒုတိယတန်း)အမှုထမ်းသက်(၂)နှစ်၊ စုစုပေါင်း ၃ နှစ်ပြည့်မြောက်ပြီး သက်ဆိုင်ရာတို့မှ ပြန်တမ်းဝင်အရာရှိအဖြစ် အဆင့်တိုးမြှင့်ပေးရန် ထောက်ခံတင်ပြလျှင် ဒုတိယဗိုလ်(အထက်တန်းသူနာပြု/ကျွမ်းကျင်သူ(ဒုတိယတန်း))အဖြစ် စတင်ခန့်အပ်ပေးမည်။

မှတ်ချက်။ အသေးစိတ်သိရှိလိုပါက မိမိတို့လျှောက်လွှာထုတ်ယူခဲ့သည့် တပ်/ဌာနချုပ်များတွင် စုံစမ်းမေးမြန်းနိုင်သည်။

# တပ်မတော်သူနာပြုနှင့်ဆေးဘက်ပညာတက္ကသိုလ် သင်တန်းသူအမျိုးသမီးများ အလိုရှိသည်

၁။ လျှောက်ထားသူသည် အောက်ပါအရည်အချင်းများနှင့်ပြည့်စုံရမည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ(အပျို) ဖြစ်ရမည်။

(ခ) လျှောက်ထားသူသည် ၁-၁-၂၀၂၄ ရက်နေ့တွင် အသက် ၁၆ နှစ် အောက်မငယ်ရ၊ ၁၉ နှစ် ၆ လ ထက်မကြီးရ။

(ဂ) တက္ကသိုလ်ဝင်စာမေးပွဲကို ရူပဗေဒ၊ ဓာတုဗေဒ နှင့် ဇီဝဗေဒဘာသာတွဲများဖြင့် အောင်မြင်ပြီးသူဖြစ်ရမည်။

(ဃ) အနည်းဆုံးအရပ် (၅)ပေ (၃)လက်မ၊ ကိုယ်အလေးချိန် ပေါင် (၁၀၀) ထက်မနည်းရ၊ ပေါင် (၁၃၀) ထက်မကျော်ရ။ (အထက်ပါအတိုင်း ကိုယ်အလေးချိန်သတ်မှတ်ထားသော်လည်း အသက်ငယ်ရွယ်သူများဖြစ်သဖြင့် ကိုယ်အလေးချိန်အား ခြွင်းချက်အနေဖြင့် စဉ်းစားပါမည်။)

(င) မျက်မှန်တပ်ဆင်ထားသူ မဖြစ်စေရ။

၂။ လျှောက်လွှာများအား နီးစပ်ရာ တပ်/ဌာနချုပ်များတွင် အခမဲ့ထုတ်ယူ၍ဖြစ်စေ Myawady Webportal (www. myawady.net. mm/nurse(male)) တွင် Download ရယူ၍ဖြစ်စေ အောက်ပါစာရွက်စာတမ်းများနှင့်အတူ ၁၈-၁၀-၂၀၂၃ ရက်နေ့မှစ၍ ၁၈-၁၁-၂၀၂၃ ရက်နေ့အတွင်း နီးစပ်ရာ တပ်/ဌာနချုပ်များသို့ လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှဖြစ်စေ ပေးပို့လျှောက်ထားရမည်-

(က) နိုင်ငံသားစိစစ်ရေးကတ်ပြား(မိတ္တူ)။

(ခ) တက္ကသိုလ်ဝင်စာမေးပွဲအောင်လက်မှတ်။

(ဂ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်/မြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ တင်ပြသည့်နေ့မတိုင်မီ တစ်လအတွင်း ရရှိသည့် ထောက်ခံစာ(မူရင်း)။

(ဃ) တစ်လအတွင်း ရိုက်ကူးထားသော ပတ်စ်ပို့အရွယ်ရောင်စုံဓာတ်ပုံ(၃)ပုံ။

(င) အိမ်ထောင်စုလူဦးရေစာရင်း(ပုံစံ-၆၆/၆)မိတ္တူ။

(စ) မိဘ/အုပ်ထိန်းသူ၏ သဘောတူညီကြောင်း ထောက်ခံချက်။

၃။ သင်တန်းဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲအတွက် အင်္ဂလိပ်စာနှင့် ဇီဝဗေဒဘာသာတွဲတို့ကို တက္ကသိုလ်ဝင်စာမေးပွဲ သင်ရိုးညွှန်းတမ်းအတိုင်း အမှတ်(၃)စစ်ကြောရေးနှင့်တည်းခိုရေးစခန်း၊ နေပြည်တော်၌ ၂-၁၂-၂၀၂၃ ရက်နေ့တွင် ဖြေဆိုကြရမည်ဖြစ်ပါသည်။

၄။ အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုအောင်မြင်သူများသည် ၁၂-၁၂-၂၀၂၃ ရက်နေ့မှ ၁၈-၁၂-၂၀၂၃ ရက်နေ့အတွင်း တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရမည်။ တပ်မတော်ဗိုလ်ရွေးအဖွဲ့မှ စစ်ဆေးအောင်မြင်သူများကို စစ်ဘက်ဆိုင်ရာဆေးစစ်ခြင်းများပြုလုပ်၍ ဆေးစစ်အောင်မြင်သူများကို သင်တန်းသူအဖြစ် အတည်ပြုရွေးချယ်မည်။

၅။ သင်တန်းကာလတွင် လစာအဖြစ် ပထမနှစ်(၁၆၈၀၀၀)ကျပ်၊ ဒုတိယနှစ်(၁၇၄၀၀၀)ကျပ်၊ တတိယနှစ်(၁၈၀၀၀၀)ကျပ်၊ စတုတ္ထနှစ်(၁၈၆၀၀၀)ကျပ် ရရှိမည်။

၆။ သင်တန်းအောင်မြင်ပြီးလျှင် မိမိတို့သင်ယူခဲ့သည့် ဘာသာရပ်အလိုက် အောက်ပါဘွဲ့များ အပ်နှင်းပေးမည်-

(က) သူနာပြုသိပ္ပံဘွဲ့ B.N.Sc(Bachelor of Nursing Science)

(ခ) ဆေးဝါးကျွမ်းကျင်မှုသိပ္ပံဘွဲ့ B.Pharm(Bachelor of Pharmacy)

(ဂ) ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့ (ဆေးဘက်ဆိုင်ရာဓာတ်ခွဲနည်းပညာ)
B.Med.Tech(Medical Laboratory Technology)

(ဃ) ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့ (ဆေးဘက်ဆိုင်ရာခန္ဓာသန်စွမ်းမှုနည်းပညာ)
B.Med.Tech(Physiotherapy)

(င) ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့ (ဆေးဘက်ဆိုင်ရာဓာတ်မှန်နှင့်ပုံရိပ်ဖော်နည်းပညာ)
B.Med.Tech(Medical Imaging Technology)

(စ) ခြေတုလက်တုနှင့်အားပြုကိရိယာနည်းပညာသိပ္ပံဘွဲ့
B.Med.Tech(Prosthetics and Orthotics)

၇။ သင်တန်းပြီးမြောက်အောင်မြင်သောအခါ တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့တွင် သူနာပြု (Nurse) နှင့် ဆေးဘက်ကျွမ်းကျင်သူများအဖြစ် ခန့်အပ်ပေးမည်ဖြစ်ပြီး သတ်မှတ်အရည်အချင်းနှင့်ကိုက်ညီပါက မိမိတို့သင်ယူခဲ့သည့် ဘာသာရပ်အလိုက် မဟာသိပ္ပံဘွဲ့ (Master of Science) နှင့် ပါရဂူဘွဲ့ (Ph.D)သင်တန်းများတက်ရောက်ခွင့်ရရှိမည်။

၈။ တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့တွင် သူနာပြု (Nurse)/ဆေးဘက်ကျွမ်းကျင်သူ(တတိယတန်း)အမှုထမ်းသက်(၁)နှစ်၊အထက်တန်းသူနာပြု/ဆေးဘက်ကျွမ်းကျင်သူ(ဒုတိယတန်း)အမှုထမ်းသက်(၂)နှစ်၊ စုစုပေါင်း ၃ နှစ်ပြည့်မြောက်ပြီး သက်ဆိုင်ရာတို့မှ ပြန်တမ်းဝင်အရာရှိအဖြစ် အဆင့်တိုးမြှင့်ပေးရန် ထောက်ခံတင်ပြလျှင် ဒုတိယဗိုလ်(အထက်တန်းသူနာပြု/ကျွမ်းကျင်သူ(ဒုတိယတန်း))အဖြစ် စတင်ခန့်အပ်ပေးမည်။

မှတ်ချက်။ အသေးစိတ်သိရှိလိုပါက မိမိတို့လျှောက်လွှာထုတ်ယူခဲ့သည့် တပ်/ဌာနချုပ်များတွင် စုံစမ်းမေးမြန်းနိုင်သည်။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထား လုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထား လုပ်ဆောင်ရေး။

၂။ **စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့်စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ **လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိက စွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ ခေါင်းဆောင်မှုတာဝန်ဟူသည် အထက်နှင့်အောက်ကို ချိတ်ဆက်ပေးရမည်၊ တာဝန်ယူမှု၊ တာဝန်ခံမှုရှိရမည်ဖြစ်…

❖ ကောင်းမွန်သည့်စိတ်ဖြင့်သာ ခေါင်းဆောင်မှုတာဝန်များကို ထမ်းဆောင်ကြရန်လို…

❖ ခေါင်းဆောင်ကောင်းများဖြစ်လာစေရေး နောက်လိုက်ကောင်းများဖြစ်ရမည်ဖြစ်…

❖ ညီညွတ်မျှတသည့်ကွပ်ကဲအုပ်ချုပ်မှုဖြင့် ခေါင်းဆောင်မှုကောင်းကို ပြသရန်လို…

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ၂၀၂၃ ခုနှစ် ဇွန် ၉ ရက်တွင် တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း(မှော်ဘီ) သွားရောက်ကြည့်ရှုစစ်ဆေးစဉ် အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီဗဟိုကော်မတီ၏ အတွင်းရေးမှူးချုပ်ရုံးအဖွဲ့ဝင် နိုင်ငံတော်ကောင်စီဝင်နှင့်ပြည်သူ့လုံခြုံရေးဝန်ကြီး ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့ကို လက်ခံတွေ့ဆုံ

## မြန်မာနိုင်ငံသည် တရုတ်နိုင်ငံအတွက် ယုံကြည်စိတ်ချရသည့် နိုင်ငံတစ်နိုင်ငံဖြစ်သကဲ့သို့ တရုတ်နိုင်ငံသည် မြန်မာနိုင်ငံအတွက် ယုံကြည်စိတ်ချရသည့် နိုင်ငံတစ်နိုင်ငံဖြစ်



**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီဗဟိုကော်မတီ၏အတွင်းရေးမှူးချုပ်ရုံးအဖွဲ့ဝင် နိုင်ငံတော်ကောင်စီဝင်နှင့် ပြည်သူ့လုံခြုံရေးဝန်ကြီး H.E. Mr. Wang Xiaohong ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ကို လက်ခံတွေ့ဆုံစဉ်။**

**နေပြည်တော် အောက်တိုဘာ ၃၁** နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီဗဟို ကော်မတီ၏ အတွင်းရေးမှူးချုပ်ရုံး အဖွဲ့ဝင် နိုင်ငံတော်ကောင်စီဝင်နှင့် ပြည်သူ့လုံခြုံရေးဝန်ကြီး H.E. Mr. Wang Xiaohong ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့က ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌရုံး သံတမန်ဆောင်ညီ့ခန်းမ၌ လက်ခံတွေ့ဆုံသည်။

**စာမျက်နှာ ၂၁ ကော်လံ ၁ ☆**

Central Hotel
YANGON
အမှတ် - (၃၅၃ ~ ၃၅၇)၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း - (၉၅-၁) ၈၂၄၁၀၀၁ ~ ၈၂၄၁၀၀၇



ကုမ္ပဏီအခမ်းအနားများ
ပြင်ပအစည်းအဝေးပွဲများ
ကုန်ပစ္စည်းမိတ်ဆက်ပွဲများ
နှစ်ပတ်လည် အခမ်းအနားပွဲများအား
ကျန်းမာရေးစံနှုန်း သတ်မှတ်ချက်များ
နှင့်အညီ ဝန်ဆောင်မှုပေးလျက်ရှိပါသည်..